# PEACE Info (September 29, 2022)


- Myanmar’s Daw Aung San Suu Kyi, Australian Adviser, Three Ministers Jailed for Three Years
- Demands to Free Children Held by Myanmar Junta After School Attack
- Junta troops kill 9 civilians and torch 800 homes in fortnight of raids in Sagaing
- Myanmar Junta Dep. Battalion Commander Killed as Resistance Seizes Base in Karen State
- Myanmar Military Airstrike Kills Junta Soldiers Held Prisoner in Rakhine
- Heavy artillery injures six, including four-year-old girl, in Minbya
- Rakhine Residents Trapped and Going Hungry as Myanmar Military Blockades Villages
- Tatmadaw builds the Union based on Democracy and Federalism: SAC chairman
- Free Expression Myanmar: The Myanmar junta has orchestrated an “information coup”
- Facebook must compensate Rohingyas over hate speech: Amnesty
- Elon Musk Asked to Provide Satellite Internet for Myanmar Fight Against Junta
- ၂၀၂၂ နိုင်ငံရေး စစ်ရေး ရီဗျူး (အပိုင်း ၂)
- ဒေါ်အောင်ဆန်းစုကြည်နှင့် ရှောင်တာနဲလ်အပါ ၅ ဦးကို ထောင် ၃ နှစ်စီချ
- တန့်ဆည်မြို့နယ် ရွာရှည်ရွာ ဒုတိယအကြိမ် မီးရှို့ခံရ
- ဝက်လက်မြို့နယ် လှတောရွာတွင် စစ်ကောင်စီတပ်သား ဦးရေ ၁၅၀ ခန့် အင်အားထပ်ဖြည့်
- ပြည်သူ့ရင်ခွင်ခိုလှုံလာသည့် ရဲတပ်သား ၁ ဦးကို PDF- ထီးလင်းက ကျပ် သိန်း ၆၀ ဆုချီးမြှင့်
- ကုန်းသာတိုက်ပွဲတွင် စစ်ကောင်စီတပ် အသေအပျောက်များ
- ဒီးမော့ဆိုမြို့နယ်၌ စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့်ပစ်ခတ်သဖြင့် ဘုရားကျောင်းပျက်စီးပြီး ကျောင်းသား ၁ ဦး ဒဏ်ရာရ
- ဖာပွန်ခရိုင်က စစ်ကောင်စီတပ် စခန်း ၂ ခု တိုက်ခိုက်ခံရပြီး ၂ ဦး သေဆုံး
- KNLA သိမ်းပိုက်ခဲ့သော အဇင်းစစ်ကောင်စီတပ်စခန်းကို BGF တပ်ဖွဲ့များ ပြန်ထိုင်
- အေအေအကျဉ်းထောင် ဗုံးကြဲတိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်ဖွဲ့ဝင်အချို့ သေဆုံး၊ ဒဏ်ရာရ
- ဒဏ်ရာရ စစ်သားများ ပြန်ခေါ်ရန် AA ပြောသော်လည်း စစ်ကောင်စီ အကြောင်းမပြန်
- ရန်ကုန် - စစ်တွေ ကားလမ်းပိုင်းမှာ AA နဲ့ စစ်ကောင်စီတပ် တိုက်ပွဲပြင်းထန်နေ
- ရခိုင်တွင် စစ်တပ်နှင့် အေအေ တိုက်ပွဲဖြစ်ပွား၊ စစ်တပ်က လက်နက်ကြီးဖြင့်ပစ်သဖြင့် ဒေသခံများ ထွက်ပြေးနေရ
- သံတွဲမြို့နယ် ဂျိုင်သာရွာကို စစ်ကောင်စီက အင်အားအလုံးအရင်းဖြင့် အဓမ္မဖယ်ရှား
- မြောက်ဦးတွင် စစ်တပ်ထောင်ထားသည့်မိုင်း နင်းမိပြီး လူငယ် ၁ ဦး အပြင်းအထန်ဒဏ်ရာရ
- မန်တုံမြို့ရှိ စစ်ကောင်စီတပ်နှင့် ရဲစခန်းကို KIA၊ PDF ပူးပေါင်းတပ်ဖွဲ့ တိုက်ခိုက်
- လဲချားမြို့နယ်အတွင်း စစ်ကောင်စီကို တွေ့ဆုံခဲ့သည့် သျှမ်းတပ်(၂)တပ် တိုက်ပွဲဖြစ်
- ရှမ်းပြည်မြောက်ပိုင်း မန်တုံမြို့မှာ တိုက်ပွဲတွေ ပြင်းထန်နေ
- နမ္မတူမြို့နယ်အတွင်း စစ်ရှောင်သစ် ၃၀၀နီးပါးရှိ စားနပ်ရိက္ခာအကူအညီလိုအပ်
- တရက်တည်း စစ်ကောင်စီတပ်ဖွဲ့ဝင် အယောက် ၇၀ ကျော်သေဆုံး၊ ၁၃ ဦး ထိခိုက်ဒဏ်ရာရ
- စစ်တပ်လက်နက်ကြီး ထိမှန်သေဆုံးခဲ့သည့် လွိုင်ကော်ဒေသခံ ၁ ဦး အပါအဝင် အပြစ်မဲ့ ကျဆုံးပြည်သူ ၂,၃၂၆ ဦးရှိလာ
- အမျိုးသမီးစစ်သည်တွေစုဆောင်းရတဲ့အထိ စစ်ကောင်စီ တပ်ပျက်နေပြီလား (ဓားရိုင်း) (ဆောင်းပါး)
- ဗိုလ်မှူးချုပ်ဟောင်း အုန်းသွင် လုပ်ကြံခံရပြီးနောက် စစ်အရာရှိဟောင်းများ သွေးပျက်

- အသက်ပြည့်လာမည့်သူများနှင့် မဲပေးပိုင်ခွင့်ရှိသူများ ကျန်ရှိနေခြင်းမရှိစေရေး ကောက်သင်းကောက်စနစ်ဖြင့် နိုင်ငံသားကတ်ထုတ်ပေးခြင်းလုပ်ငန်းအား ပန်းခင်းစီမံချက် အဆင့် (၂) ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးပြောကြား
- နစကအနေဖြင့် နိုင်ငံရေးအရ ဖြစ်ပေါ်လာသည့် ပဋိပက္ခများနှင့် ကိုဗစ်-၁၉ ကြောင့် စီးပွားရေးတိုးတက်ရေးကို ဖိဖိစီးစီးဆောင်ရွက်နိုင်ခြင်းမရှိခဲ့ဘဲ လက်ရှိတွင် ပုံမှန်သို့ရောက်ရှိသဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးရန် ကြိုးပမ်းလျက်ရှိကြောင်း နစကဥက္ကဋ္ဌ ပြောကြား
- ချင်းပြည်နယ်တွင် စက်မှုဇုန်ထောင်မည်ဟု စစ်ခေါင်းဆောင်ပြောကြားမှုသည် ပြည်သူများကို လိမ်လည်ခြင်းဖြစ်သည်ဟု ချင်းပြည်နယ်အစိုးရ ဝန်ကြီးဟောင်း တုံ့ပြန်
- ငွေကြေးခဝါချမှု အမည်ပျက်စာရင်းမဝင်ရေး စစ်ကောင်စီ ကြိုးပမ်းနေ
- မြန်မာစစ်တပ်အပေါ် လက်နက်ပိတ်ပင်မှု ပိုမိုထိရောက်ရေး ကန်စဉ်းစား
- ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် UWSA၊ NDAA၊ SSPP အဖွဲ့တို့ တတိယနေ့ တွေ့ဆုံဆွေးနွေး
- စစ်ကောင်စီ နိုင်ငံရေးရပ်တည်ချက်အပေါ် အကဲခတ်တွေအမြင်
- မြန်မာနယ်စပ် ထိုင်းနိုင်ငံ ချိုင်းပကန်းတွင် စိတ်ကြွဆေး ၄ သိန်းကျော်ဖမ်းမိ

-----------------------------------------------------------------

## Myanmar’s Daw Aung San Suu Kyi, Australian Adviser, Three Ministers Jailed for Three Years

By THE IRRAWADDY | 29 September 2022



Sean Turnell and Daw Aung San Suu Kyi

A Myanmar military regime-controlled court on Thursday sentenced the country’s deposed democracy leader Daw Aung San Suu Kyi and members of her economic team, including Australian economist Sean Turnell, to three years’ imprisonment each for violating the Official Secrets Act.

The verdicts were delivered at a special court inside a prison compound in the capital Naypyitaw.

The latest three-year term means Daw Aung San Suu Kyi has been sentenced to a total of 23 years in prison so far in 12 cases filed by the junta.

Turnell, a former key economic adviser to Daw Aung San Suu Kyi’s National League for Democracy (NLD) government, was detained by the junta shortly after last year’s coup, which ousted the NLD government.



From left to right: Detained ministers of planning and finance U Soe Win and U Kyaw Win and deputy planning and finance minister U Set Aung.

He was charged with violating the country’s official secrets law and faced a maximum penalty of 14 years in prison.

The exact details of Turnell’s alleged offense have not been made public, although the junta has said that he had “secret state financial information” in his possesssion and tried to flee the country.

In August, the economist denied the charges, saying documents used as evidence against him contained his recommendations regarding Myanmar’s economy, which he had presented to the NLD government in his role as an economic adviser, and were not secret, a court source said.

Since seizing power, Myanmar’s military regime has detained thousands of pro-democracy protesters, with many facing secret trials that rights groups have decried as politically motivated.

Turnell still faces another charge of violating the Immigration Act.

Also sentenced on Thursday were Daw Aung San Suu Kyi’s planning and finance ministers U Kyaw Win and U Soe Win, and her deputy planning and finance minister, U Set Aung.

Sources close to the trial said Daw Aung San Suu Kyi and the ministers would appeal the verdicts.

"For Sean Turnell, it's not clear how the [Australian] embassy will proceed," a source said.

All five are being held at Naypyitaw Prison, and all present at the court hearing on Thursday appeared to be in good health, the source said.

https://www.irrawaddy.com/news/burma/myanmars-daw-aung-san-suu-kyi-australian-adviser-three-ministers-jailed-for-three-years.html

------------------------------------------------------------------------

## Demands to Free Children Held by Myanmar Junta After School Attack

By **THE IRRAWADDY |** 29 September 2022



Several children were killed in the junta air raid on the Depayin Township school.

Around 20 civilians, including children, are still detained by Myanmar's junta following the attack on the Depayin Township school in Sagaing Region.

At least 12 people, including seven children, were killed in the helicopter and ground assault on the school in the Let Yet Kone village monastery on September 16, where about 200 children were studying.

The regime claimed the school was a resistance stronghold.

Junta troops cremated the bodies and took 12 injured children and some civilians. One child, who suffered serious eye injuries, has been released and the rest remain under detention.

"We talk to the children by phone and they say they are OK. We are not allowed to see them. We heard they are in Ye-U. I heard one child was sent to Yangon, perhaps for surgery," a resident told The Irrawaddy.

One of the children, Maung Zaw Ko Oo, has died in detention, according to Daw Aye Mar Swe, a teacher at the school.

She urged the international community to hold the perpetrators accountable.

"No matter what material assistance is given to Myanmar, we will have to flee unless the dictatorship is defeated. Please help us to end the dictatorship. I urge the world not to ignore Myanmar," she said.

The regime claimed only two children were seriously injured in the attack and has made no statement about the condition of the detainees.

A Depayin volunteer helping displaced people called on the regime to hand over the children.

“The parents are extremely concerned about their health. This cannot happen again,” he said.

United Nations children’s charity Unicef and Save the Children have been criticized for only offering condolences and not blaming the regime for the attack.

Ko Bo Kyi of the Assistance Association for Political Prisoners said: “NGOs must help those in need without fear or favor. It seems they are trying not to offend the regime. It is unacceptable. From their statements, we can see that they fear the regime more than Myanmar’s citizens do. The statements did not even mention that the junta attacked the school.”

Naw Susanna Hla Hla Soe, minister for women, child and youth affairs for the civilian National Unity Government, said on Monday that her shadow ministry has not been able to contact Unicef’s office in Myanmar.

The International Committee of the Red Cross has not commented on the massacre.

The organization previously mediated with the ethnic armed organizations for the release of prisoners of war and should now urge the regime to hand back the children, according to civil society organizations.

https://www.irrawaddy.com/news/burma/demands-to-free-children-held-by-myanmar-junta-after-school-attack.html

--------------------------------------------------------------------------------

**Junta troops kill 9 civilians and torch 800 homes in fortnight of raids in Sagaing**

Military forces targeted 20 villages around Taze township.

By RFA Burmese | 2022.09.29



Taze township’s People’s Defense Force. Taze News

More than 800 houses in 20 villages have been destroyed by junta troops and nine civilians killed over the past two weeks in junta raids on Taze township in Myanmar’s Sagaing region according to locals.

Six people were killed in Oke Hpo Aing village, two from Gway Kone, and one from Aung Chan Thar.

Two military columns of around 100 junta troops invaded villages around Taze township between Sept. 16 and Sept. 28.

"35 homes were torched in the east of the village when the military column left at four in the morning after they spent the night there," a resident of Kar Paung Kya village told RFA.

Homes were burned down in 20 villages, including Oke Hpo Aing, Aung Chan Thar, Yae U Kone, Inn Bat, Oe Thei Kone, Pay Kone, Gway Kone, Bay Yin Ywar Thit, Na Bet Gyi, Na Bet Nge, locals said.

There were 16 clashes between junta troops and People's Defense Forces in Taze township. Fighting and mine explosions caused the deaths of five PDF members and roughly 50 junta soldiers, according to the local PDF.

The number of military deaths has not been independently verified.

RFA contacted Aye Hlaing, a spokesman for the military council in Sagaing region, but he did not respond.

Myanmar's military killed nearly 643 civilians and burned down almost 20,524 houses in Sagaing region in the year since Sept. 15, 2021, when authorities cut off internet access to townships where anti-junta armed resistance is strongest, RFA reported on Wednesday. The figures were compiled by RFA's Burmese service.

https://www.rfa.org/english/news/myanmar/junta-kill-9-sagaing-09292022040616.html

--------------------------------------------------------------------------------

## Myanmar Junta Dep. Battalion Commander Killed as Resistance Seizes Base in Karen State

By **THE IRRAWADDY |** 29 September 2022

Thirteen Myanmar junta soldiers including a deputy battalion commander were killed in Kyainseikgyi Township, Karen State on Wednesday when ethnic Karen resistance fighters and a People's Defense Force (PDF) group occupied a military base.

Early on Wednesday, troops from the Karen National Liberation Army (KNLA), the armed wing of the Karen Nation Union, and the Special Operation Force (SOF), a resistance group, raided forces from the regime's Infantry Battalion 283 stationed in a hilltop pagoda in the township.

During an hourlong firefight, 13 junta soldiers including a deputy battalion commander were killed, a resistance officer told The Irrawaddy.

The SOF said 17 other regime soldiers fled the raid. Fifteen weapons and a quantity of ammunition were seized after resistance forces occupied the military base.

Resistance video and photos show the bodies of regime soldiers killed during the raid.

On Sept. 20, the KNLA and allied PDF groups occupied a junta outpost in Kawkareik Township, killing about 15 junta soldiers. The KNLA have seized at least five military outposts in Karen State since the military coup last year.

The KNU reported in August that it had been involved in 6,356 clashes with junta forces since the 2021 coup, killing around 5,125 soldiers and injuring an estimated 4,174. Meanwhile, it had lost 137 resistance fighters in the incidents.

https://www.irrawaddy.com/news/burma/myanmar-junta-dep-battalion-commander-killed-as-resistance-seizes-base-in-karen-state.html

------------------------------------------------------------------------------------------

## Myanmar Military Airstrike Kills Junta Soldiers Held Prisoner in Rakhine

By THE IRRAWADDY | 29 September 2022

At least two Myanmar junta soldiers being held prisoner by the Arakan Army (AA) were reportedly killed in northern Rakhine state last week, while a number of others were injured, when regime jets bombed prison cells holding Myanmar military detainees, according to the AA.

On September 23 three junta jets carried out a 30 minute airstrike on a mountaintop in Maungdaw Township, hitting two prison cells where captured regime soldiers and police were being detained by the ethnic Rakhine armed organization.

Two junta troops died of injuries received in the airstrike. The AA said that some of those seriously injured have little hope of surviving, despite being treated by the AA.

Although the AA told the military to come and collect the wounded detainees for proper medical treatment, the junta did not respond.

In a video released by the AA, a sergeant wounded in the airstrike who has been in the Myanmar military for over 20 years said he felt abandoned despite his loyal service.



An Arakan Army fighter helps a junta soldier wounded in a regime airstrike. Photo- AA

"They [the military] don't even look at the situation we are in. I am sad," said the sergeant, who was named as Aung Aung.

Over 150 regime forces, including prisoners and those who defected or surrendered, have been detained by the AA. Some of them have since been allowed to leave for undisclosed locations.

Military regime personnel who no longer want to serve the junta have also been invited to join the AA.

After an informal ceasefire in Rakhine State broke down last November, the AA and Myanmar military have been clashing in Buthidaung, Maungdaw, Rathedaung, Kyauktaw, Minbya and Mrauk-U townships in Rakhine, as well as in neighboring Paletwa Township in Chin State.

Junta forces have reportedly lost more than 36 bases and outposts and suffered heavy casualties in the fighting.

https://www.irrawaddy.com/news/burma/myanmar-military-airstrike-kills-junta-soldiers-held-prisoner-in-rakhine.html

-------------------------------------------------------------------------------

## Heavy artillery injures six, including four-year-old girl, in Minbya

Regime forces deliberately targeted three villages from five different locations near the Rakhine State town, residents said

Nan Oo Nway | Published on Sep 29, 2022



Shelling by regime forces injured at least six civilians, including a four-year-old girl, in three different villages in Rakhine State's Minbya Township on Tuesday, according to local sources.

Residents of the area told Myanmar Now that junta troops stationed around the town of Minbya fired multiple rounds of heavy artillery early Tuesday morning, hitting the nearby villages of Khaung Laung Chaung, Hpa Laung Pyin, and Setkayae.

The shelling came from five locations, including three Light Infantry Battalion (LIB) bases—279, 380, and 541—and outposts at the town's Min Bar Gyi jetty and Wet Kyein Taung pagoda.

One shell fell inside Khaung Laung Chaung, four in Hpa Laung Pyin, and three in Setkayae, locals said. All three are within 13km of Minbya, and less than 8km from each other.

Two of the victims—four-year-old Khaing Myo Zan and 18-year-old Kyaw Naing Oo—were from Hpa Laung Pyin, while the others—San Goe Aung, 60, Kywin Kyan, 60, and 45-year-old Hnin Che and her son Aung Naing Linn—were from Setkayae, sources said.

According to a local resident, the two from Hpa Laung Pyin sustained relatively minor injuries, while the four from Setkayae had to be hospitalised.

There had been no fighting in the area between the military and the Arakan Army (AA) before the shelling started, a Hpa Laung Pyin villager told Myanmar Now.



Hpa Laung Pyin resident Kyaw Naing Oo, 18, shows a shrapnel injury on his back caused by shelling on September 27 (Supplied)

"They set up four heavy weapons at the Min Bar Gyi jetty and deliberately targeted the villages. The army, navy and air force were all involved in the attacks," said the villager, noting that a junta aircraft had also been spotted in the area.

Several houses were also destroyed in the attacks, including one in Khaung Laung Chaung, two in Hpa Laung Pyin, and six in Setkayae, locals said.

On Monday, the AA clashed with junta forces near Khaung Laung Chaung for about half an hour after attacking two military marine vessels on the Kywel Kuu River.

A pregnant woman and two children were injured when troops aboard the boats opened fire with heavy artillery, local sources reported.

Residents of several villages in the area, including Khaung Laung Chaung, Hpa Laung Pyin, Setkayae, Chaung Shay, and Kyar Yae Pyin, have been displaced by the military's assaults.

Since August, the military and the AA have been engaging in serious clashes in Buthidaung, Maungdaw, Minbya, Mrauk-U, Rathedaung and Taungup townships in Rakhine State and Paletwa in southern Chin State.

https://www.myanmar-now.org/en/news/heavy-artillery-injures-six-including-four-year-old-girl-in-minbya

--------------------------------------------------------------------------

## Rakhine Residents Trapped and Going Hungry as Myanmar Military Blockades Villages

By THE IRRAWADDY | 29 September 2022

Residents of northern Maungdaw Township in Rakhine State are trapped in their villages without food and medicine, as military regime forces continue to block access to the region in western Myanmar.

The blockade has intensified since ethnic Rakhine armed organization the Arakan Army (AA) seized junta outposts following fighting with the military along the Myanmar-Bangladesh border in early August.

A resident of Tamanthar Village told The Irrawaddy: "We have to eat banana plants now. We ran out of cooking oil a long time ago. We can't flee to Maungdaw Town as the military checkpoint in Kyeinchaung Village won't let us pass. They are using the four cuts strategy against us."

The four cuts strategy was first developed by the Myanmar military in the 1960s and used against the Communist Party of Burma and the Karen National Union, Myanmar's oldest ethnic armed group. The strategy is designed to cut access to food, funding, intelligence and recruits for rebel groups by targeting every village that is thought to have ties with them.

One resident of Nanthartaung Village said: "The military told the abbot of our village monastery that we can go to Maungdaw Town, but it can't guarantee our safety while traveling. And when vehicles came to take us to town, they were stopped at the checkpoint in Kyeinchaung Village."

Teachers are also trapped in Nanthartaung Village along with locals. Villagers who fall sick are suffering as there is no medicine and they can't receive treatment at clinics and hospitals because of the blockade.

The regime has isolated all of northern Maungdaw, blocking all waterways in the area, as well as the roads linking Maungdaw and Rathedaung and Rathedaung and Ponnagyun townships.

Junta forces have also established numerous security checkpoints along the Yangon-Sittwe Road in Sittwe, Ponnagyun, Kyauktaw, Mrauk-U, Minbya, Myebon and Ann townships, and are carrying out tight checks on buses and cargo trucks. Currently, passenger buses are barely operating.

Some villagers were able to flee to Maungdaw Town on August 28 and 29, when the regime briefly opened the security checkpoint at Kyeinchaung Village.

Around 1,000 villagers are now sheltering in Maungdaw Town. With the junta not providing any supplies and a lack of aid donors, town residents are giving them food and shelter, former Maungdaw lawmaker U Maung Ohn told The Irrawaddy.

The AA and the Myanmar military have been clashing since early August along the Myanmar-Bangladesh border in northern Maungdaw.

At least two junta outposts have reportedly been seized by the AA, one at mile post No. 40 on the frontier and another one mile from the border guard police base in Kyeinchaung Village.

Regime forces have also lost five outposts to the AA near the Myanmar-India border in Chin State's Paletwa Township, which borders northern Rakhine, since early August. Junta soldiers have also withdrawn from some of their outposts in Paletwa Town after being besieged by the AA.

https://www.irrawaddy.com/news/burma/rakhine-residents-trapped-and-going-hungry-as-myanmar-military-blockades-villages.html

-------------------------------------------------------------------------------

**Tatmadaw builds the Union based on Democracy and Federalism: SAC chairman**

PUBLISHED 29 SEPTEMBER 2022

NAYPYITAW----The Tatmadaw is paving the way for multiparty democracy for the State by building the Union based on democracy and federalism. Deserved federal rights will be given, Chairman of State Administration Council (SAC) made a speech at the SAC meeting (8/2022) held in Nay Pyi Taw on September 27th.

"With regard to peace, the second phase of talks is in progress. No one must turn a blind eye to the Constitution (2008) and the Nationwide Ceasefire Agreement-NCA. Ethnic armed organizations demanded an amendment to the Constitution. Amendments can be based on voting at the Hluttaw. The government is striving for holding a free and fair election. And the government is meeting with EAOs to seek the agreements in advance," said Senior General Min Aung Hlaing.

https://elevenmyanmar.com/news/tatmadaw-builds-the-union-based-on-democracy-and-federalism-sac-chairman

------------------------------------------------------------------------------------------

**Free Expression Myanmar: The Myanmar junta has orchestrated an "information coup"**

By Mizzima | 29 September 2022




*Mizzima's newsroom is pictured following a raid by security forces.*

According to rights group Free Expression Myanmar as the world marks International Day for Universal Access to Information, the people of Myanmar face propaganda, disinformation, and secrecy under the military's "information coup".

It says that the Myanmar junta has devised, orchestrated and intensified a vast "information coup" since the February 2021. Their aim is to starve people of information that they need to make good decisions about their lives, for their families, and for their communities.

Free Expression Myanmar has identified what it says are the six parts of this "information coup." These are:

**1. Public information disappeared**

The military has hidden what they do, including information on budgets, contracts, education, health, agriculture, justice, economics, laws, policies, and directives, among other subjects. Statistical information has disappeared or is unreliable. Widespread secrecy is likely to conceal

widespread corruption. Without the transparency of public access to information, the military is unaccountable, behaves with impunity and is unrestrained from misappropriating public resources.

**2. Information became a threat to "national security"**

All information has effectively been classified as a state secret and a matter of so-called "national security" for the military. Asking for information from the military or any part of the military-controlled State has become high risk. Any attempt to request information is seen as deeply suspicious. Fact-checking, even on the most innocuous subject, is dangerous.

**3. Information replaced by propaganda**

The military's old propaganda machine has returned. Military press conferences deny facts and create a fictional reality. Ministries have become information bunkers keeping the public out. State media publishes and republishes only information that portrays the military positively. Much of the propaganda is disinformation and contains knowingly inaccurate, misleading, or false news, facts, and allegations. Some of the propaganda appears to want to incite hostility, discrimination, or violence.

**4. Private information seized**

The military has not been satisfied with the amount of public information under its control, and has actively tried to seize more information, much of it private. The military has set up large networks of CCTV cameras, ordered banks to track payments, moved forward with e-IDs, and forced mobile telecom companies to collect personal information and monitor their customers.

**5. Sources of independent information attacked**

Independent sources of information, such as television and radio broadcasters, print media, digital media, and printing houses have been banned, blocked, and forced into exile. The Broadcasting Law and Penal Code were amended to increase possible sanctions for sharing information. A sham Press Council was appointed full of military proxies. Many journalists have been subject to violence and detained for doing journalism and trying to uncover information. Almost all journalists have been forced to operate underground or from areas not controlled by the military.

**6. Internet platforms and access curbed**

The military has attacked technology enabling the public access to information. Whitelisting and blacklisting policies have blocked access to large parts of the internet, including social media platforms such as Facebook. The military has announced new military-controlled social media platforms to replace global platforms. The military has set up checkpoints to check people's devices, detaining those who have certain applications, including VPN software. The military has also increased data prices and SIM card tax in order to make accessing information expensive too.

Free Expression Myanmar says that the military's six attacks on the right to access information have been severe but were also built upon previous failures to adequately protect the right. Before the coup started on 1 February 2021, Free Expression Myanmar's investigations in partnership with journalists nationwide found that public officials were inaccessible, information was regarded as government property, secrecy was rampant, and any request for information was treated, at best, with suspicion and at worst, with arrest. But the then government and various State institutions did at least commit to improving. For example, by committing in their policy plan to a future law guaranteeing the right to information. Since 1 February 2021, even that commitment has disappeared under the military's "information coup".

https://mizzima.com/article/free-expression-myanmar-myanmar-junta-has-orchestrated-information-coup

--------------------------------------------------------------------------------

## Facebook must compensate Rohingyas over hate speech: Amnesty

By AFP |29 September 2022



*A woman checks Facebook on her phone in Yangon on Feb. 4, 2021, days after Myanmar's generals seized power. Photo: AFP*

Facebook should pay reparations to the hundreds of thousands of Rohingyas forced from their homes in Myanmar in a campaign exacerbated by rampant online hate speech, Amnesty International said in a report Thursday.

The Rohingyas, a mainly Muslim minority, were targeted by Myanmar's military rulers in 2017 and driven into neighbouring Bangladesh, where they have since lived in sprawling refugee camps.

Victims' associations and rights advocates say the violence was ramped up by Facebook's algorithms, saying they play up extremist content that encourages harmful disinformation and hate speech.

"Many Rohingya tried to report anti-Rohingya content via Facebook's 'report' function" but to no avail, "allowing these hateful narratives to proliferate and reach unprecedented audiences in Myanmar," Amnesty said in its report.

It noted the revelations from the whistle-blower "Facebook Papers" divulged in October 2021, indicating that company executives knew the site fuelled the spread of toxic content against ethnic minorities and other groups.

Three legal suits have been lodged against Facebook by Rohingya representatives, in the US and Britain as well as with the OECD group of developed economies, under its guidelines for responsible business conduct.

In the US complaint, filed last December in California, the home state of Facebook and its parent company Meta, refugees are seeking $150 billion in damages.

"Meta's refusal to compensate Rohingya victims to date -– even where the community's modest requests represent crumbs from the table of the company's enormous profits -– simply add to the perception that this is a company wholly detached from the reality of its human rights impacts," Amnesty said.

The NGO urged Facebook to undertake "proactive human rights due diligence" across its platforms, but also called on national authorities to step up their oversight.

"It is imperative that states fulfil their obligation to protect human rights by introducing and enforcing effective legislation to rein in surveillance-based business models across the technology sector," it said.

Facebook has vowed to revamp its corporate values and operations in response to pressure to clamp down on false information, particularly with regards to politics and elections.

The company has forged partnerships with several media companies, including AFP, intended to verify online posts and remove those that are untrue.

https://mizzima.com/article/facebook-must-compensate-rohingyas-over-hate-speech-amnesty-0

-----------------------------------------------------------------------------

## Elon Musk Asked to Provide Satellite Internet for Myanmar Fight Against Junta

By THE IRRAWADDY |30 September 2022



Elon Musk in February. / AFP

Activists in Myanmar have asked SpaceX and Tesla founder Elon Musk to provide uncensored internet across the country amid the junta's shutdowns in anti-regime strongholds.

Musk's satellite internet firm, Starlink, began operating in Iran this week, amid protests that have caused more than 40 deaths, and it provides services in Ukraine after communications were disrupted by Russia's invasion.

According to Access Now, at least 54 of Myanmar’s 330 townships have internet blackouts, while the junta blocks access to websites and social media platforms, including Facebook, a primary channel for communication. In resistance strongholds, the junta has also cut mobile phone communications.

The civilian National Unity Government’s communications minister U Htin Lin Aung asked Musk to offer Starlink to Myanmar after the service was provided in Ukraine and Iran.

Justice for Myanmar stated this week that the junta is taking control of all mobile networks, directly and through proxies, to build a digital dictatorship. Censorship, internet shutdowns and surveillance are routine, the activist group said.

“Stand with the people of Myanmar. Activate #Starlink,” it said.

Access has been cut in Sagaing and Magwe regions and Chin State, where resistance forces are strong. The blackout impedes the release of information about the conflict.

Messages on Thursday on Facebook and Twitter said Myanmar urgently needed Musk’s help.

One user said the internet shutdown was intended to stop the international community from seeing evidence of junta atrocities.

Myanmar needs Starlink to record crimes and to hold the junta to account, he wrote. “Help us and save lives,” he added.

Myanmar is unified in opposing the junta which seized power in February last year.

At least 2,324 people, including nearly 300 children, have been killed by regime troops and more than 15,600 people have been detained.

https://www.irrawaddy.com/news/burma/elon-musk-asked-to-provide-satellite-internet-for-myanmar-fight-against-junta.html

--------------------------------------------------------------------------------

## ၂၀၂၂ နိုင်ငံရေး စစ်ရေး ရီဗျူး (အပိုင်း ၂)

ဗညားအောင် | 29 September 2022

**စကစ၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲ**

၂၀၂၁ ခုနှစ်အတွင်း ငြိမ်းချမ်းရေးကော်မတီ သုံးခုဖွဲ့ပြီး EAO များဖြင့် ငြိမ်းချမ်းရေး ကမ်းလှမ်းခဲ့သော်လည်း အောင်မြင်မှုမရခဲ့ပေ။ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်တွင် စကစ ဥက္ကဋ္ဌကိုယ်တိုင် တွေ့ဆုံမည်ဟု ဖိတ်ခေါ်ခဲ့သည်။ NCA ထိုးထားသော ၇ ဖွဲ့၊ NCA မထိုးထားသည့် အဖွဲ့ ၃ ဖွဲ့က တွေ့ဆုံမည်ဟု စာရင်းပေးခဲ့၏။

လက်တွေ့တွင် NCA ထိုးပြီးသည့် အဖွဲ့ ၇ ဖွဲ့ တွေ့ဆုံခဲ့ပြီး RCSS, DKBA, KNU-PC အဖွဲ့ ၃ ဖွဲ့သာ ဥက္ကဋ္ဌများလာတွေ့ခဲ့ပြီး ကျန် ၄ ဖွဲ့မှ ဒုတိယတန်း ခေါင်းဆောင်များသာ လာတွေ့ရသည်။ ထို့ပြင် လာတွေ့သည့် LDU အတွင်းရေးမှူးအား LDU ဥက္ကဋ္ဌက တာဝန်က ဖယ်ရှားသည်ကို တွေ့ရသည်။ ထို ၇ ဖွဲ့ထဲမှ လက်ရှိ

အင်အားရှိသည်ဟုဆိုရမည်မှာ RCSS တဖွဲ့သာရှိသည်။ RCSS မှာလည်း SSPP, UWSA, TNLA တို့နှင့် စစ်ရေးပဋိပက္ခဖြစ်ပြီး ရှမ်းမြောက်နှင့်ရှမ်းတောင်ရှိ နယ်မြေများမှ ဆုတ်ခွာပေးရသည့်အချိန်တွင် စကစနှင့် ပူးပေါင်းလိုက်ခြင်းဖြစ်သည်။

NCA မထိုးထားသော ၃ ဖွဲ့အနက် UWSA နှင့် NDAA တို့မှ ဒုဥက္ကဋ္ဌများ လာရောက်တွေ့ဆုံသည်။ ထိုနှစ်ဖွဲ့က ၎င်းတို့လိုလားသည့် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသတို့ကို တောင်းဆိုမှုရှိသော်လည်း တကယ်လက်တွေ့တွင် လက်ရှိအပစ်ရပ်ထားပြီး ၎င်းတို့ဒေသအား ၎င်းတို့အုပ်ချုပ်နေသည့် အနေအထားအား ခိုင်မာအောင် ပြုလုပ်သည်သာ ရှိသည်။ သီးခြားနိုင်ငံရေးအရ ဆက်လက်ဆွေးနွေးမည့် အလားအလာမတွေ့ရပါ။

SSPP ကတော့ တပ်စခန်းများ ဆုတ်ခွာရေးနှင့် ပတ်သက်၍ ပြေလည်မှုရှိပါမှ စကစ ဥက္ကဋ္ဌက တွေ့မည်ဟု ဆိုသည်။ လက်ရှိတွင် စစ်တပ်က SSPP အား အကြိမ်ကြိမ် ရာဇသံပေးနေသော်လည်း SSPP, UWSA မှ ဆုတ်ပေးရန်မရှိဘဲ ပြန်လည်တိုက်ခိုက်ရန် ပြင်ဆင်ထားသည်ဖြစ်ရာ SSPP နှင့် စကစ တွေ့ဆုံရေးမှာ စကစဘက်မှ အလျှော့ပေးမှ ဖြစ်နိုင်မည်အခြေဆိုက်နေသည်။ သို့သော် ဇူလိုင်လကုန်ပိုင်းတွင်တော့ ပို၍တင်းမာနေသည်ကို တွေ့ရသည်။ နောက်ဆုံး ရာဇသံပေးနေသော စကစ က လေသံလျှော့ပြီး SSPP နှင့် တွေ့ဆုံလိုက်ရသည်ကို တွေ့ရ၏။

*လက်ရှိ စကစသည် နိုင်ငံရေး၊ စစ်ရေးအကျပ်အတည်းတွေ့နေရာ တိုင်းရင်းသားများအခွင့်အရေး တစုံတရာ အလျှော့ပေးနိုင်ဖွယ်ရာရှိသည်ဟု ယူဆ၍ သွားရောက်တွေ့ ဆုံကြသည့်အခါ ဒို့တာဝန်အရေး ၃ ပါး၊ တပ်မတော်၏ နိုင်ငံရေးမူ ၆ ချက်နှင့် ၂၀၀၈ အခြေခံဥပဒေတို့မှ တပြားသားမှ မလျှော့ရာ စကစ၏ ဖက်ဒရယ်ဆိုသည်မှာ ဆိတ်ခေါင်းချိတ်၍ ခွေးသားရောင်းသည်ထက် မပိုကြောင်း တွေ့လိုက်ကြရသည်။*

ထို့ပြင် လက်ရှိ စကစသည် နိုင်ငံရေး၊ စစ်ရေးအကျပ်အတည်းတွေ့နေရာ တိုင်းရင်းသားများအခွင့်အရေးနှင့် ပတ်သက်၍ တစုံတရာ အလျှော့ပေးနိုင်ဖွယ်ရာရှိသည်ဟု ယူဆ၍ သွားတွေ့သည့်အဖွဲ့အချို့လည်း ရှိသည်။ ယခုအခါ ဖက်ဒရယ်ဆိုသည်ကို ဆီမန်း မန်းသကဲ့သို့ ရေရွတ်လာသော စကစကြောင့် ဤသို့တွေးထင်ကြပုံရသည်။

သို့သော် လက်တွေ့သွားရောက်တွေ့ ဆုံကြသည့်အခါ စကစသည် ဒို့တာဝန်အရေး ၃ ပါး၊ တပ်မတော်၏ နိုင်ငံရေးမူ ၆ ချက်နှင့် ၂၀၀၈ အခြေခံဥပဒေတို့မှ တပြားသားမှ မလျှော့ရာ စကစ၏ ဖက်ဒရယ်ဆိုသည်မှာ ဆိတ်ခေါင်းချိတ်၍ ခွေးသားရောင်းသည်ထက် မပိုပေရာ စိတ်ပျက်လက်ပျက်ဖြစ်ကြရသည်ကို တွေ့ရှိရသည်။

ထို့ပြင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအနေနှင့် လက်နက် ဆက်လက်ကိုင်လိုပါက စစ်တပ် သို့မဟုတ် နယ်ခြားစောင့်တပ်တွင်း ဝင်ရမည်ဟု စကစ ဥက္ကဋ္ဌက ဆိုခဲ့သဖြင့် တိုင်းရင်းသားအဖွဲ့များ စိတ်ပျက်လက်ပျက် ဖြစ်နေခဲ့ကြ၏။ စကစ၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဖိတ်ခေါ်သည့်ရည်ရွယ်ချက်မှာ PDF အား ဦးတည်ချေမှုန်းနိုင်ရေးအတွက် တိုင်းရင်းသားအဖွဲ့များကို ခွဲထုတ်ပြီး အပစ်ရပ်ရန် ရည်ရွယ်ခြင်းသက်သက်သာ ဖြစ်သည်ကို တွေ့ရသည်။



စစ်အာဏာသိမ်းတပ်ဖွဲ့များ ၂၀၂၁ ဖေဖော်ဝါရီလအတွင်း ရန်ကုန်သို့ ဝင်ရောက်လာခဲ့စဉ်

ထို့ပြင် စကစ၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် လက်ရှိ စစ်အင်အားရှိပြီး တကယ်တိုက်ခိုက်နေသည့် တိုင်းရင်းသားအဖွဲ့များ မပါရာ တကယ်တမ်း ငြိမ်းချမ်းရေးလည်း မရနိုင်ပေ။ ပြည်တွင်းအကျပ်အတည်း ကြီးချိန်တွင် တိုင်းရင်းသားအဖွဲ့များအား လိုက်လျောမှုများပြုလုပ်ပြီး ပြည်တွင်းအခြေအနေကို ထိမ်းသိမ်းနိုင်ပါက တိုင်းရင်းသားအဖွဲ့များအား ပြန်လည်ဖိအားပေးနိုပ်ကွပ်သည့် မြန်မာစစ်တပ်၏အကျင့်နှင့်

ရည်ရွယ်ချက်ကို ကောင်းစွာ နဖူးတွေ့ဒူးတွေ့ တွေ့ကြုံခဲ့ဖူးသော တိုင်းရင်းသားအဖွဲ့များအနေနှင့် စကစ၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ချက်ကို ယုံကြည်ကြရန် မဖြစ်နိုင်ပေ။

ထို့ပြင် လက်တွေ့စစ်မြေပြင်တွင် တိုင်းရင်းသားအဖွဲ့များနှင့် PDF များသည် အတူတကွ အပြန်ပေါင်းစပ်ပြီး ရပ်တည်နေကြရာ တိုင်းရင်းသားအဖွဲ့များအား သီးခြားခွဲထုတ်ပြီး အပစ်ရပ်ရန် မဖြစ်နိုင်ပေ။

**စကစ၏ စစ်တပ်**

လက်ရှိ စစ်တပ်အခြေအနေမှာ သမိုင်းတွင် အဆိုးဆုံးဖြစ်သည်။ တပ်ရင်းအလိုက် တိုက်ခိုက်ရေးအင်အား သိသာစွာလျော့ကျနေသည်။ တပ်တွင်း၌ သက်ကြီးရွယ်အို အချိုးအစား မြင့်တက်နေသည်။ တိုက်စိတ်ခိုက်စိတ် ကျဆင်းနေသည်။ တိုက်ရည်ခိုက်ရည် ကျဆင်းနေသည်။ လေကြောင်းနှင့် လက်နက်ကြီးပစ်ကူ မပါလျှင် ခြေလျင်တပ်က စစ်မတိုက်နိုင်တော့။ တပ်သားသစ်သာမက ဗိုလ်လောင်းပင် စုဆောင်းရန် အခက်အခဲရှိနေသည်။ လက်ရှိကာလတွင် မီးသတ်၊ ရဲနှင့် ဝန်ထမ်းများကို လုံခြုံရေးအင်အားများအဖြစ် စုစည်းနေသကဲ့သို့ ဒေသအသီးသီးတွင် ပြူစောထီးများ၊ ပြည်သူ့စစ်များ ဖွဲ့စည်းနေသည်။

*လက်ရှိစကစ၏ စစ်တပ်သည် စည်းကမ်းပိုင်းအရ လိုက်နာမှုမရှိသော၊ ကျင့်ဝတ်ပိုင်းအရ ဂုဏ်သိက္ခာကင်းမဲ့သော စစ်တပ်ဖြစ်နေသည်။ ထိုသို့သော စစ်တပ်၏အနာဂတ်သည် ကောင်းနိုင်ဖွယ်ရာမရှိပေ။*

စစ်ကြောင်းများသည် စစ်ဆင်ရေးဝင်ရောက်နယ်မြေများတွင် အရပ်သားပစ္စည်းများ ထင်သလို ယူဆောင်ခိုးယူလုယက်ခြင်း၊ အရပ်သားအိုးအိမ်များကို မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်နေရာ ကျင့်ဝတ်နှင့် စည်းကမ်းမရှိသည့် စစ်တပ်ဖြစ်နေသည်။ မြို့ပြများတွင်လည်း ဝင်ရောက်ဖမ်းဆီးသည့်နေအိမ်များမှ အရပ်သားပိုင်ပစ္စည်းများအား ထင်သလို သိမ်းဆည်းယူဆောင်နေကြသည်။ ထို့ပြင် မသက်ဆိုင်သည့် အရပ်သားများဖမ်းဆီးပြီး ငွေညှစ်ခါ ပြန်ပေးဆွဲသကဲ့သို့ ပြုမူနေကြသည်။ သို့ဖြစ်ရာ လက်ရှိစကစ၏ စစ်တပ်သည် စည်းကမ်းပိုင်းအရ လိုက်နာမှုမရှိသော၊ ကျင့်ဝတ်ပိုင်းအရ ဂုဏ်သိက္ခာကင်းမဲ့သော စစ်တပ်ဖြစ်နေသည်။ ထိုသို့သော စစ်တပ်၏အနာဂတ်သည် ကောင်းနိုင်ဖွယ်ရာမရှိပေ။

## တပြည်လုံးအနှံ့ ပုန်ကန်မှုများ

လက်ရှိ ၂၀၂၂ ခုနှစ် စက်တင်ဘာလအထိ တွေ့ရှိရမှုမှာ ကချင်ပြည်နယ်တွင် အရှေ့မြောက်ဘက်ရှိ ချီဖွေ၊ ပန်ဝါ၊ ဖီမော် ဒေသမှအပ တပြည်နယ်လုံးတွင် တိုက်ပွဲများဖြစ်ပွားနေသည်။ ကချင်ပြည်နယ်တွင် KIA, PDF တပ်ဖွဲ့များလှုပ်ရှားနေ၏။ ချင်းပြည်နယ်တွင် တပြည်နယ်လုံးနီးပါး ပုန်ကန်တော်လှန်မှု ဖြစ်ပွားနေသည်။ ချင်းပြည်နယ်တွင် CNF, CDF တပ်ဖွဲ့များလှုပ်ရှားနေ၏။ ရခိုင်ပြည်နယ်တွင် ၂၀၂၂ ခုနှစ် နှစ်လယ်ပိုင်းမှစ၍ စစ်ရေးတင်းမာမှုများ စတင်ခဲ့ပြီး ယခုအခါ ရခိုင်မြောက်ပိုင်းတွင် တိုက်ပွဲများ ပြင်းပြင်းထန်ထန် ဖြစ်ပွားနေကာ တပြည်နယ်လုံးတွင် စစ်ရေးတင်းမာနေ၏။ ရခိုင်တွင် ULA, AA တပ်ဖွဲ့ အဓိက လှုပ်ရှားနေသည်။ ကရင်နီ၊ ကရင်၊ မွန်ပြည်နယ်တို့တွင်လည်း ပြည်နယ်အနှံ့ တိုက်ပွဲများ ဖြစ်ပွားနေ၏။

ကရင်နီတွင် KNPP, KNDF, PDF တပ်ဖွဲ့များ၊ ကရင်နှင့်မွန်ပြည်နယ်တွင် KNU, PDF တပ်ဖွဲ့များ အဓိကလှုပ်ရှားနေသည်။ မွန်ပြည်သစ်ပါတီကတော့ တိုက်ပွဲများတွင် ပါဝင်ခြင်းမရှိပါ။ ရှမ်းပြည်နယ်တွင်မူ ရှမ်းပြည်မြောက်ပိုင်းတွင် တိုက်ပွဲများဖြစ်ပွားနေသကဲ့သို့ စစ်ရေးတင်းမာမှုများ မြင့်တက်နေသည်။ ရှမ်းမြောက်တွင် KIA, MNDAA, TNLA, SSPP, PDF တို့ လှုပ်ရှားနေ၏။ ရှမ်းပြည်တောင်ပိုင်းနှင့် အရှေ့ပိုင်းတွင် တိုက်ပွဲမရှိပေ။ မြန်မာစစ်တပ် တိုက်ပွဲလုံးဝမရှိသည့် ဒေသဟုဆို၍ရ၏။ သို့သော် ထိုဒေသတွင် UWSA, NDAA, SSPP စသည့် စစ်အင်အားတောင့်တင်းသည့် မြောက်ပိုင်းမဟာမိတ်အဖွဲ့ဝင်များ ရှိသည်။ RCSS ကမူ စကစနှင့် အပစ်ရပ်ထား၏။

ရှမ်းတောင်တွင် SSPP နှင့် စစ်ရေးတင်းမာမှုရှိနေပြီး မြန်မာစစ်တပ်က လိုက်လျောမှုမပြုပါက တိုက်ပွဲအချိန်မရွေး ဖြစ်ပွားနိုင်သည်။

ပြည်မရှိ တိုင်းများကိုကြည့်ပါက စစ်ကိုင်းတွင် တတိုင်းလုံး တိုက်ပွဲများဖြစ်ပွားနေ၏။ မကွေးတိုင်းတွင် ဧရာဝတီအနောက်ခြမ်းရှိ ပခုက္ကူခရိုင်၊ ဂန့်ဂေါခရိုင်၊ သရက်ခရိုင်၊ မင်းဘူးခရိုင်တို့တွင် တိုက်ပွဲများဖြစ်ပွားနေသည်။ မန္တလေးတိုင်းတွင် မန္တလေးမြို့ပေါ်၊ မြင်းခြံခရိုင်၊ သပိတ်ကျင်းခရိုင်၊ ကျောက်ဆည်ခရိုင်တို့တွင် တိုက်ပွဲများဖြစ်ပွားနေသည်။ ပဲခူးတိုင်းတွင် ပဲခူးအရှေ့ခြမ်း ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် ပဲခူးရိုးမအနောက်ခြမ်းရှိ သာယာဝတီခရိုင်၊ နတ္တလင်းခရိုင်တို့တွင် PDF လှုပ်ရှားမှုနှင့် တိုက်ပွဲများတွေ့ရသည်။ ရန်ကုန်တိုင်းတွင် ရန်ကုန်မြို့ပေါ်သာမက နယ်များဖြစ်သည့် တိုက်ကြီးခရိုင်၊ တွံတေးခရိုင်၊ သံလျင်ခရိုင်တို့တွင်ပါ ဗုံးခွဲမှုများ၊ တိုက်ခိုက်မှုများ အဆက်မပြတ်ဖြစ်ပွားနေသည်။

တနင်္သာရီတိုင်းတွင် ထားဝယ်ခရိုင်၊ မြိတ်ခရိုင်တို့တွင် တိုက်ပွဲများဖြစ်ပွားနေပြီး ကော့သောင်း၊ ဘုတ်ပြင်းဘက်တွင် လှုပ်ရှားမှုနည်းသည်။ တိုင်း ၇ တိုင်းအနက် ဧရာဝတီတိုင်းတွင်သာ လက်နက်ကိုင် လှုပ်ရှားမှု အနည်းဆုံးဖြစ်ပြီး ရခိုင်ရိုးမ အရှေ့ဘက်တကြောတွင်သာ လှုပ်ရှားမှုရှိသည်ကို တွေ့ရသည်။ တိုင်း ၇ တိုင်းတွင် အဓိက လှုပ်ရှားနေသည်မှာ PDF, PLA နှင့် ဒေသခံ PDF များဖြစ်ကြ၏။

**စကစ၏ တပ်ဖြန့်ခွဲမှု**

မြန်မာစစ်တပ်သည် တပြည်လုံးအား စစ်တိုင်းဌာနချုပ် ၁၄ ခုဖြန့်ခွဲပြီး တိုင်းစစ်ဌာနချုပ်အောက်တွင် စဗခ ခေါ် အခြေချ စစ်ဗျူဟာ၊ စဗဟ ခေါ် စစ်ဗျူဟာများဖြန့်ခွဲ့ပြီး တိုင်းတပ်များကို ဖြန့်ခွဲ့ချထားသည်။ နယ်မြေအတန်ငယ်ကျယ်ပြီး စစ်ရေးလှုပ်ရှားမှုရှိသော စစ်တိုင်း ၆ ခုတွင် စဗခ၊ စဗဟ များအပြင် ဒကစ ခေါ် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် ဖွင့်လှစ်သည်ကိုတွေ့ရသည်။ စစ်တိုင်းအလိုက် အများဆုံး ၃၇ ရင်းထိ ခြေလျင်၊ ခြေမြန်တပ်များ ဖြန့်ခွဲထားရှိသည်။ စစ်တိုင်း ၁၄ ခုတွင် ခြေလျင်၊ ခြေမြန်တပ်ရင်း ၂၀၀ ကျော်ရှိသည်။

*တပ်မနှင့် စကခ တခုလျှင် ခြေလျင်၊ ခြေမြန်တပ်ရင်း ၁၀ ရင်းစီဖြင့် ဖွဲ့စည်းထားပြီး တပ်ရင်း ၃၀၀ ရှိသည်။ ထိုအင်အားသည် မြန်မာစစ်တပ်၏ အဓိက မြေပြင်တွင် စစ်ဆင်ရေးလှုပ်နိုင်သည့် အင်အားဖြစ်သည်။ ထိုတပ်ရင်းများ ပျမ်းမျှစစ်ထွက်အင်အားမှာ ၁၅၀ ခန့် ရှိမည်ဟု ခန့်မှန်းရ၏။*

ထို့ပြင် ကကကြည်းမှ တိုက်ရိုက်ကွပ်ကဲသည့် တပ်မ ၁၀ ခုနှင့် စကခ ခေါ် စစ်ဆင်ရေးနှင့် ကွပ်ကဲမှုဌာနချုပ် ၂၀ ခု ဖွဲ့စည်းထားသည်။ တပ်မနှင့် စကခ တခုလျှင် ခြေလျင်၊ ခြေမြန်တပ်ရင်း ၁၀ ရင်းစီဖြင့် ဖွဲ့စည်းထားပြီး တပ်ရင်း ၃၀၀ ရှိသည်။ ထိုအင်အားသည် မြန်မာစစ်တပ်၏ အဓိက မြေပြင်တွင် စစ်ဆင်ရေးလှုပ်နိုင်သည့် အင်အားဖြစ်သည်။ ထိုတပ်ရင်းများ ပျမ်းမျှစစ်ထွက်အင်အားမှာ ၁၅၀ ခန့် ရှိမည်ဟု ခန့်မှန်းရ၏။



ယခုအခါ စစ်ဆင်ရေးများ၌ တပ်သားမလုံလောက်သဖြင့် လက်ရုံးတပ်များကပါ ထုတ်နုတ်သုံးစွဲနေရသည်

တိုင်းစစ်ဌာနချုပ် လက်အောက်ခံတပ်များနှင့် မထိန်းနိုင်သော နယ်မြေများသို့ ထိုတပ်မ၊ စကခ ၃၀ မှ တပ်များကို ဖြန့်ခွဲစေလွှတ်၍ စစ်ဆင်ရေးပြုလုပ်၏။ ထိုမြေပြင်တပ်များအား တိုင်းစစ်ဌာနချုပ် ၁၄ ခုတွင် ဖြန့်ခွဲချထားသည့် အမြောက်တပ်ရင်း ၁၀၀ ကျော်မှ အထောက်အကူပြု၏။ သို့ဖြစ်ရာ မြေပြင်စစ်ဆင်ရေးများတွင် ခြေလျင်၊ ခြေမြန်တပ်ရင်းများနှင့် အမြောက်တပ်ရင်းများသည် မြန်မာစစ်တပ်၏ အဓိက ကျောရိုးဖြစ်သည်။

၂၀၂၂ ခုနှစ် စက်တင်ဘာ လလယ်တွင်တွေ့ရသည့် မြန်မာစစ်တပ်၏ ဖြန့်ခွဲမှုမှာ တိုင်းစစ်ဌာနချုပ်လက်အောက်ခံ တပ်များအပြင် တပ်မ၊ စကခ ၃၀ အား အောက်ပါအတိုင်း ဖြန့်ခွဲမှုထားသည်ကို တွေ့ရ၏။

-ကချင်ပြည်နယ်တွင် တိုင်းတပ်များအပြင် စကခ ၃၊ စကခ ၂၁၊ တပ်မ ၃၃၊ တပ်မ ၈၈၊ စုစုပေါင်း တပ်မ၊ စကခ ၄ ခု။

-ချင်းပြည်နယ်တွင် တိုင်းတပ်များအပြင် စကခ ၁၉၊ စုစုပေါင်း စကခ ၁ ခု။

-ရခိုင်ပြည်နယ်တွင် တိုင်းတပ်များအပြင် စကခ ၅၊ စကခ ၉၊ စကခ ၁၅၊ တပ်မ ၁၁၊ တပ်မ ၂၂၊ တပ်မ ၅၅၊ တပ်မ ၇၇၊ စုစုပေါင်း တပ်မ၊ စကခ ၇ ခု။

-ကရင်နီပြည်နယ်တွင် တိုင်းတပ်များအပြင် တပ်မ ၆၆၊ စုစုပေါင်း တပ်မ ၁ ခု။

-ကရင်နှင့် မွန်ပြည်နယ်တွင် တိုင်းတပ်များအပြင် တပ်မ ၄၄၊ စကခ ၆၊ စကခ ၈၊ စကခ ၁၃၊ စကခ ၂၀၊ စုစုပေါင်း တပ်မ၊ စကခ ၅ ခု။

-ရှမ်းမြောက်တွင် တိုင်းတပ်များအပြင် စကခ ၁၊ စကခ ၂၊ စကခ ၇၊ စကခ ၁၂၊ စကခ ၁၆၊ စကခ ၁၇၊ တပ်မ ၉၉၊ စုစုပေါင်း တပ်မ၊ စကခ ၇ ခု။

-ရှမ်းတောင်နှင့် ရှမ်းအရှေ့တွင် တိုင်းတပ်များအပြင် စကခ ၁၄၊ စကခ ၁၈၊ စုစုပေါင်း စကခ ၂ ခု။

-စစ်ကိုင်းတိုင်းတွင် စကခ ၄၊ စကခ ၁၀၊ စုစုပေါင်း စကခ ၂ ခု။

-မကွေးတိုင်းတွင် တပ်မ ၁၀၁၊ စုစုပေါင်း တပ်မ ၁ ခု

စသည်ဖြင့် တပ်မနှင့် စကခ ၃၀ လုံးအား ဖြန့်ခွဲ၍ စစ်ဆင်ရေးပြုလုပ်နေသည်ကို တွေ့ရ၏။ ရခိုင်နှင့် ရှမ်းမြောက်တွင် တပ်မ၊ စကခ ၇ ခုစီဖြင့် အများဆုံး တပ်ဖြန့်ခွဲ၍ ရင်ဆိုင်ထားသည်ကို တွေ့ရ၏။

ဤအချက်မှ တွေ့ရသည်မှာ စကစသည် လက်ရှိ ပြည်တွင်းတော်လှန်ပုန်ကန်မှုများကို ရင်ဆိုင်ရာတွင် တိုင်းစစ်ဌာနချုပ် တပ်ရင်းများသာမက တပ်မ၊ စကခ ၃၀ လုံးအား ဖြန့်ခွဲအသုံးပြုနေရသည်ကို တွေ့ရသည်။

*တပ်အင်အား မလုံလောက်သည့်အတွက် ရှေ့တန်းထွက်နေသည့် တပ်မ၊ စကခ ၃၀ မှ နောက်တန်းဌာနချုပ် တပ်ခွဲများအား လက်ရုံးတပ်များမှ ထုတ်နုတ်အင်အားများဖြင့် ဖြည့်တင်းပြီး စစ်ကြောင်းများဖွဲ့စည်းခြင်း၊ လက်ရုံးတပ်များသက်သက်ကို ထုတ်နုတ်စုဖွဲ့ပြီး လက်ရုံးညွှန့်ပေါင်းတပ်ခွဲများ ဖွဲ့စည်းပြီး ခြေလျင်၊ ခြေမြန် စစ်ကြောင်းများဖြင့် တွဲဖက်လှုပ်ရှားခြင်း ပြုလုပ်နေသည်ကို တွေ့ရ၏။*

သို့ဖြစ်ရာ တပ်အင်အား မလုံလောက်သည့်အတွက် ရှေ့တန်းထွက်နေသည့် တပ်မ၊ စကခ ၃၀ မှ နောက်တန်းဌာနချုပ် တပ်ခွဲများအား လက်ရုံးတပ်များဖြစ်သည့် ထောက်ပို့၊ ဆက်သွယ်ရေး၊ စစ်မြေပြင်အင်ဂျင်နီယာ၊ ဆောက်လုပ်ရေး၊ မော်တော်ယာဥ်၊ စစ်လက်နက်ပစ္စည်းတပ်၊ ကပစ၊ လေ့ကျင့်ရေး စသည်တို့မှ ထုတ်နုတ်အင်အားများဖြင့် ဖြည့်တင်းပြီး စစ်ကြောင်းများဖွဲ့စည်းခြင်း၊ လက်ရုံးတပ်များသက်သက်ကို ထုတ်နုတ်စုဖွဲ့ပြီး လက်ရုံးညွှန့်ပေါင်းတပ်ခွဲများ ဖွဲ့စည်းပြီး ခြေလျင်၊ ခြေမြန် စစ်ကြောင်းများဖြင့် တွဲဖက်လှုပ်ရှားခြင်း ပြုလုပ်နေသည်ကို တွေ့ရ၏။ ထို့ပြင် ရဲများကို စစ်ဆင်ရေးတွင် အသုံးပြုခြင်း၊ ပသစများ၊ ပြူစောထီးများ ဖွဲ့စည်းခြင်းများကို ပြုလုပ်နေသည်ကို တွေ့ရသည်။

စကစ၏ တပ်ဖြန့်ခွဲမှုမှ တွေ့ရသည်မှာ ရှမ်းမြောက်နှင့် ရခိုင်စစ်မျက်နှာကို အထူးအလေးထား၍ တပ်စုဖွဲ့ထားသည်ကို တွေ့ရ၏။ ထို့ပြင် တနေရာရာတွင် တိုက်ပွဲများပြင်းထန်လာပါက တပ်မအလိုက်၊ စကခအလိုက် ထုတ်၍ အင်အားဖြည့်တင်းရန် မဖြစ်နိုင်သည်ကို တွေ့ရ၏။ အလွန်ဆုံး တပ်မ၊ စကခ တခုစီမှ တပ်ရင်း တရင်း၊ နှစ်ရင်းမျှလောက်သာ ထုတ်နုတ်နိုင်မည့် အခြေအနေသာရှိသည်ကို တွေ့ရသည်။ လောလောဆယ်

တိုက်ပွဲမပြင်းထန်သည့် ဧရာဝတီတိုင်းရှိရာ နတခ စစ်တိုင်းမှ တပ်အချို့သာ ထုတ်နုတ်နိုင်မည့် အခြေအနေတွင်သာရှိ၏။ အခြားဒေသများမှ တပ်များထုတ်နုတ်ပါက ထိုဒေသတွင် အရေးနိမ့်မည့် အခြေအနေဖြစ်နေသည်။ သို့ဖြစ်ရာ မြန်မာစစ်တပ်သည် ၂၀၂၁ မတိုင်မီကကဲ့သို့ ဒေသတခုတွင် တပ်အင်အားစုစည်းပြီး ထိုးစစ်ဆင်နိုင်မည့် အခြေအနေမရှိတော့ပေ။

*လက်ရှိတွင် တပြည်လုံးအနှံ့ လက်လွတ်သွားသည့်စခန်းများကို မြန်မာစစ်တပ် ပြန်လည်ထိုးစစ်ဆင်နိုင်စွမ်း မရှိသည်ကို တွေ့ရ၏။ အဓိကအကြောင်းမှာ မြန်မာစစ်တပ်သည် တပြည်လုံးအနှံ့ တော်လှန်ပုန်ကန်မှုအား ရင်ဆိုင်ရန် စစ်အင်အား မလုံလောက်တော့ခြင်း ဖြစ်ပေသည်။*

နယ်မြေအလိုက် ဖြန့်ခွဲသည့်တိုင်းတပ်များ၊ တပ်မ၊ စကခတပ်များဖြင့် မြို့ပြ၊ ဆက်သွယ်ရေးလမ်းကြောင်းနှင့် အရေးပါသောစခန်းကုန်းများ ထိန်းချုပ်နိုင်ရန်အတွက်သာ အလေးထားရသည့် ခံစစ်အခြေအနေသို့ တဖြည်းဖြည်း ဆိုက်ရောက်သွားပြီဖြစ်၏။ ထို့ပြင် ထိုခံစစ်ဆင်ရသည့်အခြေအနေတွင် လေတပ်အကူအညီ အဓိကရယူ ခံစစ်ဆင်ရသည့်အခြေအနေ ဆိုက်ရောက်သွား၏။ စစ်အင်အား မလုံလောက်သဖြင့် မြေပြင်မှ စစ်ကူပေးနိုင်ခြင်း မရှိတော့ပေ။ လက်နက်ကြီးပစ်ကူ၊ လေကြောင်းပစ်ကူနှင့် ခံစစ်ယူရသည့် အခြေအနေသို့ ဆိုက်ရောက်နေပြီဖြစ်သည်။

လက်ရှိတွင် တပြည်လုံးအနှံ့ လက်လွတ်သွားသည့်စခန်းများကို မြန်မာစစ်တပ် ပြန်လည်ထိုးစစ်ဆင်နိုင်စွမ်း မရှိသည်ကို တွေ့ရ၏။ အဓိကအကြောင်းမှာ မြန်မာစစ်တပ်သည် တပြည်လုံးအနှံ့ တော်လှန်ပုန်ကန်မှုအား ရင်ဆိုင်ရန် စစ်အင်အား မလုံလောက်တော့ခြင်း ဖြစ်ပေသည်။

ဆက်လက်ဖော်ပြပါမည်။

*(ဗညားအောင်သည် နိုင်ငံရေးနှင့် တိုင်းရင်းသား ရေးရာများဆိုင်ရာ သုတေသီတဦးဖြစ်သည်။)*

https://burma.irrawaddy.com/opinion/viewpoint/2022/09/29/254916.html

--------------------------------------------------------------------------------

## ဒေါ်အောင်ဆန်းစုကြည်နှင့် ရှောင်တာနဲလ်အပါ ၅ ဦးကို ထောင် ၃ နှစ်စီချ

By ဧရာဝတီ | 29 September 2022

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် စီးပွားရေးအကြံပေးဖြစ်သူ ဩစတြေးလျနိုင်ငံသား ရှောင်တာနဲလ် အပါအဝင် ၅ ဦးကို လျှို့ဝှက်ချက်အက်ဥပဒေဖြင့် နေပြည်တော်ထောင်တွင်း အထူးတရားရုံးက ထောင် ၃ နှစ်စီ ယနေ့ ချမှတ်လိုက်သည်။

စစ်အာဏာသိမ်းပြီးနောက် ရန်ကုန်တွင် ဖမ်းဆီးခံရသည့် ရှောင်တာနဲလ်ထံမှ တွေ့ရှိသော စာရွက်စာတမ်းများမှာ အစိုးရ လျှို့ဝှက်ချက် ဖောက်ဖျက်သည်ဟုဆိုကာ နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေ ပုဒ်မ ၃-၁ (ဂ) ဖြင့် စစ်ကောင်စီက တရားစွဲ ဆိုခဲ့ခြင်း ဖြစ်သည်။

ယခု ထောင်ဒဏ်ချမှတ်ခံရသူများတွင် အမှု၌ ပါဝင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရလက်ထက် စီမံ/ ဘဏ္ဍာဝန်ကြီး ဦးစိုးဝင်း၊ ဒုဝန်ကြီး ဦးဆက်အောင်၊ စီမံ/ဘဏ္ဍာဝန်ကြီးဟောင်း ဦးကျော်ဝင်းတို့လည်း ပါဝင်သည်။

စစ်ကောင်စီ၏ စွပ်စွဲမှုနှင့် ပတ်သက်ပြီး ကာယကံရှင်ဖြစ်သူ ရှောင်တာနဲလ်နှင့် အမှုတွင် ပါဝင်သူများက အပြစ်မရှိကြောင်း ငြင်းဆိုထားကြပြီး စစ်ကောင်စီ စွပ်စွဲပြောဆိုသည့် စာရွက်စာတမ်းများမှာ လျှို့ဝှက်ချက်များ မဟုတ်ကြောင်းနှင့် တာဝန်အရ လုပ်ဆောင်ခဲ့ခြင်း ဖြစ်ကြောင်းလည်း ရှောင်တာနဲလ်က ထွက်ဆိုထားသည်။

၎င်းတို့ ၅ ဦးအနက် ဦးစိုးဝင်းတဦးသာ ကျန်းမာရေးအရ အာမခံဖြင့် ပြင်ပတွင် နေထိုင်ခဲ့ရပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ရှောင်တာနဲလ် အပါအဝင် ကျန် ၄ ဦးမှာ နေပြည်တော်ထောင်တွင်း ချုပ်နှောင်ခံနေရခြင်း ဖြစ်သည်။

ယခုကဲ့သို့ ထောင်ဒဏ်ချမှတ်လိုက်ခြင်းနှင့် ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်၊ ဦးစိုးဝင်း၊ ဦးဆက်အောင်၊ ဦးကျော်ဝင်တို့ အနေဖြင့် အယူခံတင်သွင်းမည် ဖြစ်ကြောင်း သိရပြီး ရှောင်တာနယ်နှင့် ပတ်သက်၍မူ အယူခံတက်မတက် ရှင်းလင်းစွာ မသိရသေးပေ။

ယခု ထောင် ၃ နှစ် ထပ်မံချမှတ်မှုကြောင့် ဒေါ်အောင်ဆန်းစုကြည်အပေါ် စစ်ကောင်စီက ချမှတ်ခဲ့သည့် ထောင်ဒဏ် စုစုပေါင်း ၂၃ နှစ်ထိ ရှိလာပြီ ဖြစ်သည်။

ရှောင်တာနဲလ် အနေဖြင့် ၎င်း တဦးတည်းအား သီးခြားစွဲဆိုထားသည့် လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၁၃ (၁) အမှုအတွက်လည်း ယနေ့၌ပင် ထောင် ၃ နှစ် ချမှတ်ခံရသည်။

သို့သော် ယနေ့ ပြစ်ဒဏ်ချမှတ်သည့် ၂ မှုလုံးအတွက် ထောင်ဒဏ်အား တပေါင်းတည်း ကျခံစေသောကြောင့် ရှောင်တာနဲလ် အနေဖြင့် စုစုပေါင်း ထောင် ၃ နှစ်သာ ကျခံရမည် ဖြစ်သည်။

https://burma.irrawaddy.com/news/2022/09/29/254920.html

--------------------------------------------------------------------------------

## တန့်ဆည်မြို့နယ် ရွာရှည်ရွာ ဒုတိယအကြိမ် မီးရှို့ခံရ

2022.09.29



မီးရှို့ခံရသည့် စစ်ကိုင်းတိုင်း၊ တန့်ဆည်မြို့နယ်၊ ရွာရှည် (မြောက်) ရွာကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့က တွေ့ရစဉ်။ Photo: Citizen Journalist

စစ်ကိုင်းတိုင်း၊ တန့်ဆည်မြို့နယ်က အိမ်ခြေ ၇၀၀ နီးပါးရှိတဲ့ ရွာရှည် (မြောက်) ရွာကို စက်တင်ဘာလ ၂၉ ရက်နေ့ ဒီနေ့မနက်ပိုင်းမှာ စစ်ကောင်စီတပ်က ဝင်ရောက်စီးနင်းပြီး ရွာက နေအိမ်တချို့ကို မီးရှို့ခဲ့တယ်လို့ ဒေသခံတွေက ပြောပါတယ်။

အင်အား ၁၇၀ နီးပါးလောက်ပါဝင်တဲ့ စစ်ကောင်စီတပ်နဲ့ ပျူစောထီး ပူးပေါင်းစစ်ကြောင်းဟာ ကာပေါင်းကျွရွာကို မီးရှို့ခဲ့ပြီးနောက် မနေ့က နေ့လယ်ပိုင်းမှာ ရွာရှည် (မြောက်) ရွာကို စစ်ကြောင်းထိုးလာတာလို့ ဒေသခံတစ်ဦးက ပြောပါတယ်။

**"ရွာကို ဝင်တာ မနေ့က ၁၂ နာရီလောက်က ဝင်ပြီးမွေနေတာ။ မနက် ၇ နာရီမှာ မီးစရှို့တယ်။ ၁၀ နာရီမှာ စစ်ကြောင်းပြန်ထွက်သွားတယ်။ အိမ်ဘယ်လောက်ပါသွားတယ်ဆိုတာ မသိရသေးဘူး၊ ရွာထဲ ပြန်မဝင်ရဲသေးဘူး၊ မိုင်းတွေ ထောင်ထားခဲ့တဲ့ သတင်းကြားထားလို့"**

ပြီးခဲ့တဲ့ ဧပြီလတုန်းက အဲဒီရွာကိုပဲ စစ်ကြောင်း နှစ်ကြိမ် ဝင်ရောက်ပြီး နေအိမ်တွေကို မီးရှို့ခဲ့တာကြောင့် နေအိမ် ၇၅ လုံး မီးလောင်ပျက်စီးခဲ့တယ်လို့ သူကဆိုပါတယ်။

လက်ရှိမှာတော့ စစ်ကြောင်းဟာ တန့်ဆည်နဲ့ ကန့်ဘလူမြို့နယ်အစပ်က ရွာတွေဘက်ကို ဆက်လက်ထွက်ခွာသွားတယ်လို့ ဒေသခံတွေက ပြောပါတယ်။

အခုစစ်ကြောင်းထိုးနေမှုတွေနဲ့ပတ်သက်လို့ စစ်ကောင်စီဘက်က တစ်စုံတစ်ရာ ထုတ်ပြန်လာတာ မရှိသေးပါဘူး။

ရွာရှည်ရွာနဲ့ တစ်ဆက်တည်းဖြစ်တဲ့ ဝက်တိုးရွာက ဒေသခံ ခြောက်ဦးကို အဲဒီစစ်ကြောင်းကပဲ မနေ့က ဝင်ရောက်စီးနင်းစဥ်မှာ ဖမ်းဆီးခဲ့ပြီး ဒီနေ့မနက်မှာတော့ ပြန်လွှတ်ပေးခဲ့တယ်လို့ ဒေသခံတွေက ပြောပါတယ်။

စစ်ကြောင်းထိုးနေတာကြောင့် ရွာရှည်ရွာ၊ ဝက်တိုးရွာ၊ မယ်ဇလီကုန်းရွာတွေက ဒေသခံ လေးထောင်လောက်ဟာ စက်တင်ဘာ ၂၈ ရက် မနေ့ကစလို့ ဘေးလွတ်ရာကို ထွက်ပြေးတိမ်းရှောင်နေရတယ်လို့ ဒေသခံတွေက ပြောပါတယ်။

တန့်ဆည်မြို့နယ်မှာ စက်တင်ဘာ ၁၆ ရက်ကနေ စက်တင်ဘာ ၂၉ ရက် ဒီနေ့အထိ နှစ်ပတ်အတွင်းမှာ ရွာပေါင်း ၂၁ ရွာက အိမ်ခြေပေါင်း ၈၀၀ ကျော် မီးရှို့ခံခဲ့ရတယ်လို့ ဒေသခံတွေနဲ့ စစ်ဘေးဒုက္ခသည်တွေအရေး ကူညီပေးနေသူတွေက ပြောဆိုကြပါတယ်။

https://www.rfa.org/burmese/news/ywarshey-north-village-09292022042230.html

---------------------------------------------------------------------------------

## ဝက်လက်မြို့နယ် လှတောရွာတွင် စစ်ကောင်စီတပ်သား ဦးရေ ၁၅၀ ခန့် အင်အားထပ်ဖြည့်

By မဇ္ဈိမ | 29 September 2022

ကော်သူးလေ(မဇ္ဈိမ)။ ။ စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နယ် ၊လှတောရွာအား စစ်ကောင်စီတပ်မှ အင်အား ၁၅၀ ခန့် ထပ်မံဖြည့်တင်းနေကြောင်း GZ Special Task Force - Wetletအဖွဲ့ထံက သိရသည်။

မုံရွာ၊ဝက်လက်၊ရွှေဘိုဘက်မှ ရွှေဘို-မန္တလေးလမ်းမကြီးပေါ်သို့ တက်ရသည့် အဆိုပါလမ်းဆုံလမ်းခွ လှတောရွာတွင် စစ်ဆေးရေးဂိတ်အဖြစ် စစ်ကောင်စီတပ်က အင်အား ၅၀ ခန့် ထားရှိရာမှ ယခုကဲ့သို့ အင်အားထပ်မံဖြည့်တင်းခြင်း ဖြစ်သည်ဟု သိရသည်။

အိမ်ခြေ ၁,၀၀၀ ခန့်ရှိသည့် လှတောရွာသည် ဝက်လက်မြို့အနောက်ဘက် ခြောက်မိုင်ခန့်အကွာတွင်ရှိပြီး စစ်ကောင်စီတပ် တပ်စွဲထားသည်မှာတစ်လကျော်ကြာမြင့်ပြီဖြစ်သည်ဟု ဆိုသည်။

“လှတောကိုအင်အားသွားဖြည့်ကြတာ၊ ဒီစစ်ကောင်စီတပ်တွေက ရွှေဘိုဘက်ကနေ တောလမ်းတွေအတိုင်းလာကြတာ လက်နက်ကြီးတွေ ရမ်းသန်းပစ်တာတွေတော့ရှိတယ် ။ အိမ်တွေဘာတွေတော့မီးရှို့တာမျိုးမရှိဘူး ။ အခုလှတောကို အကုန်ရောက်ကုန်ပါပြီ” ဟု GZ Special Task Force - Wetletအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လှတောရွာတွင် ယခင်ကတပ်စွဲထားသည့်စစ်ကောင်စီတပ်ဖွဲ့အား လွန်ခဲ့သည့် တစ်လခန့်က ကာကွယ်ရေးတပ်ဖွဲ့များက သွားရောက်တိုက်ခိုက်ရာ စစ်ကောင်စီတပ်ဘက်မှ ငါးဦးသေဆုံးခဲ့သည်ဟု သိရသည်။

ထို့နောက်တွင် ကာကွယ်ရေးတပ်ဖွဲ့များနှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲများငြိမ်သက်နေရာမှ ယခုကဲ့သို့ စစ်ကောင်စီတပ်မှ အင်အားဖြည့်လာခြင်းဖြစ်သည်ဟု ဆိုသည်။

လှတောတွင်ရှိနေသည့် ဒေသခံရွာသားများမှာ ထိတ်လန့်နေရပြီး အချို့မှာလည်း နီးစပ်ရာတိမ်းရှောင်နေကြောင်းလည်း သိရသည်။

စစ်ကောင်စီတပ်သည် ဝက်လက်မြို့နယ်အတွင်းရှိ လှတောရွာတွင် အင်အား ၂၀၀ ခန့်ဖြင့်လည်းကောင်း၊ ရွာသာကြီးရွာတွင် အင်အား ၅၀ ခန့်ဖြင့်လည်းကောင်း၊ ဧရာဝတီမြစ်ကမ်းနံဘေးရှိ ရှိန်းမကားရွာတွင် အင်အား ၇၀ ခန့်ဖြင့်လည်းကောင်း အသီးသီးတပ်စွဲအထိုင်ချထားပြီး ဝက်လက်မြို့ပေါ်တွင်လည်း မြို့မရဲစခန်းတွင် အခိုင်အမာ အထိုင်ချလျက် ရှိနေသည်ဟု သိရသည်။

https://mizzimaburmese.com/article/116251

---------------------------------------------------------------------------------

## ပြည်သူ့ရင်ခွင်ခိုလှုံလာသည့် ရဲတပ်သား ၁ ဦးကို PDF- ထီးလင်းက ကျပ် သိန်း ၆၀ ဆုချီးမြှင့်

Published By DVB | 29 September, 2022

မကွေးတိုင်း၊ ထီးလင်းမြို့နယ်မှာ လက်နက်ခဲယမ်း အပြည့်အစုံနဲ့ ပြည်သူ့ရင်ခွင် ခိုလှုံလာတဲ့ ရဲတပ်သားတယောက်ကို စက်တင်ဘာ ၂၈ ရက်မှာ ပြည်သူ့ကာကွယ်ရေးတပ် PDF-ထီးလင်းက ဂုဏ်ပြုဆုငွေ ကျပ် သိန်း ၆၀ ချီးမြှင့်ပေးအပ်လိုက်ပါတယ်။

ထီးလင်းမြို့မရဲစခန်းက ရဲတပ်သားတယောက်ဟာ စစ်အာဏာရှင်လက်အောက်မှာ ဆက်လက် တာဝန်မထမ်းဆောင်ချင်တော့တာကြောင့် PDF-ထီးလင်းကို ဆက်သွယ်ပြီး စက်တင်ဘာ ၈ ရက်က လက်နက်ခဲယမ်းတွေနဲ့ CDM ပြုလုပ်လာတာလို့ PDF-ထီးလင်းရဲ့ ပြန်ကြားရေးတာဝန်ခံ ဗိုလ်သူလင်းကျော်က ဒီဗွီဘီကို ပြောပါတယ်။

အဲဒီရဲတပ်သားဟာ G4 သေနတ်တလက်၊ ကျည်ဘောက် ၂ ခု၊ ကျည်ဆန် ၂၄၈ တောင့်နဲ့ လုံ့စွပ်တချောင်း ယူဆောင်လာတာကြောင့် PDF-ထီလင်းက ဂုဏ်ပြုဆုငွေ ကျပ် သိန်း ၆၀ ချီးမြှင့်ပေးခဲ့တယ်လို့ ဆိုပါတယ်။

စစ်အာဏာရှင်ကို ဆန့်ကျင်ပြီး ပြည်သူလူထုနဲ့ ပူပေါင်းချင်တဲ့ တပ်မတော်သားတွေနဲ့ ရဲတပ်ဖွဲ့ဝင်တွေကို ဂန့်ဂေါခရိုင်တပ်ရင်း (၂၊ ၄၊ ၁၀) PDF-ထီးလင်းအနေနဲ့ နွေးနွေးထွေးထွေး ကြိုဆိုနေပြီး လက်နက်ခဲယမ်းတွေနဲ့ CDM ပြုလုပ်မယ်ဆိုရင် ဂုဏ်ပြုဆုငွေချီးမြှင့်ပြီး လွတ်မြောက်နယ်မြေကို ပို့ဆောင်ပေးမယ်လို့ ဆိုပါတယ်။

စစ်အာဏာသိမ်းပြီးနောက် လက်ရှိမှာတော့ ပြည်သူလူထုကို အကြမ်းဖက်သတ်ဖြတ်နေတဲ့ စစ်ကောင်စီရဲ့ လုပ်ရပ်တွေကို မလိုလား မနှစ်မြို့ကြတဲ့ အရာရှိ၊ စစ်သည်တွေ၊ ရဲတပ်သားတွေဟာ သူတို့ရဲ့ဂုဏ်သိက္ခာ၊ မျိုးဆက်တွေရဲ့ ဂုဏ်သိက္ခာကို ပြန်လည်ရယူဖို့ စစ်အာဏာရှင်ရဲ့ လက်ကိုင်တုတ်အဖြစ်က ရုန်းထွက်ပြီး ပြည်သူ့ဘက် ကူးပြောင်း ရပ်တည်လာတာ တဖြည်းဖြည်း များပြားလာနေပြီး စစ်သားနဲ့ ရဲတပ်ဖွဲ့ဝင် အရေအတွက် သောင်းနဲ့ချီရှိနေပြီ ဖြစ်ပါတယ်။

တပ်မတော်ကို အလွဲသုံးစားပြုလုပ်နေတဲ့ လက်တဆုပ်စာ စစ်ဗိုလ်ချုပ်တစုရဲ့ လက်ကိုင်တုတ် ခါးပိုက်ဆောင်တပ်အဖြစ်မှ ရုန်းထွက်ပြီး ပြည်သူ့ရင်ခွင် အမြန်ဆုံးခိုဝင်ကြဖို့ တပ်မတော်သားတွေ၊ ရဲတပ်သားတွေကို အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က တိုက်တွန်းနှိုးဆော်ထားပါတယ်။

ဒါ့အပြင် အင်အားကြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေဖြစ်ကြတဲ့ ကချင်လွတ်မြောက်ရေးတပ်မတော် (ကေအိုင်အေ)နဲ့ ကရင်အမျိုးသားအစည်းအရုံး (ကေအန်ယူ) တို့လို အဖွဲ့အစည်းတွေကလည်း စစ်အာဏာရှင် ဆန့်ကျင်ကာ ပူးပေါင်းလိုတဲ့ ရှေ့တန်းရောက် မြန်မာ့တပ်မတော်သားတွေ၊ ရဲတပ်သားတွေကို လက်ကမ်း ကြိုဆိုနေကြပါတယ်။

https://burmese.dvb.no/archives/556629

-------------------------------------------------------------------------------------

## ကုန်းသာတိုက်ပွဲတွင် စစ်ကောင်စီတပ် အသေအပျောက်များ

By ဧရာဝတီ | 29 September 2022

ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ကုန်းသာရွာတွင် တပ်စွဲထားသော စစ်ကောင်စီတပ်ကို ဒေသခံကာကွယ်ရေး တပ်ဖွဲ့များက တိုက်ခိုက်ရာတွင် စစ်ကောင်စီတပ် အဆင့်မြင့်အရာရှိ ၁ ဦးနှင့် တပ်ကြပ်ကြီး ၁ ဦးအပါအဝင် အသေအပျောက် များခဲ့ကြောင်း စုံစမ်း သိရှိရသည်။

ပြီးခဲ့သည့် စက်တင်ဘာ ၂၆ ရက်က ကုန်းသာရွာ၌ တပ်စွဲထားသော စစ်ကောင်စီတပ်ကို ကယား (ကရင်နီ) တော်လှန်ရေး တပ်ပေါင်းစု (KRU) နှင့် မဟာမိတ်တပ် ဒီးမော့ဆိုမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၊ တပ်ရင်း A တို့ ပူးပေါင်း တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး စစ်ကောင်စီတပ်သား ၁၅ ဦး သေဆုံးကြောင်း KRU က သတင်း ထုတ်ပြန်ထားသည်။

အဆိုပါ တိုက်ပွဲတွင် ခမရ ၆ တပ်ရင်းမှူး၊ ဒု ဗိုလ်မှူးကြီး အောင်ကိုဦး သေဆုံးကြောင်း သတင်းများ ထွက်ပေါ်နေသော်လည်း တိုက်ပွဲဝင်အဖွဲ့ KRU ကမူ ရာထူးကြီး သေဆုံးမှု ရှိသည်ကိုသာ အတည်ပြု ပြောဆိုသည်။ ဧရာဝတီ အနေဖြင့် ဒုဗိုလ်မှူးကြီး အောင်ကိုဦး သေဆုံးမှု ရှိမရှိကို သီးခြား အတည်မပြုနိုင်သေးပေ။

KRU ပြန်ကြားရေး တာဝန်ခံက "အပွင့်ကြီး ၁ ပွင့်နဲ့တော့ တွေ့လိုက်တယ်။ တပ်ကြပ်ကြီး တယောက် ကျတာကို တော့ ကွက်ကွက်ကွင်းကွင်း မြင်လိုက်တယ်။ နာမည်တွေကတော့ အတည်မပြုနိုင်ဘူး။ သူတို့ ရာထူးအကြီးအကဲ ၁ ယောက်ကျတယ် ဆိုတာကတော့ သေချာတယ်။ ရဲဘော်တွေ ကိုယ်တိုင်က သူတို့ရဲ့ ရာထူးအကြီးအကဲ ခေါင်းဆောင် ကျလို့ အော်ငိုတာတွေရော တချို့ဆို ထွက်ပြေးတာတွေရော ကြားရတယ်" ဟု ပြောသည်။

အင်အား ၅၀ နှင့် ၇၀ ကြားတွင် ရှိသော စစ်ကောင်စီတပ်ဖွဲ့နှင့် ကာကွယ်ရေးတပ်ဖွဲ့ကြား ဖြစ်ပွားသည့် တိုက်ပွဲ အကွာ အဝေးသည် အနည်းဆုံး ပေ ၄၀ နှင့် အများဆုံး ပေ ၆၀ ခန့်သာ ကွာဝေးသဖြင့် ကျဆုံးသည့် အခြေအနေများနှင့် အော်ဟစ်နေသည့် အခြေအနေများကို သိမြင်ရကြောင်း KRU အဖွဲ့က ပြောသည်။



ကယား (ကရင်နီ) တော်လှန် ရေး တပ်ပေါင်းစု (KRU) တပ်ဖွဲ့ဝင်များ (ဓာတ်ပုံ- KRU)

ကုန်းသာရွာတွင် တပ်မ ၆၆ လက်အောက်ခံ တပ်ဖွဲ့ဝင်များ တပ်စွဲနေသည်မှာ ၈ လခန့် ရှိပြီး ၎င်းတို့ တပ်စွဲထားသည့် စာသင်ကျောင်းနှင့် ဘုန်းကြီးကျောင်းကို ဒေသခံကာကွယ်ရေး တပ်ဖွဲ့များက ဝင်ရောက် တိုက်ခိုက်လေ့ ရှိကြောင်း သိရသည်။

KRU ပြန်ကြားရေး တာဝန်ခံက "သူတို့ တပ်စွဲထားလို့ ကျနော်တို့က ဝင်ပစ်လိုက် ပြန်ဆုတ်သွားလိုက်ပေါ့။ နောက် တခေါက် လာထိုင်ရင်လည်း ကျနော် တို့က ထပ်ပြီး ပြန်လုပ်ဖို့ ရှိမယ်။ လောလောဆယ်ကတော့ ပြန်ဆုတ်သွား တာပေါ့။ နောက်ပြန်လာထိုင်မယ့် အခြေအနေကတော့ ရှိတယ်" ဟု ဆိုသည်။

စက်တင်ဘာ ၂၆ ရက် ညနေ ၄ နာရီခွဲမှ ညနေ ၆ နာရီကျော်အထိ ဖြစ်ပွားခဲ့သည့် တိုက်ပွဲတွင် စစ်ကောင်စီတပ်က လက်နက်ကြီးအလုံးရေ ၄၀ ခန့် ပစ်ခတ် တိုက်ခိုက်ခဲ့သဖြင့် လက်နက်ကြီး ထိမှန်၍ ဒေသခံ ကာကွယ်ရေး တပ်ဖွဲ့ဝင် ၁ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

"ကျနော်တို့က လက်နက် တက်ကောက်ဖို့ အထိတောင် ရည်ရွယ်ထားတာ။ နောက် လက်နက်ကြီးတွေ တအားပစ်နေလို့ လူအများကြီး ထိခိုက်မှာဆိုတော့ မကောက်နိုင်တော့ဘဲနဲ့ ပြန်ဆုတ်ခဲ့ရတာပေါ့။ နယ်မြေပေးလိုက်ရတာ မဟုတ်ဘူး။ သူတို့ တပ်စွဲထားတဲ့ နေရာကနေပဲ ပြန်ဆုတ်တာပေါ့" ဟု KRU တပ်ဖွဲ့ဝင်တဦးက ပြောသည်။

ကုန်းသာရွာတွင် စစ်ကောင်စီတပ် ဝင်ရောက် တပ်စွဲချိန်ကတည်းက ဒေသခံများသည် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေခဲ့ခြင်း ဖြစ်ပြီး စစ်ကောင်စီတပ်သည် တပ်စွဲထားသည့်နေရာမှအပ ရွာ၏ တခြားနေရာများတွင် ဒေသခံကာကွယ်ရေး တပ်ဖွဲ့ဝင်များ လှုပ်ရှားနေခြင်း ဖြစ်ကြောင်း သိရသည်။

ကရင်နီဒေသတွင် စစ်ကောင်စီတပ်နှင့် ကာကွယ်ရေး တပ်ဖွဲ့တို့ကြား တိုက်ပွဲများ ပြင်းထန်လျက်ရှိပြီး ဒီးမော့ဆိုအပြင် လွိုင်ကော်၊ မိုးဗြဲနှင့် ဖရူဆို စသည့်မြို့နယ်များတွင် စက်တင်ဘာလအတွင်း တိုက်ပွဲများ ဖြစ်ပွားနေခြင်း ဖြစ်သည်။

https://burma.irrawaddy.com/news/2022/09/29/254923.html

--------------------------------------------------------------------------------

## ဒီးမော့ဆိုမြို့နယ်၌ စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့်ပစ်ခတ်သဖြင့် ဘုရားကျောင်းပျက်စီးပြီး ကျောင်းသား ၁ ဦး ဒဏ်ရာရ

Published By DVB | 30 September, 2022



ကရင်နီ (ကယား) ပြည်နယ်၊ ဒီးမော့ဆိုမြို့နယ် ဒေါ်ဆိုကလောကျေးရွာမှာ စက်တင်ဘာ ၂၈ ရက်ညက စစ်ကောင်စီတပ်ကပစ်ခတ်လိုက်တဲ့ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲလို့ ခရစ်ယာန်ဘုရားကျောင်းထိမှန် ပျက်စီးသွားခဲ့သလို ၉ တန်း ကျောင်းသားတယောက် အပြင်းအထန် ဒဏ်ရာရရှိခဲ့ပါတယ်။

ည ၉ နာရီကျော်မှာ စစ်ကောင်စီဘက်က ပစ်ခတ်တဲ့ ၁၂၀ မမ လက်နက်ကြီးကြောင့် ဒေါ်ဆိုကလောကျေးရွာ နှစ်ချင်း ခရစ်ယာန်ဘုရားကျောင်းပေါ် ကျရောက်ပေါက်ကွဲခဲ့တာပါ။

လက်နက်ကြီးစ ထိမှန်မှုကြောင့် အဲဒီဘုရားကျောင်းအတွင်းမှာ စာဖတ်နေတဲ့ ၉ တန်း ကျောင်းသားတယောက် အပြင်းအထန် ဒဏ်ရာရရှိခဲ့တာလို့ ဒေသခံတယောက်က ပြောပါတယ်။

စက်တင်ဘာ ၂၇ ရက် ညနေ ၃ နာရီခွဲကလည်း လွိုင်ကော်မြို့နယ် ကုန်းသာကျေးရွာအတွင်း လက်နက်ကြီး ကျရောက်ပေါက်ကွဲလို့ နေအိမ်အတွင်းမှာရှိနေတဲ့ အသက် ၅၅ နှစ်အရွယ် အမျိုးသမီးတယောက် ထိခိုက်သေဆုံးပြီး ၂ ယောက် စိုးရိမ်ရတဲ့ ထိခိုက်ဒဏ်ရာ ရရှိခဲ့ပါတယ်။



ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံနဲ့ ဘုရားသုံးဆူအကြားရှိ ယော့်ကခေါ်ရွာကိုလည်း စက်တင်ဘာ ၂၈ ရက် ည ၁၁ နာရီလောက်မှာ စစ်ကောင်စီလေတပ်က တိုက်လေယာဉ်နဲ့ ဗုံးကြဲသွားပါတယ်။

ညဘက် ရွာသားတွေ အိပ်ပျော်နေချိန်မှာ ရွာထဲကို ဗုံးသီးတွေရောက်ပေါက်ကွဲတာကြောင့် ထွက်ပြေးခဲ့ကြရပြီး ဗုံးသီး ၆ လုံးလောက် ပေါက်ကွဲကာ ရွာသား

နေအိမ်တချို့နဲ့  အိမ်သုံးပစ္စည်းတွေ၊ စားသောက်ကုန်တွေပျက်စီးသွားပေမဲ့ လူတွေထိခိုက်တာ မရှိဘူးလို့ ဒေသခံရွာသား တယောက်က ပြောပါတယ်။

ဘုရားသုံးဆူမြို့အနီးမှာ ဘုရားတောင်တပ်စခန်းကုန်းကို   KNLA ပူးပေါင်းတပ်ဖွဲ့တွေက တိုက်ခိုက်သိမ်းပိုက်လိုက်ပြီးနောက် အနီးနားကကျေးရွာတွေကို စစ်ကောင်စီတပ်က လေယာဉ်နဲ့ ဗုံးလာကြဲသွားတာ ဖြစ်ပါတယ်။

https://burmese.dvb.no/archives/556749

-----------------------------------------------------------------------------------------

## ဖာပွန်ခရိုင်က စစ်ကောင်စီတပ် စခန်း ၂ ခု တိုက်ခိုက်ခံရပြီး ၂ ဦး သေဆုံး

By မဇ္ဈိမ | 29 September 2022

မဇ္ဈိမ။ ။ ကရင်ပြည်နယ်၊ KNU တပ်မဟာ (၅) ထိန်းချုပ်နယ်မြေ၊ ဖာပွန်ခရိုင် (မူတြော်) က စစ်ကောင်စီ တပ်စခန်း နှစ်ခုကို KNLA တပ်ဖွဲ့ဝင်များက ဝင်ရောက်တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သား နှစ်ဦး သေဆုံးသွားကြောင်း KNLA တပ်မဟာ (၅) ၏ မူတြော်သတင်းစဉ်က ယနေ့ စက်တင်ဘာလ ၂၉ ရက်နေ့တွင် တရားဝင် ထုတ်ပြန်သည်။

KNLA တပ်မဟာ (၅) တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်များက ယမန်နေ့ စက်တင်ဘာလ ၂၈ ရက်နေ့တွင် ဖာပွန်ခရိုင် ဘူးသိုမြို့နယ်အတွင်းရှိ စစ်ကောင်စီ၏ ခေါပုပ်စခန်းကို တစ်ကြိမ်နှင့် ဒွယ်လိုးမြို့နယ်ရှိ မဲဝိုင်စခန်းကို တစ်ကြိမ် ချုံခိုတိုက်ခိုက်ရာတွင် စစ်ကောင်စီတပ်သား နှစ်ဦး သေဆုံးသွားခြင်း ဖြစ်ကြောင်း KNLA က ဆိုသည်။

ယင်းအပြင် စက်တင်ဘာလ ၂၇ ရက်နေ့ကလည်း လူသောမြို့နယ်အတွင်းက စစ်ကောင်စီတပ်၏ ဖလာခိုဒေသရှိ တပ်စခန်းနှင့် ဖားလိုးဂေါ်ဒေသရှိ တပ်စခန်းတို့ကို ဝင်ရောက်တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သားတစ်ဦး သေဆုံးသွားကြောင်းလည်း KNLA က ထုတ်ပြန်သည်။

ကရင်အမျိုးသားအစည်းအရုံး (KNU) ထိန်းချုပ်ရာ တပ်မဟာ ခုနစ်ခုအနက် တပ်မဟာ ခြောက်ခုတွင် KNLA တိုက်ခိုက်ရေး တပ်ဖွဲ့ဝင်များနှင့် အာဏာသိမ်း စစ်ကောင်စီတပ်တို့အကြား နေ့စဉ်ထိတွေ့ တိုက်ပွဲများ ပြင်းထန်နေသည်။

ပြီးခဲ့သည့် ဩဂုတ်လအတွင်း KNU ထိန်းချုပ်နယ်မြေတွင် တိုက်ပွဲပေါင်း ၂၆၂ ကြိမ်ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၃၀၀ ကျော် သေဆုံးကာ နောက်ထပ် ၂၆၀ ကျော် ဒဏ်ရာရခဲ့ကြောင်း ကရင်အမျိုးသား အစည်းအရုံး (KNU) က ထုတ်ပြန်ခဲ့သည်။

ထို့ပြင် KNU တပ်မဟာ (၆) ထိန်းချုပ်နယ်မြေ၊ ဘုရားသုံးဆူမြို့က စစ်ကောင်စီတပ် ခလရ(၂၈၃)အခြေစိုက် ဘုရားတောင်စခန်းကို KNLA နှင့် PDF ပူးပေါင်းတပ်ဖွဲ့က ယမန်နေ့ စက်တင်ဘာလ ၂၈ ရက်နေ့ နံနက်ပိုင်းက ဝင်ရောက်တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီဘက်က ဒု-တပ်ရင်းမှူးအပါအဝင် ၁၁ ဦး သေဆုံးခဲ့သည်။

https://mizzimaburmese.com/article/116260

---------------------------------------------------------------------------

## KNLA သိမ်းပိုက်ခဲ့သော အဇင်းစစ်ကောင်စီတပ်စခန်းကို BGF တပ်ဖွဲ့များ ပြန်ထိုင်

**စက်တင်ဘာ ၂၉ ရက်၊ ၂၀၂၂ ခုနှစ်။ ကေအိုင်စီ**



ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-(KNLA)တပ်ဖွဲ့မှ စက်တင်ဘာလ (၂၇)ရက်တုန်းက တက်ရောက်သိမ်းပိုက်ခဲ့သော ကြာအင်းဆိပ်ကြီးမြို့နယ် အဇင်းကျေးရွာအခြေစိုက် စစ်ကောင်စီတပ်စခန်းကို လက်ရှိတွင် နယ်ခြားစောင့်တပ်(BGF)တပ်ဖွဲ့များ ပြန်လည်နေထိုင်လျက်ရှိသည်ဟု ဒေသခံများက ပြောသည်။

အဇင်းကျေးရွာစစ်ကောင်စီတပ်စခန်းကို စက်တင်ဘာလ ၂၇ရက်နေ့၊ ည ၁၂ နာရီအချိန်တွင် (KNLA) တပ်ရင်း (၁၈) တပ်ဖွဲ့မှ တက်ရောက်သိမ်းပိုက်ရှင်းလင်းခဲ့ခြင်းဖြစ်သည်။ စခန်းသိမ်းပြီးနောက်တစ်နေ့ စက်တင်ဘာလ (၂၈)ရက်နေ့တွင် ဒေသခံကျေးရွာတာဝန်ရှိသူများနှင့်ကျိုက်ဒုံမြို့အခြေစိုက် စစ်ကောင်စီ ခြေမြန်တပ်ရင်း-ခမရ (၅၆၁) တပ်မှ တာဝန်ရှိသူတို့ တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ယနေ့တွင် ၎င်းတပ်စခန်းသို့ (BGF)တပ်ဖွဲ့ဝင်များက ဝင်ရောက်နေထိုင်လာခြင်းဖြစ်သည်ဟု ဒေသခံများက ပြောသည်။

“(၂၇)ရက်နေ့ ည(၁၂)နာရီက စစ်ကောင်စီတပ်စခန်းကို (KNLA) တပ်ရင်း (၁၈)အဖွဲ့က သိမ်းလိုက်တယ်။ စခန်းကိုလည်း မီးရှို့ဖျက်ဆီးခဲ့တယ်။ မနေ့က ၂၈ ရက်နေ့မှာ ရွာက တာဝန်ရှိသူတွေနဲ့ ကျိုက်ဒုံအခြေချတပ်စခန်း ခမရ (၅၆၁) က ခေါ်တွေ့တယ်လေ။ ဒီနေ့ကျတော့ အဲ့ဒီအဇင်းတပ်စခန်းကို နယ်ခြားစောင့်တပ်(BGF)တွေက စခန်းပြန်ထိုင်နေပြီး”ဟု ပြောသည်။

အလားတူ ယမန်နေ့ စက်တင်ဘာလ ၂၈ ရက်နေ့တွင်လည်း ဘုရားသုံးဆူမြို့ရှိ စစ်ကောင်စီတပ်၏ ဘုရားတောင် တပ်စခန်းကုန်းကို (KNLA)တပ်ဖွဲ့များက တက်ရောက်သိမ်းပိုက်ခဲ့ရာ ဒုတပ်ရင်းမှူးအပါအဝင် စစ်ကောင်စီတပ်ဖွဲ့ဝင် (၁၃) ဦးသေဆုံးပြီး လက်နက်ခဲယမ်းအချို့သိမ်းဆည်းရမိသည်ဟု (KNLA)ဘက်က ပြောသည်။

ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်၊ မေလ (၂၉)ရက်နေ့တုန်းကလည်း အဇင်းကျေးရွာ ရဲစခန်းမှ ရဲဝန်ထမ်းများနှင့် မိသားစုဝင်များသည် စခန်းဝင်းထဲတွင် မနေထိုင်တော့ဘဲ စခန်းစွန့်ခွာခဲ့သေးသည်။

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ဒူးပလာယာခရိုင် နယ်မြေထဲရှိ အဇင်းကျေးရွာတွင် ကေအဲန်ယူတပ်ဖွဲ့အပါအဝင် နယ်ခြားစောင့်တပ်(BGF)တပ်ဖွဲ့နှင့် ဒီမိုကရေစီအကျိုးပြုကရင့်တပ်မတော်( DKBA) တို့လှုပ်ရှားလျက်ရှိသည်။

https://kicnews.org/2022/09/knla-သိမ်းပိုက်ခဲ့သော-အဇင်း/

------------------------------------------------------------------------------------------

## အေအေအကျဉ်းထောင် ဗုံးကြဲတိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်ဖွဲ့ဝင်အချို့ သေဆုံး၊ ဒဏ်ရာရ

Published By DVB | 29 September, 2022

စစ်ကောင်စီလေတပ်ရဲ့ ဗုံးကြဲတိုက်ခိုက်မှုကြောင့် စစ်ကောင်စီတပ်သားတွေနဲ့ နယ်ခြားစောင့်တပ်ဖွဲ့ဝင်တွေ အပါအဝင် အကျဉ်းသားတချို့ သေဆုံးဒဏ်ရာရရှိခဲ့တယ်လို့ ရက္ခိုင့်တပ်တော် (အေအေ)က စက်တင်ဘာ ၂၈  ရက်မှာ ထုတ်ပြန်ပါတယ်။



စက်တင်ဘာ ၂၃ ရက်ညက ဂျက်လေယာဉ်နဲ့ ပုံးကြဲတိုက်ခိုက်ခဲ့ရာမှာ မောင်တောမြို့နယ် လက်ပံတောင်ကြောပေါ်ရှိ အေအေရဲ့ အကျဉ်းထောင် နှစ်ခုကိုထိမှန်သွားခဲ့ပြီး ဖမ်းဆီးခံထားရတဲ့ စစ်ကောင်စီတပ်ဖွဲ့ဝင်တွေ ထိခိုက်သေဆုံးခဲ့တာ ဖြစ်ပါတယ်။

လေကြောင်းတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့တဲ့ စစ်ကောင်စီတပ်ဖွဲ့ဝင်တွေကို လူသားချင်းစာနာတဲ့အနေနဲ့ ဆေးကုသပေးထားပေမဲ့ ဆေးဝါးအားနည်းချက်ကြောင့် တချို့သေဆုံးခဲ့ရပြီး တချို့ကတော့ ဒဏ်ရာပြင်းထန်တာကြောင့် အသက်ရှင်ဖို့ အခွင့်အလမ်း နည်းနေတယ်လို့ အေအေကဆိုပါတယ်။



သူတို့အသက်ဆက်ရှင်ဖို့အတွက် လာရောက်ခေါ်ဆောင်ဖို့ သူတို့ရဲ့မိခင်အဖွဲ့အစည်းဖြစ်တဲ့ စစ်ကောင်စီတပ်တာဝန်ရှိသူတွေကို ဆက်သွယ်ခဲ့ပေမဲ့ ၅ ရက်ကြာတဲ့အထိ ဆက်သွယ်လာခြင်းမရှိလို့ စစ်ကောင်စီတပ်ဖွဲ့ဝင် တယောက် သေဆုံးခဲ့ရတယ်လို့ အေအေ ထုတ်ပြန်ချက်မှာ ဖော်ပြပါတယ်။

ရခိုင်ပြည်နယ်နဲ့ ချင်းပြည်နယ် ပလက်ဝမြို့နယ်တို့မှာ ရက္ခိုင့်တပ်တော်(အေအေ)နဲ့ စစ်ကောင်စီတို့အကြား တိုက်ပွဲတွေ ပြင်းထန်လာတာကြောင့် စစ်ကောင်စီတပ်က ထွက်ပြေးလာသူ(တပ်ပြေး) တွေ တနေ့ထက်တနေ့ ပိုမိုများပြားလာတယ်လို့ သိရပါတယ်။



ရက္ခိုင့်တပ်တော်(အေအေ)ထံ နီးစပ်ရာကတဆင့် လက်နက်၊ သို့မဟုတ် လက်နက်မဲ့ ဝင်ရောက်လာကြသူတွေနဲ့ ဖမ်းဆီးရမိထားရတဲ့ စစ်ကောင်စီတပ်ဖွဲ့ဝင် အရေအတွက် ၁၅၀ ရှိလာပြီး သူတို့သွားလိုတဲ့နေရာတွေကို အန္တရာယ်ကင်းစွာပို့ထားတယ်လို့ အေအေတပ်ဖွဲ့က ဆိုပါတယ်။

တာဝန်ယူမှု၊ တာဝန်ခံမှုမရှိတဲ့ စစ်ကောင်စီတပ်ထဲမှာ ဆက်လက်တာဝန်ထမ်းဆောင်လိုစိတ်မရှိတဲ့ စစ်ကောင်စီတပ်သားတွေအနေနဲ့ ရက္ခိုင့်တပ်တော်နဲ့ အနီးစပ်ဆုံးနေရာတွေကို ဆက်သွယ်ကြဖို့လည်း အေအေက ဖိတ်ခေါ်ကမ်းလှမ်းထားပါတယ်။

https://burmese.dvb.no/archives/556579

---

## ဒဏ်ရာရ စစ်သားများ ပြန်ခေါ်ရန် AA ပြောသော်လည်း စစ်ကောင်စီ အကြောင်းမပြန်

By ဧရာဝတီ | 29 September 2022

ရခိုင်ပြည်နယ် မောင်တောမြောက်ပိုင်း လက်ပံတောင်ကြောအား စစ်ကောင်စီက လေကြောင်းမှ တိုက်ခိုက်ရာတွင် ဒဏ်ရာရခဲ့သည့် စစ်သုံ့ပန်းများအား ဆေးဝါးကုသပေးရန် အခက်အခဲရှိနေ၍ ပြန်လည်ခေါ်ဆောင်ဖို့ ရက္ခိုင်စစ်တပ် (AA) က စစ်ကောင်စီသို့ အကြောင်းကြားထားကြောင်း ယမန်နေ့ ညနေပိုင်းက ထုတ်ပြန်သည်။

မောင်တောမြို့နယ် မြောက်ပိုင်းရှိ AA တပ်ဖွဲ့ဝင်များ ခြေကုပ်ယူထားသော လက်ပံတောင်ကြောအား စက်တင် ဘာလ ၂၃ ရက် ညနေပိုင်းက စစ်ကောင်စီတပ်က တိုက်လေယာဉ်၃ စီးဖြင့် လာရောက် တိုက်ခိုက်ရာတွင် စစ်သုံ့ပန်းများ ထားသည့် နေရာ၂ ခုကို ထိမှန်ခဲ့သည့်အတွက် စစ်သားများ ဒဏ်ရာများ ပြင်းပြင်းထန်ထန်ရခဲ့ကြရာ ၎င်းတို့ကို ကုသ ရန် ဆေးဝါး မလုံလောက်သည့်အတွက် ထိုသို့ စစ်ခေါင်းဆောင်များက ကမ်းလှမ်းခဲ့ခြင်း ဖြစ်ကြောင်း AA ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

စစ်ကောင်စီ၏ လေကြောင်း တိုက်ခိုက်မှုတွင် စစ်သုံ့ပန်း ၁ ဦး ပွဲချင်းပြီး သေဆုံးခဲ့သလို ဒဏ်ရာပြင်းထန်သည့် သူများလည်း ထပ်မံ သေဆုံးမှုများ ရှိနေကြောင်း AA ပြန်ကြားရေးဌာနမှ ဒဏ်ရာရ စစ်သုံ့ပန်းများကို အင်တာဗျူး လုပ်ကာ ရုပ်သံနှင့်တကွ ထုတ်ပြန်ထားသည့် သတင်း ထုတ်ပြန်ချက်၌ မြင်တွေ့ရသည်။



လက်ပံတောင်ကြောတွင် လေကြောင်းပစ်ခတ်မှုကြောင့် ဒဏ်ရာရသွားသည့် စစ်သုံ့ပန်းများ (ဓာတ်ပုံ-AA)

ဒဏ်ရာရ စစ်သုံ့ပန်း တဦးဖြစ်သူ တပ်သား မြင့်ဆွေက “AA ကတောင်မှ ကျနော်တို့ကို လူသားချင်းစာနာစွာနဲ့ ကမ်း လှမ်းခဲ့တာပါ။ အဲဒီအပေါ် မြန်မာ့တပ်မတော်ဘက်မှ ကျနော်တို့ကို ဘာဖြစ်လို့ လက်မခံရတာလဲ။ ကျနော်ဆို တပ်ထဲမှာ နှစ် ၁၅ နှစ်လောက် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့တာမှ မငဲ့ဘဲ တာဝန်ယူမှု၊ တာဝန်ခံမှု မရှိတဲ့အတွက် အထက် လူကြီးတွေအနေနဲ့ ကျနော်တို့ကို ဆေးကုသခွင့်ပေးပါလို့ တောင်းဆိုချင်ပါတယ်” ဟု ယင်းအင်တာဗျူးတွင် ၎င်း၏ ပြောဆိုထားသည်။

တပ်သား မြင့်ဆွေသည် ရခိုင် အခြေစိုက် ဓညဝတီ ရေတပ်စခန်းဌာနချုပ် လက်အောက်ခံ အမှတ် ၃ ဗျူဟာစစ်ရေယာဉ်စုတွင် ၁၅ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သူတဦး ဖြစ်ပြီး ပြီးခဲ့သော ဩဂုတ်လအတွင်းက AA တပ်ဖွဲ့ဝင်များထံ ဖမ်းဆီးခဲ့ရခြင်း ဖြစ်သည်။

အလားတူ ဒဏ်ရာရ စစ်သုံ့ပန်း တပ်ကြပ် အောင်အောင် ကလည်း “ကျနော် စစ်သက် ၂၂ နှစ်ရှိပြီး မြန်မာ့ တပ်မတော်မှာ တာဝန်ကျေပွန်စွာနဲ့ တာဝန်တွေ ထမ်းဆောင်ခဲ့ပါ။ ဘာတခုမှ မခိုမကပ်ဘဲနဲ့ သစ္စာရှိရှိနဲ့၊ ဒါကိုတောင်မှ ကျနော်တို့ အခုလို ဖြစ်နေတာတောင် တချက်ကလေးတောင် ပြန်လှည့် မကြည့်တဲ့အတွက်ကြောင့် စိတ်မကောင်း ဖြစ်ရတယ်။ အားငယ်တယ်၊ ဝမ်းလည်း ဝမ်းနည်းပါတယ်” ဟု အင်တာဗျူးတွင် ၎င်းက ပြောဆိုထားသည်။

တပ်ကြပ် အောင်အောင်သည် ဘူးသီးတောင် စကခ ၁၅ လက်အောက်ခံ ခမရ ၃၅၂ တပ်ရင်းမှ ဖြစ်ပြီး ဩဂုတ်လ အတွင်းက မောင်တောမြို့နယ် မြောက်ပိုင်း သင်္ဘောလှကျေးရွာ အနောက်တောင်ကြော၌ ဖြစ်ပွားခဲ့သည့် တိုက်ပွဲတွင် ဖမ်းဆီးခံရခြင်း ဖြစ်သည်။



လက်ပံတောင်ကြောတွင် လေကြောင်းပစ်ခတ်မှုကြောင့် ဒဏ်ရာရသွားသည့် စစ်သုံ့ပန်းများ (ဓာတ်ပုံ-AA)

အာဏာသိမ်း စစ်ကောင်စီသည် ၎င်းတို့၏ တပ်ဖွဲ့ဝင်များ အသက်အန္တရာယ်နှင့် ရင်ဆိုင်နေရချိန် ရဲဘော်၊ ရဲဘက်ကင်းမဲ့ စွာဖြင့် စွန့်ပစ်ထားမှုမှာ အောက်ခြေ တပ်ဖွဲ့ဝင်များအပေါ် သစ္စာဖောက်သည့် လုပ်ရပ်တခု ဟုလည်း AA ၏ ထုတ်ပြန် ချက်၌ ရေးသားထားသည်။

အဆိုပါ လက်ပံတောင်ကြောအား စစ်ကောင်စီမှ လေကြောင်း တိုက်ခိုက်ရာတွင် စစ်ကောင်စီတပ်သားများ အပါအဝင်၊ နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်များနှင့် အခြား အကျဉ်းသားတချို့ ထိခိုက်သေဆုံးမှုများ ရှိခဲ့သော်လည်း အရေအတွက် အသေးစိတ် အခြေအနေကိုမူ AA က ထုတ်ပြန်ခြင်း မရှိပေ။

လတ်တလောတွင် စစ်ကောင်စီဘက်မှ AA ထံသို့ ဝင်ရောက် ခိုလှုံလာသူ၊ တိုက်ပွဲအတွင်း ဖမ်းဆီးရမိသူ စုစုပေါင်း ၁၅၀ ကျော်ရှိပြီး စစ်ကောင်စီဘက်မှ တပ်ဖွဲ့ဝင်များ စိတ်ဓာတ်ကျဆင်းကာ ဆက်လက်ပြီး တပ်မှ စွန့်ခွာ ထွက်ပြေးနေသူများလည်း ရှိနေကြောင်း AA သတင်းပြန်ကြားရေးဌာနက ထုတ်ပြန်ထားသည်။

၂၀၁၈ ခုနှင့် ၂၀၁၉ ခုနှစ်က ဖြစ်ပွားခဲ့သော ရခိုင်စစ်ပွဲကာလကလည်း ဖမ်းမိထားသော ဒဏ်ရာရ စစ်သုံ့ပန်းများအား ကုသရန် ဆေးဝါးမလုံလောက်သည့်အတွက် ပြန်လည်ခေါ်ယူရန် ကမ်းလှမ်းခြင်း အပါအဝင် စစ်သုံ့ပန်း အချင်းချင်း အလဲအလှယ်ပြုလုပ်ရန် စစ်ခေါင်းဆောင်များကို AA ကမ်းလှမ်းခဲ့သော်လည်း အကြမ်းဖက်အဖွဲ့နှင့် စစ်သုံ့ပန်းကိစ္စ လဲလှယ်ရန် အကြောင်း မရှိဟု ထိုစဉ်က စစ်တပ်သတင်းပြန်ကြားရေး အတွင်းရေးမှူး ဗိုလ်ချုပ် ဇော်မင်းထွန်းက သတင်းစာ ရှင်းလင်းပွဲ၌ ပြောဆိုခဲ့သည်။

https://burma.irrawaddy.com/news/2022/09/29/254936.html

-----------------------------------------------------------------------------------

## ရန်ကုန် - စစ်တွေ ကားလမ်းပိုင်းမှာ AA နဲ့ စစ်ကောင်စီတပ် တိုက်ပွဲပြင်းထန်နေ

2022.09.29

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်နဲ့ ပုဏ္ဏားကျွန်းမြို့အစပ် ရန်ကုန်-စစ်တွေ ကားလမ်းမ ပေါ်မှာ စက်တင်ဘာလ ၂၉ ရက် ဒီနေ့မနက် ၁၁ နာရီခွဲလောက်ကစလို့ စစ်ကောင်စီတပ်နဲ့ ရက္ခိုင့်တပ်တော် (AA) တို့ တိုက်ပွဲ ပြင်းထန်နေတယ်လို့ ဒေသခံတွေက RFA ကို ပြောပါ တယ်။



ရက္ခိုင့်တပ်တော် AA တပ်ဖွဲ့ဝင်တချို့အား တွေ့ရစဉ်။ (ယခင်ပုံအဟောင်း) Photo: AA Info Desk

အဲဒီနစ်မြို့နယ်အစပ်က စနင်းတောင်ပေါ်မှာ စခန်းချနေတဲ့ စစ်တပ်စီတပ်သားတွေ ရိက္ခာ ဆင်းယူစဉ်မှာ AA က ကြားဖြတ်တိုက်ခိုက်တာလို့ လုံခြုံရေးအရ အမည်မဖော်လိုတဲ့ ဒေသခံတစ်ဦးက ပြောပါတယ်။

**“တိုက်ပွဲဖြစ်တာက ၁၁ နာရီ ၄၀ လောက်ကစဖြစ်တာ။ အခုအထိ ပစ်သံကြားနေတုန်းပဲ။ ကားလမ်းမပေါ်မှာ ဖြစ်နေကြတာ။ စနင်းတောင်မှာ စစ်သားစခန်းရှိတယ်။ သူတို့ ရိက္ခာဆင်းယူတာကို AA က ကြားဖြတ်တိုက်တာလို့ သိရတယ်”**

အခုတိုက်ပွဲဖြစ်တဲ့နေရာဟာ ပြီးခဲ့တဲ့ ၂၀၁၉၊ ၂၀၂၀ ခုနှစ်တွေကလည်း စစ်ကောင်စီတပ်နဲ့ ရက္ခိုင့်တပ်တော် (AA) တို့ တိုက်ပွဲပြင်းထန်ခဲ့တဲ့ နေရာတွေလို့ သူက ဆိုပါတယ်။

အဲဒီအချိန်ကတည်းက စစ်ကောင်စီတပ်ဟာ စနင်းတောင်ပေါ်မှာ စခန်းချနေရာယူထား တာဖြစ်ပြီး ပြီးခဲ့တဲ့ ဩဂုတ်လကတည်းက ရက္ခိုင့်တပ်တော် (AA) က ရိက္ခာလမ်းကြောင်း ကို ပိတ်ထားတာလို့လည်း ဒေသခံတွေက ပြောပါတယ်။

အခုတိုက်ပွဲနဲ့ ပတ်သက်လို့ စစ်ကောင်စီဘက်ကရော AA ဘက်ကပါ သတင်းထုတ်ပြန်တာ မရှိသေးပါဘူး။

ရခိုင်ပြည်နယ်အတွင်း တစ်ကျော့ပြန်တိုက်ပွဲစတင်တဲ့ ဇူလိုင်လကစလို့ တစ်ဖက်နဲ့ တစ်ဖက် ရိက္ခာလမ်းကြောင်းတွေကို အပြန်အလှန်ဖြတ်တောက်ထားတယ်လို့ ဒေသခံ တွေက ပြောပါတယ်။

ရသေ့တောင်မြို့နယ်မှာရှိတဲ့ စစ်ကောင်စီတပ် ရေစိုးချောင်းဗျူဟာရဲ့ ရိက္ခာထောက်ပံ့ရေး လမ်းကြောင်းကိုလည်း ဖြတ်တောက်ပိတ်ဆို့ထားပြီး ရိက္ခာဆင်းယူတဲ့ ရေစိုးချောင်းဗျူဟာ က စစ်ကောင်စီတပ်သားတွေကိုလည်း ဩဂုတ်လ ၃၁ ရက်နေ့က မညင်းတောင်ရွာအနီးမှာ AA က ကြားဖြတ်တိုက်ခိုက်ခဲ့တဲ့ ဖြစ်စဉ်တွေလည်း ရှိခဲ့ပါတယ်။

https://www.rfa.org/burmese/news/aa-military-battle-09292022045640.html

------------------------------------------------------------------------------------------------

## ရခိုင်တွင် စစ်တပ်နှင့် အေအေ တိုက်ပွဲဖြစ်ပွား၊ စစ်တပ်က လက်နက်ကြီးဖြင့်ပစ်သဖြင့် ဒေသခံများ ထွက်ပြေးနေရ

Published By DVB | 29 September, 2022




ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းနဲ့ ကျောက်တော်မြို့နယ်အစပ်မှာ စစ်ကောင်စီတပ်နဲ့ ရက္ခိုင့်တပ်တော် (အေအေ) တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီဘက်က သေဆုံးဒဏ်ရာရသူများပြားတယ်လို့ ရက္ခိုင့်တပ်တော်နဲ့ နီးစပ်သူတွေဆီကနေ သိရပါတယ်။

ပုဏ္ဏားကျွန်းနဲ့ ကျောက်တော်မြို့နယ်အစပ်က နန္ဒင်းတောင်မှာ တပ်စွဲထားတဲ့ စစ်ကောင်စီ တပ်ဖွဲ့ဝင်တွေကို ဒီနေ့ စက်တင်ဘာ ၂၉ ရက် မနက်ပိုင်းမှာ ရက္ခိုင့်တပ်တော် (အေအေ) က ရွက်ညိုးတောင်နားမှာ တိုက်ခိုက်ခဲ့လို့ တိုက်ပွဲအပြင်းအထန် ဖြစ်ပွားနေပြီး စစ်ကောင်စီဘက်က သေဆုံးဒဏ်ရာရသူများပြားတယ်လို့ အေအေနဲ့ နီးစပ်သူတယောက်က ဒီဗွီဘီကို ပြောပါတယ်။

"အဒဲနန္ဒင်းတောင်ဘက်ကနေ စစ်(...)အင်အား ၁၇ ယောက် ရိက္ခာဆင်းယူတဲ့အချိန်မှာ ရက္ခိုင့်တပ်တော် (အေအေ) က ကြားဖြတ်တိုက်ခိုက်ခဲ့တာဖြစ်ပြီး ၁၇ ယောက်လုံးကို အရှင်ဖမ်းမိကာ လက်နက်ခဲယမ်းတွေနဲ့ ရိက္ခာတွေ သိမ်းဆည်းနိုင်ခဲ့တယ်။"

တိုက်ပွဲဖြစ်တဲ့နေရာကို ကျောက်တော်အခြေစိုက် ခမရ ၅၃၉ တပ်ရင်းကနေ လက်နက်ကြီးတွေနဲ့ ပစ်ကူပေးနေတယ်လို့ ဆိုပါတယ်။

ဒါ့အပြင် အဲဒီ နန္ဒင်းတောင်တပ်စခန်းကုန်းကို ရက္ခိုင့်တပ်တော် (အေအေ) က သိမ်းပိုက်လိုက်ပြီလို့ သတင်းတွေ ကြားရပေမဲ့လည်း အတိအကျ အတည်မပြုနိုင်သေးပါဘူး။

နှစ်ဖက်တိုက်ပွဲအတွင်း ထိခိုက်သေဆုံးတဲ့ အခြေအနေကိုတော့ စစ်ကောင်စီဘက်က သတင်းမထုတ်ပြန်သေးသလို ရက္ခိုင့်တပ်တော်ဘက်ကလည်း သတင်းထုတ်ပြန်တာ မတွေ့ရသေးပါဘူး။

နှစ်ဖက်တိုက်ပွဲတွေကြောင့် ဗုဒ္ဓေါကျေးရွာ၊ ကွမ်းအုံစုကျေးရွာ၊ ရွက်ညိုးတောင်ကျေးရွာက ဒေသခံပြည်သူတွေဟာ ဘေးလွတ်ရာနေရာတွေကို ထွက်ပြေးတိမ်းရှောင်နေကြရတယ်လို့ သိရပါတယ်။

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့ပေါ်အခြေစိုက် ၅၃၆ တပ်ရင်းကနေ စက်တင်ဘာ ၂၈ ရက်ညက ပစ်ခတ်လိုက်တဲ့ လက်နက်ကြီးကျည် ၄ လုံး ကျေးရွာအနီး ကျရောက်ပေါက်ကွဲတာကြောင့် သဇင်မြိုင်ကျေးရွာမှ ရွာသူရွာသား ၃၀၀ ကျော် ထွက်ပြေးနေကြရတယ်လို့ ဒေသခံရွာသားတွေက ပြောပါတယ်။

ထွက်ပြေးလာတဲ့ သဇင်မြိုင်ကျေးရွာသားတယောက်က "လူတွေအိပ်နေတဲ့အချိန် ညဉ့် ၁၀ နာရီကျော်လောက်မှာ ကျတာ။ စေတီတောင်နဲ့ ကျနော်တို့ရွာနဲ့ ၁ မိုင်ကျော်ဝေးတယ်။ စေတီတောင်စခန်းကို ၂၇ ရက်နေ့က

တညလုံးပစ်နေတာ။ မနေ့ကတော့ ကျေးရွာတွေအနီး ပစ်လာတာ။ လက်နက်ကြီးကျည် ၄ လုံး ရွာအနီးမှာ ကျပေါက်တော့ ကြောက်လန့်ပြီး ရွာလုံးကျွတ် ထွက်ပြေးလာခဲ့ရတာ” လို့ ပြောပါတယ်။

စက်တင်ဘာ ၂၇ ရက် ညနေပိုင်းက စေတီပြင်ကျေးရွာဝင်ဝရှိ စေတီတောင်မှာ တပ်စွဲထားတဲ့ နယ်ခြားစောင့်စခန်းကို ရက္ခိုင့်တပ်တော် (အေအေ) က တိုက်ခိုက်သိမ်းပိုက်ပြီးနောက် စက်တင်ဘာ ၂၇ ရက် တညလုံး ရသေ့တောင်အခြေစိုက် ၅၃၆ တပ်ရင်းမှ လက်နက်ကြီးပစ်ကူ ပေးခဲ့တာပါ။

စက်တင်ဘာ ၂၈ ရက် ညဥ့်အချိန်မှာတော့ အဲဒီတပ်ရင်းကပစ်လိုက်တဲ့ လက်နက်ကြီး ၄ လုံး စေတီတောင်စခန်းနဲ့ တမိုင်ကျော်ကွာဝေးတဲ့ သဇင်မြိုင်ကျေးရွာအနီး ကျရောက် ပေါက်ကွဲခဲ့တာကြောင့် ကျေးရွာသူရွာသား ၃၀၀ ကျော် ကြောက်လန့်ပြီး ညတွင်းချင်း နီးစပ်ရာ ကျေးရွာတွေကို ထွက်ပြေးသွားခဲ့ကြရတာလည်း ဖြစ်ပါတယ်။

အေအေ သိမ်းပိုက်ခဲ့တဲ့ စေတီတောင်စခန်းကို စစ်ကောင်စီတပ်က လက်နက်ကြီး ပစ်ကူတွေအပြင် အေအေတပ်ဖွဲ့တွေရှိနိုင်တဲ့ ကျေးရွာတွေအနီးကိုပါ လက်နက်ကြီး အဆက်မပြတ် ပစ်ခတ်တာတွေ ပြုလုပ်နေကြောင်း ဒေသတွေက ပြောပါတယ်။

အဆိုပါ သဇင်မြိုင်ကျေးရွာဟာ အရင် နအဖစစ်အစိုးရ လက်ထက်ကတည်းက တည်ဆောက်ခဲ့တဲ့ နတလကျေးရွာတရွာဖြစ်ပြီး အိမ်ခြေ ၇၀ ခန့်ရှိကာ လူဦးရေ ၃၀၀ ခန့် နေထိုင်နေကြတာပါ။

၂၀၂၀ ခုနှစ်ကလည်း သဇင်မြိုင်ကျေးရွာအနီးရှိ နယ်ခြားစောင့်စခန်းကို ရက္ခိုင်တပ်တော် (အေအေ) က တိုက်ခိုက်သိမ်းပိုက်ခဲ့ ပြီး အခုဆိုရင် စခန်းပျက်ကြီးတခု ဖြစ်နေပါတယ်။

ရခိုင်ပြည်နယ်အတွင်းမှာ စစ်ကောင်စီတပ်တွေနဲ့ ရက္ခိုင့်တပ်တော် (အေအေ) တို့ တကျော့ပြန်တိုက်ပွဲတွေ ပြန်ဖြစ်ပြီးနောက်ပိုင်း မြို့အများအပြားမှာ စစ်ကောင်စီက ဧည့်စာရင်း စစ်ဆေးတာတွေ၊ ပရဟိတသမားတွေနဲ့ အပြစ်မဲ့ပြည်သူတွေကို မတရား ဖမ်းဆီးတာတွေ၊ ခရီးသည်တင်ယာဉ်တွေနဲ့ ကုန်တင်ယာဉ်တွေ ကုန်းလမ်း၊ ရေလမ်းတွေ အားလုံးကို ပိတ်ဆို့တာတွေ ဆက်တိုက်ပြုလုပ်နေတယ်လို့ သိရပါတယ်။

https://burmese.dvb.no/archives/556694

------------------------------------------------------------------------------------------

## သံတွဲမြို့နယ် ဂျိုင်သာရွာကို စစ်ကောင်စီက အင်အားအလုံးအရင်းဖြင့် အဓမ္မဖယ်ရှား

Published By DVB | 29 September, 2022

ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဂျိုင်သာကျေးရွာကို စက်တင်ဘာ ၂၈ ရက်မှာ စစ်ကောင်စီက အင်အားအလုံးအရင်းနဲ့ လာရောက်ဖယ်ရှားပြီး အိမ်တွေကို အဓမ္မဖြိုချခဲ့တယ်လို့ ကျေးရွာသားတွေက ပြောပါတယ်။



စစ်ကောင်စီက စစ်သား၊ ရဲသား၊ မီးသတ်၊ ကြက်ခြေနီတွေ၊ အလုပ်သမားတွေနဲ့ စက်ယန္တရားတွေနဲ့လာပြီး အိမ်တွေကို ဖြိုဖျက်ဖယ်ရှားနေကြတာလို့ ကျေးရွာသားတယောက်က ပြောပါတယ်။

“မနေ့က တပ်မမှူးက ရောက်လာပြီး ရွာသားတွေနဲ့ ဆွေးနွေးခဲ့တာတွေ ရှိခဲ့သေးတယ်။ အဲဒီအခါ အင်အားသုံးပြီး ဖြိုဖျက်မယ်လို့လည်း မပြောခဲ့ဘူး။ ညနေ ၇ နာရီလောက်တော့ ရွာကို အင်အားအလုံးအရင်းနဲ့ လာဖြိုမယ်ဆိုပြီး အတွင်းသတင်းတွေ ရတယ်။ ဒီမနက်ပိုင်းကျတော့ စစ်သား၊ ရဲ၊ မီးသတ်၊ ဌာနပေါင်းစုံကလူတွေ အလုပ်သမားတွေနဲ့

စက်ယန္တရားယူပြီးတော့ ရောက်လာပြီး ပစ္စည်းတွေယူဖို့ အချိန် ဆယ်မိနစ်ပေးမယ် ဆိုပြီးတော့ ပြောတယ်။ ပစ္စည်းတွေတောင် ယူလို့ မပြီးကြသေးဘူး၊ သူတို့ စပြီးတော့ ဖြိုကြတော့တယ်။ အခု အိမ်တွေ၊ ခြံတွေ၊ ကြက်ခြံ၊ ဝက်ခြံကအစ ဖြိုဖျက်သွားကြတယ်" လို့ ပြောပါတယ်။

လက်ရှိ အဲဒီဂျိုင်သာကျေးရွာသားတွေဟာ နီးစပ်ရာရွာတွေမှာ ကပ်ခိုနေကြရတယ်လို့ ရွာသားတွေက ပြောပါတယ်။

အခုဖယ်ရှားခံလိုက်ရတဲ့ ဂျိုင်သာကျေးရွာဟာ သံတွဲမြို့ရဲ့ အနောက်တောင်ဘက် ၂၇ မိုင်ခန့်အကွာက ပင်လယ်ကမ်းစပ်မှာ ငါးဖမ်းလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်း ပြုလုပ်နေကြတာဖြစ်ပြီး အိမ်ခြေ ၃၀ ကျော် လူဦးရေ ၂၀၀ နီးပါး နေထိုင်ကြတာ ဖြစ်ပါတယ်။



အဲဒီရွာကို စစ်ကောင်စီက ရေတပ်ပိုင်မြေဆိုပြီး ၂၀၁၈ ခုနှစ်ကတည်းက ရွှေ့ပြောင်းပေးဖို့ ရွာသားတွေကို အသိပေးလာတယ်လို့ ဆိုပါတယ်။

အဲဒီနောက် အခုနှစ် ဩဂုတ်လအတွင်းက စီမံကိန်းရှိတယ်ဆိုပြီး အတင်းရွှေ့ခိုင်းပြီး ရွာနဲ့ ၄ မိုင်လောက်ဝေးတဲ့ နေရာမှာ အစားထိုးမြေပေးလာတယ်လို့ ရွာသားတွေက ပြောပါတယ်။ ဘာစီမံကိန်း ဆိုတာကိုလည်း ရွာသားတွေ သိခွင့်မရဘူးလို့ ဆိုပါတယ်။

ရွာသားတွေဟာ ပင်လယ်မှာ ငါးဖမ်းလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်း နေကြရတာကြောင့် အဲဒီနေရာသစ်ကို ပြောင်းရွှေ့လုပ်ကိုင်စားသောက်ဖို့ အဆင်မပြေတာကြောင့် မပြောင်းရွှေ့တာလို့ ရွာသားတယောက်က ပြောပါတယ်။

"ရွာကို စစ်တပ်က ရွာနဲ့ ၄ မိုင်လောက်အကွာမှာ ရွှေ့ပြောင်းနေထိုင်ရမယ်ဆိုပြီး ပြောတယ်။ ကျနော်တို့က ပင်လယ်ကို မှီခိုပြီး လုပ်စားနေကြရတာ။ အဲဒီနေရာရွှေ့သွားရင် ဘယ်လိုမှ အဆင်မပြေတာကြောင့် ဒီမှာ လာဖြိုကြရင်လည်း ဖြိုဆိုပြီး နေကြတာပါ။ အခု သူတို့က အင်အားသုံးပြီး လာဖြိုဖျက်ကြတော့ အနီးအနားကရွာမှာ လောလောဆယ် အဆင်ပြေသလို ရွှေ့ပြောင်းနေထိုင်နေကြရတယ်။"

ဂျိုင်သာကျေးရွာကို ၁၉၇၆ ခုနှစ်ကတည်းက ဒေသခံတွေက အခြေချ ရွာတည်ကာ နေထိုင်ကြတာ ဖြစ်ပြီး ၁၉၉၆ ခုနှစ်မှာမှ စစ်တပ်က ရေတပ်ပိုင်မြေဆိုပြီး သတ်မှတ်လာတယ်လို့ ရွာသားတွေက ပြောပါတယ်။

ဂျိုင်သာရွာကို ပြောင်းရွှေ့ပေးဖို့ စစ်ကောင်စီရဲ့ သတိပေးစာမှာ နိုင်ငံတော်အစိုးရ၊ အာဏာပိုင်တွေရဲ့ ခွင့်ပြုချက်မရဘဲ တဆင့်ငှားရမ်းတာ၊ အစိုးရရဲ့ အိမ်ဥပစာမှာ နေထိုင်ခဲ့ပြီး လိုက်နာရမယ့် စည်းကမ်းချက်တွေကို မလိုက်နာတာ၊ အစိုးရအိမ် ဥပစာမှာ ခွင့်ပြုချက်မရဘဲ နေထိုင်နေတာလို့ ယူဆတာကြောင့် ၁၉၅၅ ခုနှစ် အစိုးရအိမ် ဥပစာအရ (နှင်ထုတ်ခြင်း) အက်ဥပဒေ ပုဒ်မ-၃ အရ ဖယ်ရှားတာလို့ ဖော်ပြထားပါတယ်။

https://burmese.dvb.no/archives/556587

---

## မြောက်ဦးတွင် စစ်တပ်ထောင်ထားသည့်မိုင်း နင်းမိပြီး လူငယ် ၁ ဦး အပြင်းအထန်ဒဏ်ရာရ

Published By DVB | 29 September, 2022

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့မှာ စက်တင်ဘာ ၂၉ ရက် ညနေပိုင်းက စစ်ကောင်စီတပ် ထောင်ထားတဲ့မိုင်းကို နင်းမိပြီး လူငယ်တယောက် အပြင်းအထန် ဒဏ်ရာရရှိခဲ့တယ်လို့ သိရပါတယ်။



မြောက်ဦးမြို့ ကျောက်ရစ်ကေရပ်ကွက်မှာ ဒီနေ့ စက်တင်ဘာ ၂၉ ရက် ညနေ ၄ နာရီလောက်မှာ သာလီစွကားဝပ်ရှော့ဆိုင်နားက ဝါယာရိန်းဆိုင်မှာ အလုပ်လုပ်နေတဲ့ အသက် ၂၀ နှစ်အရွယ် မောင်သန်းနိုင်ကျော်ဟာ နာရေးကူညီမှုရုံးနဲ့ သင်္ချိုင်းကြားမှာ အပေါ့သွားတဲ့အချိန် စစ်ကောင်စီတပ် ထောင်ထားတဲ့မိုင်းကို နင်းမိပြီး ခြေထောက် ၂ ဖက်လုံး ပြတ်ထွက်ကာ အပြင်းအထန် ဒဏ်ရာရရှိခဲ့တယ်လို့ မြောက်ဦးမြို့ ဒေသခံတယောက်က ဒီဗွီဘီကို ပြောပါတယ်။

“အဲဒီလူငယ်လေးကို ကရုဏာလှိုင်း သွေးလှူရှင်များအသင်းရဲ့ လူနာတင်ယာဉ်နဲ့ မြောက်ဦးမြို့ ပြည်သူ့ဆေးရုံကို ပို့ဆောင်လိုက်ကြတယ်။ အဲဒီ မိုင်းပေါက်ကွဲတဲ့နေရာကို စစ်(…)တွေ အများအပြား ရောက်နေတယ်။ ဆေးရုံမှာလည်း စစ်(…)တွေအများကြီး နေရာယူထားကြတယ်။”

ရခိုင်ပြည်နယ်အတွင်း စစ်ကောင်စီတပ်နဲ့ ရက္ခိုင့်တပ်တော် (အေအေ) တို့ တိုက်ပွဲကာလ အတွင်းမှာ စစ်ကောင်စီတပ်က ထောင်ထားတဲ့ မြေမြှုပ်မိုင်းပေါက်ကွဲပြီး ဒေသခံပြည်သူ ၇၁ ယောက် သေဆုံးပြီး ၁၄၆ ယောက် ဒဏ်ရာရရှိခဲ့တယ်လို့ ULA/AA ရဲ့ စက်တင်ဘာ ၁၉ ရက်နေ့မှာ ကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲမှာ ရက္ခိုင့်တပ်တော် (အေအေ) ပြောခွင့်ရ ဦးခိုင်သုခက ပြောဆိုထားပါတယ်။

မိုင်းအန္တရာယ်နဲ့ပတ်သက်လို့ အရင်ကလည်း ပြည်သူလူထုကို အကြိမ်ကြိမ် သတိပေးထားပြီး စစ်ကောင်စီတပ်ဟာ အရင်က သူတို့ စခန်းချတပ်စွဲနေထိုင်ခဲ့တဲ့ နေရာတွေမှာ မြေမြှုပ်မိုင်းတွေကို ပစ်စလက်ခတ်ထောင်ထားခဲ့သလို စည်းမဲ့ကမ်းမဲ့ စွန့်လွှတ်မိုင်းတွေကြောင့် ရခိုင်ပြည်နယ်မှာသာမက မြန်မာနိုင်ငံ အနှံ့အပြားမှာလည်း မြေမြှုပ်မိုင်းဒဏ်ကို ပြည်သူတွေ ဆိုးဆိုးရွားရွား ခံစားနေကြရတယ်လို့ သိရပါတယ်။

https://burmese.dvb.no/archives/556738

-----------------------------------------------------------------------------------------

## မန်တုံမြို့ရှိ စစ်ကောင်စီတပ်နှင့် ရဲစခန်းကို KIA၊ PDF ပူးပေါင်းတပ်ဖွဲ့ တိုက်ခိုက်

Published By DVB | 29 September, 2022



ရှမ်းပြည်နယ်မြောက်ပိုင်း၊ ပလောင်(တအာင်း) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့မှာ အခြေစိုက်ထားတဲ့ စစ်ကောင်စီတပ်နဲ့ ရဲစခန်းကို ကချင်လွတ်လပ်ရေးတပ်မတော် (KIA) နဲ့ ပြည်သူ့ကာကွယ်ရေးတပ် (PDF) တို့က ဒီကနေ့ စက်တင်ဘာ ၂၉ ရက်မှာ တိုက်ခိုက်ခဲ့တယ်လို့ ဒေသခံတွေက ပြောပါတယ်။

ဒေသခံတယောက်က “မနက်က အမှတ် ၁၃၀ တပ်ရင်းနဲ့ ရဲစခန်းကို PDF၊ KIA ပူးပေါင်းတပ်ဖွဲ့က လာပစ်တာ၊ စစ်တပ်ကလည်း ပြန်ပစ်တယ်” လို့ ပြောပါတယ်။

ပစ်ခတ်တိုက်ခိုက်မှုအတွင်း နှစ်ဖက်တပ်ဖွဲ့တွေရဲ့ ထိခိုက်ကျဆုံးမှု မသိရသေးပေမဲ့ မန်တုံမြို့ထဲက အရပ်သားနေအိမ်တချို့ ကျည်ထိမှန် ပျက်စီးတာတွေ ရှိခဲ့တယ်လို့ ဒေသခံတွေက ဆိုပါတယ်။

မြို့ခံတယောက်က "မြို့ရဲ့ ဘယ်ဘက်ကုန်းပေါ်မှာ စစ်တပ်က တပ်ရင်းရှိတယ်။ မြို့ ညာဘက်မှာ ရဲစခန်းရှိတယ်။ မြို့က ကြားထဲမှာ၊ ပစ်ကြခတ်ကြတော့ အလယ်ခေါင်မှာရှိတဲ့ လူနေအိမ်တချို့ ကျည်ထိတယ်။ ကျနော့်အိမ်က နှစ်ထပ်ဆိုတော့ အပေါ်ထပ်အမိုးတွေ ထိကုန်ပြီ။ ကျနော်တော့ အိမ်အောက်မှာ ပုန်းနေရတယ်" လို့ ပြောပါတယ်။

စက်တင်ဘာလအတွင်း အာဏာသိမ်းစစ်ကောင်စီတပ်က ပလောင် (တအာင်း) ဒေသနဲ့ ထိစပ်နေတဲ့ နမ္မတူမြို့နယ်အတွင်းက ကျေးရွာတွေဘက်ကို စစ်ကြောင်းထိုးနေတာကြောင့် KIA ပူးပေါင်း PDF တပ်ဖွဲ့တွေနဲ့ တိုက်ပွဲဖြစ်ပွားနေပါတယ်။ တိုက်ပွဲတွေကြောင့် ဆင်လီ၊ လီဆူနဲ့ ကုန်းကယားရွာက ဒေသခံ ၂၀၀ ကျော် နမ္မတူမြို့ဘက်ကို စစ်ဘေးတိမ်းရှောင်နေရပါတယ်။

https://burmese.dvb.no/archives/556708

--------------------------------------------------------------------------------

## လဲချားမြို့နယ်အတွင်း စစ်ကောင်စီကို တွေ့ဆုံခဲ့သည့် သျှမ်းတပ်(၂)တပ် တိုက်ပွဲဖြစ်

By SHAN - September 29, 2022

သျှမ်းပြည်တောင်ပိုင်း လဲချားမြို့နယ်တွင် အာဏာသိမ်းစစ်ကောင်စီနှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့အချင်းချင်း တိုက်ပွဲဖြစ်ပွားသောကြောင့် စစ်ရှောင်များ ထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်း စုံစမ်းသိရသည်။



RCSS & SSPP

ယမန်နေ့ စက်တင်ဘာ (၂၈) ရက် ညပိုင်းအချိန်မှာ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၊ သျှမ်းပြည်တပ်မတော် (RCSS/SSA) နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော် (SSPP/SSA) တို့ လဲချားမြို့ နှင့် (၂) မိုင်ခန့် ဝေးသည့် မက်လန်းကျေးရွာအနီးမှာ တိုက်ပွဲဖြစ်ပွားသောကြောင့် ဒေသခံများ ထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်း သိရှိရသည်။

"သူတို့ (၂) ဖွဲ့ တိုက်ပွဲဖြစ်တာက ဒေသခံတွေ တောင်ယာကနေ ပြန်လာတဲ့ အချိန်ဖြစ်တယ်။ အဲ့နီးနားက ကျေးရွာ ဒေသခံ (၃၃) ဦး ကား (၃) စီးလောက် လဲချားမြို့ထဲကို စစ်ဘေးတိမ်းရှောင် ထွက်ပြေးလာခဲ့တယ်။ ဒီနေ့ တိုက်ပွဲငြိမ်တော့ ပြန်သွားကြပြီ" ဟု လဲချားဒေသခံ တစ်ဦး က သျှမ်းသံတော်ဆင့် ကိုပြောသည်။

စစ်ဘေးတိမ်းရှောင်လာသည့် စစ်ရှောင် (၃၃) ဦးသည် လဲချားမြို့ ရှိ ဝါဆိုဘုန်းကြီးကျောင်း နှင့် ဟိုဖိုင်ဘုန်းကြီးကျောင်းတွင် တစ်ညတာ လာရောက် ခိုလှုံခဲ့ပြီး ယနေ့ (စက်တင်ဘာ ၂၉)ရက် နံနက်ပိုင်း တွင် နေရပ်ပြန်သွားကြောင်းသိရသည်။

"မနေ့က ပစ်ခတ်သံ က မက်လန်းကျေးရွာဘက်အနီးမှာ (၁) နေရာ ကြားရတယ်။ သူတို့ ဒီလို တိုက်ပွဲဖြစ်ရင် ဒေသခံ ရွာသားတွေပဲ ဒုက္ခရောက်တယ်။ သျှမ်းအချင်းချင်း ဒီလို ပြန်တိုက်တော့ ကျနော်တို့ ပြည်သူတွေပဲ ဒုက္ခဆင်းရဲရောက်တာ" ဟု လဲချားဒေသခံ တစ်ဦး ကပြောသည်။

တိုက်ပွဲဖြစ်ပွားမှု နှင့် ပတ်သက်ပြီး လက်နက်ကိုင် (၂) ဘက်မှ ထိခိုက်ဒဏ်ရာ ရရှိသူများ စာရင်း မသိရှိရသေးပေ။

ပြီးခဲ့သည့် စက်တင်ဘာ (၂၁) ရက်နေ့က ကျေးသီးမြို့နယ် မိုင်းရဲကျေးရွာအုပ်စု ပန်ဟိုက် ကျေးရွာ နှင့် ခိုနမ့်တောင်းကြားမှာ SSPP နှင့် RCSS တို့ နှစ်ဖက်တပ်ဖွဲ့ ထိပ်တိုက်ရင်ဆိုင်ရပြီး တိုက်ပွဲဖြစ်ပွားခဲ့ရကြောင်း သိရသည်။

https://burmese.shannews.org/archives/30638

--------------------------------------------------------------------------------

## ရှမ်းပြည်မြောက်ပိုင်း မန်တုံမြို့မှာ တိုက်ပွဲတွေ ပြင်းထန်နေ

2022.09.29



နမ္မတူမြို့နယ် ပုပ္ပါရုံကျောင်းကို တိမ်းရှောင်နေကြသည့် ကောင်းဟုန်းရွာသားများကို ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့က တွေ့ရစဉ်။ ဓာတ်ပုံ - တအာင်းအမျိုးသမီးအဖွဲ့

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့ပေါ်မှာ စက်တင်ဘာလ ၂၉ ရက်နေ့ ဒီနေ့ နေ့လယ်ပိုင်းက စစ်ကောင်စီနဲ့ ကချင်လွတ်မြောက်ရေး တပ်ဖွဲ့KIA၊ PDF ပူးပေါင်းအဖွဲ့တွေ တိုက်ပွဲပြင်းထန်နေပြီး နေအိမ်အချို့ လက်နက်ကြီး ထိမှန်တာရှိတယ်လို့ ဒေသခံကပြောပါတယ်။

ဒီနေ့ ညနေ လေးနာရီဝန်းကျင်ထိ တိုက်ပွဲပြင်းထန်နေတာကြောင့် ဒေသခံတွေ နေအိမ်အပြင် မထွက်ရဲသေးဘဲ အခြေအနေကို စောင့်ကြည့်နေကြတယ်လို့ မန်တုံမြို့ခံတစ်ဦးက ပြောပါတယ်။

**“မနက်တည်းက မန်ကန်ရပ်ကွက်ကုန်းကနေ စဖြစ်တာပေါ့။ ရဲစခန်းကို ဝင်ပစ်တာ။ အဲမှာက ရဲသုံးယောက်လောက်ပဲ ရှိတာ။ သူတို့လည်း အဲမှာ မနေကြတာကြာပြီ”**

အရပ်သားထိခိုက်မှုနဲ့ နေအိမ်ပျက်စီးမှု အခြေအနေတွေကို တိတိကျကျ မသိရ သေးဘူးလို့လည်း သူကဆိုပါတယ်။

မန်တုံမြို့နယ်နဲ့ နယ်မြေချင်း တစ်ဆက်တည်းဖြစ်တဲ့ နမ္မတူမြို့နယ် ကုန်းကယားရွာ အနီးမှာလည်း စက်တင်ဘာလ ၂၈ ရက်နေ့ မနက်ပိုင်းက စစ်ကောင်စီနဲ့ ကချင် လွတ်မြောက်ရေးတပ်ဖွဲ့ KIA၊ PDF ပူးပေါင်းအဖွဲ့တွေတိုက်ပွဲ ဖြစ်ခဲ့ပါတယ်။

မနက်ပိုင်းမှာ ကုန်းကယား ကျေးရွာအနီး တိုက်ပွဲဖြစ်ခဲ့ပြီး ညနေပိုင်းမှာ နမ္မတူမြို့အထွက် စစ်တပ်စခန်းကို KIA တပ်ဖွဲ့က လာရောက် ပစ်ခတ်ခဲ့တယ်လို့ ဒေသခံက ပြောပါတယ်။

တိုက်ပွဲကြောင့် အိမ်ခြေ ၉၆ အိမ်ရှိတဲ့ ကုန်းကယားကျေးရွာက လူဦးရေ ၂၇၅ ဦးဟာ နမ္မတူမြို့နယ် ပုပ္ပါရုံဘုန်းကြီးကျောင်းမှာ တိမ်းရှောင်နေရပြီး စားသောက်စရာတွေနဲ့ အဝတ် အထည်တွေ လိုအပ်နေတယ်လို့ ဒုက္ခသည်တွေကို အကူအညီပေးနေသူ တစ်ဦးက RFA ကိုပြောပါတယ်။

ရှမ်းပြည်နယ်မြောက်ပိုင်းက မြို့နယ်အချို့မှာ အခုရက်ပိုင်း စစ်ကောင်စီတပ်နဲ့ ကချင်လွတ် မြောက်ရေးတပ်ဖွဲ့ KIA၊ PDF ပူးပေါင်းအဖွဲ့တွေကြား တိုက်ပွဲတွေနေ့စဉ်လို ဖြစ်နေပြီး မနေ့က တစ်ရက်တည်းမှာပဲ သိန္နီမြို့နယ်နဲ့ နမ္မတူမြို့နယ်အတွင်းမှာ တိုက်ပွဲ သုံးကြိမ်အထိ ဖြစ်ခဲ့တယ်လို့ ဒေသခံတွေကပြောပါတယ်။

https://www.rfa.org/burmese/news/battle-in-northern-shan-state-09292022073708.html

--------------------------------------------------------------------------------

## နမ့္တူမြို့နယ်အတွင်း စစ်ရှောင်သစ် ၃၀၀နီးပါးရှိ စားနပ်ရိက္ခာအကူအညီလိုအပ်

By SHAN - September 29, 2022

သျှမ်းပြည်မြောက်ပိုင်း နမ့္တူမြို့နယ် ဘော်တွင်းအနီး ဖြစ်ပွားသည့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် စစ်ရှောင် ၃၀၀ နီးပါးရှိလာပြီး စားနပ်ရိက္ခာအကူအညီလိုအပ်နေကြောင်း သတင်းသိရသည်။

အာဏာသိမ်း စစ်ကောင်စီ နှင့် ကချင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် KIA ပူးပေါင်း PDF တပ်ဖွဲ့တို့၏ ပစ်ခတ်မှုကြောင့် စစ်ရှောင်အသစ် (၃၀၀) နီးပါး သည် နမ့္တူမြို့နယ်မှ ကုန်းကယားကျေးရွာ နှင့် ဆင်လီကျေးရွာတို့မှ ဗုဗ္ဗာရုံ ဘုန်းကြီးကျောင်းသို့ ထွက်ပြေးလာကြောင်း ဒေသခံများက ပြောသည်။

“ရွာနဲ့ အနီးမှာပဲ တိုက်ပွဲတွေ ဖြစ်ကြလို့ ပြေးလာကြတာတဲ့၊ တချို့က ဘာမှတောင် မယူဖြစ်လိုက်ကြဘူး၊ အမျိုးသား (၁၀၅) ကျော် နဲ့ အမျိုးသမီး (၁၇၀) လောက်ရှိတယ်၊ စောင်တွေကြတော့ ဘုန်းကြီးကျောင်းက ပေးထားပေမယ့် စားဖို့သောက်ဖို့ က ခက်တယ်လေ၊ အကူညီတွေ လိုအပ်တယ်” ဟု နမ့္တူမြို့နယ်မှ အမည်မဖော်လိုသူ တစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။




နမ့္တူမြို့နယ် စစ်ရှောင်အသစ်များ ထပ်မံရောက်ရှိ

အဆိုပါ ထွက်ပြေးတိမ်းရှောင်ထွက်လာသူများမှ အများစုသည် သက်ကြီးရွယ်အိုနှင့် ကလေးမိခင် အမျိုးသမီးများဖြစ်ကြပြီး ၎င်းတို့အတွက် နေထိုင်စားသောက်ရေး အကူအညီများ လိုအပ်နေကြောင်း သတင်းသိရသည်။

လက်ရှိ အချိန်ထိ နမ့္တူမြို့နယ်အတွင်း စစ်ရေးတင်းမာမှုများ ဆက်လက်ရှိနေပြီး ယနေ့ စက်တင်ဘာလ ၂၉ ရက်တွင် လူမှုကူညီရေးအသင်းမှ စစ်ရှောင်များအတွက် စားနပ်ရိက္ခာတချို့ လာရောက်ထောက်ပံ့ကူညီပေးခဲ့ကြောင်း သိရသည်။

“ကျနော်တို့ကလည်း တတ်နိုင်သလောက် အကူညီ ဖြစ်အောင် ဆန် ၅ အိတ်၊ ဆီ တပိဿာဗူး ၃ ဗူး။ အသားတု ၂ ပိဿာ ကြာဆံ ၁ ပိဿာ၊ ဟင်းချိုမှုန့် ၄ ထုတ်၊ ယမ်ယမ် ခေါက်ဆွဲတစ်ဖာ ၊ ပဲပြား ၂၀ ထုတ် ထောက်ပံ့ပေးခဲ့ ပါတယ်” ဟု သွားရောက်ကူညီပေးခဲ့သူ လက်ဖက်ညွန့် လူမှုကူညီရေးအသင်း ဥက္ကဋ္ဌ က သျှမ်းသံတော်ဆင့် ကို ပြောသည်။

လက်ရှိတွင် ကုန်းကယားကျေးရွာဘက်၌ စစ်ကောင်စီတပ်ဖွဲ့မှ နေရာယူထားပြီး အနီးပတ်ဝန်းကျင်တွင်လည်း KIA၊ PDF ပူးပေါင်းတပ်ဖွဲ့တို့က လှုပ်ရှားနေသည့်အတွက် အချိန်မရွေး တိုက်ပွဲ ထပ်မံ ဖြစ်ပွားနိုင်ကြောင်း ဒေသခံများက စိုးရိမ်ထိတ်လန့် နေကြောင်း သိရသည်။

https://burmese.shannews.org/archives/30649

--------------------------------------------------------------------------------

## တရက်တည်း စစ်ကောင်စီတပ်ဖွဲ့ဝင် အယောက် ၇၀ ကျော်သေဆုံး၊ ၁၃ ဦး ထိခိုက်ဒဏ်ရာရ

Published By DVB | 29 September, 2022

စက်တင်ဘာ ၂၈ ရက် မနေ့ကတရက်တည်း ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲတွေမှာ စစ်ကောင်စီ အကြမ်းဖက်တပ်ဖွဲ့ဝင် အယောက် ၇၀ ကျော် သေဆုံးခဲ့တယ်လို့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က ထုတ်ပြန်ပါတယ်။

အခုထုတ်ပြန်ထားတဲ့ အချက်အလက်ဟာ မြေပြင်အခြေအနေမှာ ပိုများနိုင်ပြီး တရက်တည်း ထိခိုက်ဒဏ်ရာရရှိတဲ့သူ အရေအတွက်ကတော့ ၁၃ ယောက်ထိ ရှိခဲ့တယ်လို့ ဆိုပါတယ်။

လတ်တလောမှာတော့ အာဏာသိမ်းစစ်အုပ်စုရဲ့ ပြည်သူလူထုအပေါ် အကြမ်းဖက် ဖိနှိပ်ဖမ်းဆီး တိုက်ခိုက်သတ်ဖြတ်နေမှုတွေကို ပြည်သူတရပ်လုံးက အသက်ရှင်သန်ရေး အတွက် ခုခံကာကွယ်ပိုင်ခွင့်အရ ပြည်သူ့ခုခံစစ်ကို ဆင်နွှဲနေကြပြီး နိုင်ငံတဝန်းမှာတော့ မြန်မာပြည်သူတွေဟာ စစ်အာဏာရှင်စနစ် မြန်မာ့မြေပေါ်မှ အပြီးတိုင်ချုပ်ငြိမ်းရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ရေးအတွက် ငြိမ်းချမ်းစွာဆန္ဒပြတဲ့ လူထုသပိတ်တိုက်ပွဲတွေ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ အနှံ့အပြား ပြုလုပ်နေကြသလို ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်တွေ၊ တိုင်းရင်းသား လက်နက်ကိုင်တပ်တွေနဲ့ စစ်ကောင်စီတပ်တွေကြား တိုက်ပွဲတွေ ပြင်းထန်နေပါတယ်။

NUG အစိုးရကတော့ ပြည်သူ့ခုခံတွန်းလှန်စစ်ပွဲ စတင်ခဲ့တဲ့ ၁ နှစ်အတွင်း အကြမ်းဖက် စစ်ကောင်စီဘက်က တပ်ဖွဲ့ဝင်ပေါင်း ၂၀,၁၅၀ ကျော်သေဆုံးကာ ဒဏ်ရာရသူ ၇,၀၀၀ ကျော်လောက်ရှိလာပြီး စစ်ကောင်စီ စိုးမိုးအုပ်ချုပ်နိုင်တဲ့နေရာဟာ တိုင်းပြည် နယ်မြေအကျယ်အဝန်းရဲ့ ထက်ဝက်တောင် မရှိတော့ဘူးလို့ NUG ယာယီသမ္မတ ဒူဝါလရှီးလက ပြောကြားထားပါတယ်။

ပြီးခဲ့တဲ့ စက်တင်ဘာ ၇ ရက်နေ့ ပြည်သူ့ခုခံတော်လှန်စစ် ကြေညာခြင်း တနှစ်ပြည့် အထိမ်းအမှတ်အဖြစ် အမျိုးသားညီညွတ်ရေးအစိုးရ ယာယီသမ္မတ ဒူဝါလရှီးလက  နိုင်ငံတော်အခြေပြမိန့်ခွန်း ပြောကြားရာမှာ ထည့်သွင်းပြောဆိုခဲ့တာဖြစ်ပြီး ၁ နှစ်တာကာလအတွင်း ခန့်မှန်းခြေစာရင်းအရ PDF တွေနဲ့ မဟာမိတ် တိုင်းရင်းသား လက်နက်ကိုင် သူရဲကောင်းရဲဘော်တွေ စုစုပေါင်း ၁,၅၀၀ ကျော် ကျဆုံးခဲ့တယ်လို့လည်း သူက ပြောပါတယ်။

လူထုသပိတ်တိုက်ပွဲတွေအနေနဲ့ မြေပြင်တိုက်ပွဲတွေ ပြင်းထန်နေတဲ့ စစ်ကိုင်းတိုင်းဒေသကြီးမှာ ၈ ကြိမ်နဲ့ အများဆုံး ဖြစ်ပွားခဲ့တယ်လို့ ထုတ်ပြန်ချက်မှာ ဖော်ပြပါတယ်။

မြန်မာပြည်အနှံ့ တိုက်ပွဲတွေမှာ တပ်ဖွဲ့ဝင်တွေ သေဆုံးဒဏ်ရာရမှု အခြေအနေနဲ့ ပတ်သက်လို့ အကြမ်းဖက် စစ်ကောင်စီဘက်ကတော့ သတင်းထုတ်ပြန်တာ မရှိပါဘူး။

ဒါ့အပြင် စစ်ကောင်စီရဲ့ အဆိုးဆုံး အကြမ်းဖက်တာ ခံခဲ့ရတဲ့ စစ်ကိုင်းတိုင်းနဲ့ မကွေးတိုင်းထဲက မြန်မာပြည်အထက်ပိုင်း လမ်းပိုင်းတွေရဲ့ ၉၀ ရာခိုင်နှုန်းကို PDF တွေက ထိန်းချုပ်ထားနိုင်ပြီလို့ NUG အစိုးရက ပြီးခဲ့တဲ့ ဇွန် ၂၁ ရက်နေ့ သတင်းစာရှင်းလင်းပွဲမှာ ပြောထားပြီး လက်ရှိ မြေပြင်မှာ အကြမ်းဖက်ခံနေရတဲ့ ကျေးရွာတွေဟာ စစ်ကောင်စီနဲ့ PDF တွေ နှစ်ဖက်စလုံး မထိန်းချုပ်နိုင်သေးတဲ့ ကြားနယ်မြေတွေ ဖြစ်တယ်လို့ ဆိုပါတယ်။

https://burmese.dvb.no/archives/556664

---------------------------------------------------------------------------------------------

## စစ်တပ်လက်နက်ကြီး ထိမှန်သေဆုံးခဲ့သည့် လှိုင်ကော်ဒေသခံ ၁ ဦး အပါအဝင် အပြစ်မဲ့ ကျဆုံးပြည်သူ ၂,၃၂၆ ဦးရှိလာ

Published By DVB | 29 September, 2022

မြန်မာနိုင်ငံမှာ အာဏာသိမ်း ၁ နှစ်ခွဲကျော်အကြာ စစ်ကောင်စီတပ်တွေ အကြမ်းဖက် ပစ်ခတ် သတ်ဖြတ်မှုတွေကြောင့် နိုင်ငံတဝန်း အပြစ်မဲ့ကျဆုံးပြည်သူ ၂,၃၂၆ ယောက်နဲ့ ဖမ်းဆီးထိန်းသိမ်းခံရသူပေါင်း

၁၅,၆၈၆ ယောက်ထိရှိပြီလို့ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) က ထုတ်ပြန်ပါတယ်။

ဒီစာရင်းဟာ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်အထိ အေအေပီပီက ကောက်ယူမှတ်တမ်းပြုစုထားတာဖြစ်ပြီး အမှန်တကယ် ကျဆုံးသူတွေဟာ ဒီထက်ပိုနိုင်တယ်လို့ ဖော်ပြပါတယ်။

နွေဦးတော်လှန်ရေးကာလအတွင်း ဒီနေ့အထိ ၁၂,၅၄၃ ယောက် လက်ရှိ ချုပ်နှောင်ခံထားရဆဲဖြစ်ပြီး အဲဒီထဲက ၁,၄၉၄ ယောက်ကတော့ ထောင်ဒဏ် ချမှတ်ခံထားရပါတယ်။

တော်လှန်ရေးနဲ့ဆက်စပ်ပြီး သေဒဏ်ချမှတ်ခံထားရကာ အကျဉ်းထောင်တွေထဲ ထိန်းသိမ်းခံနေရသူ အရေတွက်ကတော့ ၈၄ ယောက်ရှိနေပြီး မျက်ကွယ် သေဒဏ်ချမှတ်ခံထားရသူ ၄၂ ယောက် အပါအဝင် ၁၂၁ ယောက်ကတော့ မျက်ကွယ်ပြစ်ဒဏ် ချမှတ်ခံထားရတာကြောင့် သေဒဏ်ချမှတ်ခံထားရသူ စုစုပေါင်း ၁၂၆ ယောက် ရှိလာခဲ့ပြီဖြစ်ပါတယ်။

လတ်တလောအချိန်ထိ အာမခံနဲ့လွတ်မြောက်သူ ၂၂ ယောက်ရှိပြီး ပြန်လည်လွတ်မြောက်လာသူ ဦးရေကတော့ ၃,၁၂၁ ယောက် ရှိခဲ့တယ်လို့ ဆိုပါတယ်။ ဒါ့အပြင် အေအေပီပီကနေ လက်လှမ်းမီသမျှ မှတ်တမ်းပြုစုထားချက်အရ အာဏာသိမ်းချိန်ကနေ ပြီးခဲ့တဲ့ ဩဂုတ်လကုန်ထိ အကြမ်းဖက်စစ်အုပ်စုက မတရား ချိပ်ပိတ်သိမ်းဆည်းခဲ့တဲ့ နေအိမ်၊ အဆောက်အဦ အရေအတွက် စုစုပေါင်း ၇၆၀ ခုထက်မနည်း ရှိခဲ့တယ်လို့ ဆိုပါတယ်။

ပြီးခဲ့တဲ့ စက်တင်ဘာ ၂၇ ရက် နေ့လယ် ၃ နာရီခွဲက ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ် အခြေစိုက် ခလရ ၂၅၀ နဲ့ ခမရ ၄၂၂ တို့က လက်နက်ကြီးတွေနဲ့ ရမ်းသန်းပစ်ခတ်ခဲ့ရာ လက်နက်ကြီးကျည် ၁ လုံး လွိုင်ကော်မြို့နယ်၊ ကုန်းသာကျေးရွာအတွင်းကို ကျရောက်ပေါက်ကွဲခဲ့ပြီး နေအိမ်မှာရှိနေတဲ့ အသက် ၅၅ နှစ်အရွယ် အမျိုးသမီးတယောက် နေရာတင် သေဆုံးခဲ့တယ်လို့ သိရပါတယ်။ ဒါ့အပြင် ဒေသခံ ရွာသား ၂ ယောက်လည်း အပြင်းအထန် ဒဏ်ရာရရှိခဲ့တယ်လို့ ဆိုပါတယ်။

ဒါ့အပြင် ရန်ကုန်မြို့တွင်း စစ်အာဏာရှင်ဆန့်ကျင်ရေး သပိတ်တွေမှာ ပါဝင်လှုပ်ရှားနေတဲ့ LGBT Union Mandalay ဥက္ကဋ္ဌ ဂျက်စတင်မင်းဟိန်း၊ လူငယ်များသမဂ္ဂ(ဗဟို) ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ (၁)၊ ဒုက္ကဋ္ဌ (၂) နဲ့ တွဲဖက်အတွင်းရေးမှူး အပါအဝင် ၆ ယောက်ကို အကြမ်းဖက်စစ်အုပ်စုက ဖမ်းဆီးထားတယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာ ၂၆ ရက်ကတည်းက သူတို့ ၆ ယောက်နဲ့ အဆက်အသွယ် ပြတ်သွားခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

အရပ်ဘက်အဖွဲ့အစည်းတွေက ခေါင်းဆောင်တွေ၊ အရပ်သားတွေ၊ တက်ကြွလှုပ်ရှားသူတွေ၊ သတင်းသမားတွေ၊ CDM လှုပ်ရှားနေတဲ့ ဝန်ထမ်းတွေ စတဲ့ နယ်ပယ်အသီးသီးမှ ဘယ်သူမဆို ဖမ်းဆီး၊ ထိန်းသိမ်း၊ တရားစွဲဆိုခံထားရတာတွေနဲ့ ပတ်သက်လို့ နွေဦးတော်လှန်ရေး ကာလအတွင်း ကျဆုံးသွားသူတွေရဲ့ အချက်အလက်တွေကို သိရှိပါက အေအေပီပီကို ဆက်သွယ်အသိပေး အကြောင်းကြားနိုင်ပါတယ်။

ဒါ့အပြင် ကျဆုံးအချက်အလက်တွေကို ဖော်ပြပါ fatality-data@aappb.org အီးမေးလ်နဲ့ အဖမ်းအဆီး အချက်အလက်တွေကို detention-data@aappb.org အီးမေးလ်တွေဆီလည်း တိုက်ရိုက်ပေးပို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း အသိပေးထားပါတယ်။

https://burmese.dvb.no/archives/556702

---------------------------------------------------------------------------------------------

## အမျိုးသမီးစစ်သည်တွေစုဆောင်းရတဲ့အထိ စစ်ကောင်စီ တပ်ပျက်နေပြီလား (ဆောင်းပါး)

By မဇ္ဈိမ | 29 September 2022



အာဏာသိမ်းပြီးနောက် တစ်နိုင်ငံလုံးအနှံ့ စစ်မျက်နှာဖွင့်ပြီး ရင်ဆိုင်နေရတဲ့ စစ်ကောင်စီတပ်တွေ အင်အားချိနဲ့ နေပြီဆိုတာ သေချာတယ်။ စစ်ဆင်ရေးတိုင်း ဒဏ်ရာရ သေဆုံးတွေ တိုးနေသလို ဘက်ပြောင်းတာတွေလည်း များနေတာပါ။ ဒီအချိန်မှာ တိုက်ဆိုင်တယ်လို့ပဲပြောရမလား။ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်း စစ်ကောင်စီပိုင် မြဝတီ သတင်းစာမှာ စစ်သည်စုဆောင်းတဲ့ ကြော်ငြာတစ်ခုတွေ့ခဲ့ရပါတယ်။ အသက် ၁၈ နှစ်ကနေ ၂၅ နှစ်အတွင်း အိမ်ထောင်မရှိသူ အမျိုးသမီးတွေကို စစ်မှုထမ်းဖို့ ဖိတ်ခေါ်ထားတာဖြစ်ပါတယ်။ လျှောက်ထားသူတွေကို သင်တန်း ၄ လ ပေးပြီး ကြည်းတပ်၊ လေတပ်၊ ရေတပ်တွေမှာ တပ်သားအဖြစ် စစ်မြေပြင် အထောက်အကူပြု တာဝန်တွေ ပေးအပ်သွားမယ်လို့ဆိုထားပါတယ်။ လျှောက်ထားသူတွေအနေနဲ့ အရင်ကသတ်မှတ်ချက်အတိုင်း ဘွဲ့ရဖို့ မလိုပေမယ့် ခန္ဓာကိုယ်အလေးချိန် ပေါင် ၁၀၀ နီးပါးရှိရမယ်လို့ဆိုထားပါတယ်။ စစ်တပ်က အာဏာသိမ်း ပြီးနောက်ပိုင်း စစ်ကောင်စီအနေနဲ့ တပ်သားသစ်စုဆောင်းဖို့ ရုန်းကန်နေရတဲ့အပြင် စစ်တက္ကသိုလ်တွေကို တက်ရောက်မယ့်သူ အရေအတွက်လည်း သိသိသာသာကျဆင်းသွားခဲ့တာပါ။ စစ်တက္ကသိုလ်၊ စစ်နည်းပညာ တက္ကသိုလ်နဲ့ စစ်ဆေးတက္ကသိုလ်တွေမှာ အသက်ကန့်သတ်ချက်တွေကို ဖွန်လကစပြီး ၁၈ နှစ်ခွဲအထိ တိုးမြှင့် သတ်မှတ်ပေးထားခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် စစ်ကောင်စီမျှော်လင့်ထားသလို စစ်တက္ကသိုလ်တက်ရောက်ဖို့ လျှောက်ထားသူ အရေအတွက်ကတော့ တိုးမလာခဲ့ပါဘူး။ အဲဒါကြောင့်ထင်ပါတယ်။ စစ်ကောင်စီဟာ အင်အား တိုးချဲ့ဖို့အတွက် အရာရှိ စစ်သည်ဇနီးတွေကို စစ်သင်တန်းတက်ဖို့ညွှန်ကြားတာအပြင် တပ်ထောက်ခံသူတွေ၊ ပြည်ခိုင်ဖြိုး ပါတီဝင်တွေ၊ စစ်သားဟောင်းတွေနဲ့ စစ်တပ်လက်စွဲ ပျူစောထီးတပ်တွေကို ဖွဲ့စည်းထားခဲ့ရတာ တွေ့ရတယ်။ ဒီလိုတိုက်ရည်ခိုက်ရည် မပြည့်မီသူတွေကို ကြုံသလိုဆွဲသွင်းထားခဲ့တာကြောင့်လည်း တိုက်ပွဲ အတွေ့အကြုံရင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေ၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တွေနဲ့ တိုက်ပွဲ တွေမှာ အထိအခိုက် အကျအဆုံးတွေ များနေခဲ့တာဖြစ်ပါလိမ့်မယ်။ အမျိုးသားညီညွတ်ရေးအစိုးရ(NUG)ရဲ့ အဆိုအရတော့ ၂၀၂၁ ခုနှစ်၊ စက်တင် ဘာ ၇ ရက်မှာ NUG ကစစ်ကြေညာပြီးနောက် စစ်ကောင်စီတပ်သား နှစ်သောင်းကျော်သေဆုံးထားပြီး ၇,၀၀၀ ကျော်ဒဏ်ရာရထားတယ်လို့သိရပါတယ်။ အာဏာမသိမ်းခင် ၂၀၂၁ ခုနှစ်အစောပိုင်းမှာ စစ်တပ်အင်အား ၃ သိန်းခွဲ နီးပါးရှိခဲ့ပေမယ့် လက်ရှိမှာတော့ အင်အား ၃ သိန်းလောက်သာ ကျန်ပြီး အဲဒီထဲက ၁ သိန်းဟာ စစ်ဆင်ရေးဆင်နွှဲနေတဲ့ စစ်သားတွေဖြစ်တယ်လို့အကြမ်းမျဉ်းသိရပါတယ်။ ပြီးခဲ့တဲ့ စစ်တပ် လေးလပတ်အစည်းအဝေးမှာ စစ်ခေါင်းဆောင် မင်းအောင်လှိုင် ကိုယ်တိုင် သူ့ရဲ့တပ်သားတွေ အကျအဆုံး များနေပြီး တိုက်ရည်ခိုက်ရည် ပြည့်ဝမှုမရှိဘူးဆိုတာကို ဝန်ခံထားရအထိအခြေအနေဆိုးနေခဲ့တာပါ။ ဒါပေမယ့် စစ်တပ်ကျဆုံးခန်းကြုံနေရတာဟာ သူ့အပြစ်မဟုတ်ဘဲ စစ်ဆင်ရေးကို ဦးဆောင်နေသူတွေနဲ့ တပ်သားတွေရဲ့ အပြစ်လို ပြောသွားခဲ့တာတွေ့ရပါတယ်။ တပ်သားတွေဟာ သေနတ်ကို ကျည်ထွက်ရင် ပြီးရောဆိုတဲ့ သဘောနဲ့ ပစ်နေပြီး တိုက်ပွဲကိုဦးဆောင်နေသူတွေကလည်း အရည်အချင်းညံ့ဖျင်းနေတယ်ဆိုပြီး ပြောထားခဲ့တာပါ။ ဒါ့အပြင် သင်ကြားပေးထားတဲ့ စစ်ပညာတွေကို အသုံးမချနိုင်တာကြောင့် ဆုံးရှုံးမှုတွေများနေရတာဖြစ်တယ်လို့လည်း စစ်ခေါင်းဆောင်က ဆိုခဲ့တာဖြစ်ပါတယ်။

တကယ်တော့ အခုလို စစ်တပ်ကျဆုံးခန်းနဲ့ ကြုံနေရတာဟာ ကာကွယ် ရေးဦးစီးချုပ်တာဝန်ကို ၁၀ နှစ်ကျော်ကြာ တာဝန်ယူခဲ့တဲ့ အာဏာသိမ်း စစ်ခေါင်းဆောင် မင်းအောင်လှိုင်မှာသာ အဓိက တာဝန်ရှိနေတာပါ။ ကာကွယ်ရေး

ဦးစီးချုပ်တာဝန် သူစတင်တာဝန်ယူခဲ့တဲ့ ၂၀၁၁ ကနေ ၂၀၂၀ ပြည့်နှစ်ကြား ၁၀ နှစ်တာကာလအတွင်း စစ်ရေး အခြေအနေကို ကြည့်ရင်အဖြေက ရှင်းနေပါတယ်။ အဲဒီ ၁၀ နှစ်တာကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းသစ်အဖြစ် ရက္ခိုင့်တပ်တော် AA နဲ့ တအာင်း TNLA တို့ပေါ်ပေါက်လာသလို ကိုးကန့်ဒေသက ဆုတ်ခွာပေးခဲ့ရတဲ့ MNDAA ဟာလည်း တစ်ကျော့ပြန် ခေါင်းထောင်လာနိုင်ခဲ့တာတွေ့ရပါတယ်။ အဲဒီကာလတွေအတွင်း စစ်တပ်က ပြင်းထန်တဲ့ စစ်ဆင်ရေးတွေ ပြုလုပ် နေတဲ့ကြားကပဲ AA ဟာ အင်အား ၂၀,၀၀၀ လောက်၊ TNLA က အင်အား ၇,၀၀၀ လောက်၊ MNDAA က အင်အား ၄,၀၀၀ လောက်အထိ တိုးပွား လာခဲ့တာပါ။ ဒါ့အပြင် ငြိမ်းချမ်းရေးဆွေးနွေးပွဲကာလအတွင်း စစ်တပ်နဲ့ သဘော ထားတင်းမာခဲ့တဲ့ KIA, UWSA, NDAA, SSPP, RCSS, KNU စတဲ့အဖွဲ့အစည်းတွေဟာလည်း သူတို့ရဲ့အင်အား တွေကို တိုးချဲ့ဖွဲ့စည်းလာနိုင်ခဲ့တာ ဖြစ်ပါတယ်။ အကြမ်းအားဖြင့် စစ်ကောင်စီခေါင်းဆောင် ကာချုပ်အဖြစ် တာဝန်ယူခဲ့တဲ့ ၁၀ နှစ်တာကာလအတွင်း လက်နက်ကိုင်ပုန်ကန်တော်လှန်သူ အင်အား ၅၀,၀၀၀ လောက်အထိ တိုးလာခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ အဲဒီကာလအတွင်း KIA, SSPP, TNLA, AA, MNDAA တို့နဲ့တိုက်ပွဲတွေ ပြင်းထန်ခဲ့သလို RCSS, KNU တပ်မဟာ ၅ တို့နဲ့လည်း တိုက်ပွဲတွေဖြစ်ခဲ့တာပါ။ အဲဒီစစ်ဆင်ရေးတွေမှာ အဓိကတာဝန်ရှိတဲ့ ကာကွယ်ရေးဦးစီးချုပ်ရဲ့ စစ်ဆင်ရေး ဗျူဟာကိုကြည့်မယ်ဆိုရင် သမာရိုးကျ နည်းလမ်းတွေဖြစ်တဲ့ လေကြောင်းပစ်ကူနဲ့ လက်နက်ကြီးပစ်ကူကိုသာ အဓိက အားထားခဲ့တာတွေ့ရပါတယ်။ ထူးခြားဆန်းသစ်တဲ့ စစ်ရေးပရိယာယ် မတွေ့ခဲ့ရပါဘူး။ လက်နက်ကြီး ပစ်ကူနဲ့ လေကြောင်းပစ်ကူတွေလုပ်ပြီး ခြေလျင်တပ်ကို ရှင်းလင်းခိုင်းတဲ့ သမာရိုးကျ စစ်ဆင်ရေးနည်းတွေကိုသာ တွေ့ခဲ့ရတာပါ။ ကချင်ပြည်နယ်နဲ့ ကိုးကန့်ဒေသ တစ်ကျော့ပြန် စစ်ပွဲတွေမှာ စစ်တပ်က တိုင်းရင်းသား လက်နက်ကိုင်တွေရဲ့ စခန်းတွေ၊ တောင်ကုန်းတွေကို အဓိက တိုက်ခိုက်သိမ်းပိုက်နိုင်တာကို အောင်ပွဲရတဲ့အလား ကျေနပ်နေခဲ့တာလည်းဖြစ်ပါတယ်။ တကယ့်လက်တွေ့မှာတော့ စစ်တပ်အနေနဲ့ KIA နဲ့ MNDAA တို့ကို ချေမှုန်းနိုင်တာ မရှိခဲ့ပါဘူး။ KIA နဲ့ MNDAA တို့က အမာခံစခန်းတွေကိုရှောင်ကာ ပြောက်ကျားစနစ်နဲ့ တုံ့ပြန်သွားခဲ့ပြီး ၁၀ နှစ်တာကာလအတွင်း KIA က မူရင်း တပ်မဟာတွေအပြင် တပ်မဟာ ၅ ခုလောက်တောင် တိုးချဲ့ ဖွဲ့စည်းသွားနိုင်ခဲ့တာတွေ့ရပါတယ်။ MNDAA ကလည်း တပ်မဟာ ၃ ခုအထိ ဖွဲ့စည်းသွားနိုင်ခဲ့တာပါ။ TNLA ဆိုရင် တပ်မဟာ ၅ ခုအထိ တိုးချဲ့ ဖွဲ့ စည်းနိုင်ခဲ့သလို SSPP ကလည်း အင်အား နှစ်ဆတိုးလာခဲ့တာတွေ့ရပါတယ်။ ၂၀၁၉ ခုနှစ်မှာ စတင်ခဲ့တဲ့ AA နဲ့တိုက်ပွဲတွေမှာဆိုရင်လည်း အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်(နပခ) တပ်တွေနဲ့ တိုင်းအတွင်းရှိ စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ်(စကခ) ၃ ခုအပြင် နောက်ထပ် တပ်မ ၅ ခုလောက်အားဖြည့်ပြီး လေကြောင်း ရေကြောင်း ပစ်ကူ၊ လက်နက်ကြီး ပစ်ကူတွေအသုံးပြုခဲ့ပေမယ့် အနိုင်မရခဲ့ပါဘူး။ လက်ရှိမှာ AAရဲ့အင်အားဟာ ပိုလို့တောင် တောင့်တင်းလာခဲ့တာတွေ့ရပါတယ်။ ၂၀၀၈ ခြေဥအရ စစ်ရေးကိစ္စတွေမှာ တပ်ချုပ်က လုပ်ပိုင်ခွင့် အပြည့်အဝ ရှိတဲ့အပြင် လက်တွေ့မှာလည်း သူ့သဘောထားနဲ့ ဆုံးဖြတ်ချက်အတိုင်းသာလုပ်ကိုင်ခဲ့တဲ့အတွက် စစ်တပ်ရဲ့ စစ်ဆင်ရေးတွေ မအောင်မြင်ခဲ့တာနဲ့ပတ်သက်လို့ အပြစ်တင်ရမယ်ဆိုရင် အာဏာသိမ်း စစ်ခေါင်းဆောင်မှာသာ တာဝန်ရှိနေတာဖြစ်ပါတယ်။ ဒါကို အာဏာသိမ်းစစ်ခေါင်းဆောင်က လက်အောက်ငယ်သားတွေ အပေါ် အပြစ်ပုံချသွားခဲ့တာကတော့ ရက်ဖွယ်အတိပါပဲ။ ဒီလိုခေါင်းဆောင်မျိုးကို အသက်ပေးပြီး ကာကွယ်ချင်နေတဲ့တပ်သားတွေကိုလည်း အံ့ဩမိတာတော့အမှန်ပါပဲ။ အဲဒီ ၁၀ နှစ်တာအတွင်း စစ်ပွဲတွေဟာ နယ်မြေအကန့်အသတ်နဲ့ ဖြစ်ပွားခဲ့တာဖြစ်သလို ကာလအပိုင်းအခြားလည်းမတူခဲ့တာတောင် စစ်ကောင်စီတပ်တွေအနေနဲ့ စစ်ဆင်ရေးတွေ အောင်မြင်ခဲ့တာမဟုတ်ပါဘူး။ လက်ရှိမှာ စစ်ကောင်စီတပ်တွေအနေနဲ့ရင်ဆိုင်နေရတာက တစ်ပြည်လုံး အတိုင်းအတာနဲ့ဖြစ်နေပါတယ်။ စစ်တပ်နဲ့ တိုက်ပွဲမရှိတာဆိုလို့ ရှမ်းပြည်တောင်ပိုင်းနဲ့ အရှေ့ပိုင်းသာရှိနေတာ ဖြစ်ပါတယ်။ ကျန်ဒေသတွေဖြစ်တဲ့ ကချင်ပြည်နယ်၊ ရှမ်းမြောက်၊ ကရင်နီ၊ ကရင်၊ တနင်္သာရီတိုင်း၊ စစ်ကိုင်း၊ မကွေး၊ ချင်းနဲ့ ရခိုင်တို့အပြင် မန္တလေး၊ နေပြည်တော်၊ ရန်ကုန်၊ ပဲခူး၊ ဧရာဝတီတိုင်းတို့မှာလည်း တပ်တွေ ဖြန့်ကျက် နေရာ ချထားရပြီး စစ်ဆင်ရေးတွေ ပြုလုပ်နေရတာဖြစ်ပါတယ်။ တိုက်ပွဲဖြစ်ပွားနေတဲ့ နေရာတွေ သာမက ဖြစ်နိုင်ခြေရှိတဲ့ နေရာတွေမှာပါ စစ်ပြင်နေရတာကြောင့် စစ်မျက်နှာတစ်ခုချင်းမှာ တိုက်ပွဲကြီးတွေ ဖြစ်ပွားပါက စစ်ကောင်စီ အနေနဲ့ စစ်ကူပို့ဖို့ တပ်အပိုမရှိဘူးဖြစ်နေပါတယ်။ ဒါ့အပြင် ခြေလျင်တပ်တွေ တိုက်ခိုက်

ရေးစွမ်းရည်ကျဆင်းလာတာကိုကုစားဖို့ လေကြောင်းပစ်ကူနဲ့ လက်နက်ကြီးပစ်ကူ အချိန်ပြည့်ပေးနေဖို့ကလည်း စစ်ကောင်စီအတွက် စစ်အသုံးစရိတ်ပြဿနာရှိနေပါတယ်။ လက်ရှိတိုင်းပြည်ဘဏ္ဍာရေးအခြေအနေအရ မဖြစ်နိုင်တဲ့ဘက်ကများနေပါတယ်။ စစ်ကောင်စီအနေနဲ့ တစ်နိုင်ငံလုံးစစ်မျက်နှာအခြေအနေကို ဖြန့်ကျက်ထားနိုင်ဖို့ဆိုရင် ခြေလျင်တပ်အင်အား ၅ သိန်းလောက် ထပ်မံဖြည့်တင်းဖို့ လိုအပ်နေတာပါ။ ဒါပေမယ့် တပ်သားသစ် ၅ သောင်း ရဖို့တောင် အနိုင်နိုင်ဖြစ်နေတာကြောင့် စစ်ကောင်စီအနေနဲ့ စစ်အင်အားအကြပ်အတည်း ကြုံတွေ့နေရတာ ကတော့အမှန်ပါပဲ။ ဒါကြောင့်လည်း နောက်ဆုံးမှာ သတင်းစာထဲထည့်ပြီး အမျိုးသမီး စစ်သည်သစ် တွေခေါ်ယူ နေရတဲ့ ဘဝရောက်နေတာဖြစ်ပါလိမ့်မယ်။ လက်ရှိမှာလည်း အရာရှိစစ်သည်တွေရဲ့ ဇနီးတွေကို စစ်သင်တန်း ပေးပြီး တပ်စောင့်အဖြစ်ထားကာ စစ်သားတွေအားလုံး စစ်ဆင်ရေးလိုက်ပါနေရတာဖြစ်ပါတယ်။ တစ်ဖက်က ကြည့်မယ်ဆိုရင်လည်း CDM လုပ်လာတဲ့ စစ်သားနဲ့ ရဲတွေ ပိုများလာပြီး အမျိုးသားညီညွတ်ရေးအစိုးရ NUG က သူတို့ကို CDM ကုတ်နံပါတ်တွေ ထုတ်ပေးဖို့အထိ စီစဥ်နေရတာကိုတွေ့ရပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ် ၃၁ ရက်အထိ ရရှိထားတဲ့ စာရင်းတွေအရ CDM ရဲ အင်အား စုစုပေါင်း ၄၈၈ ကျော်အထိ ရှိနေပြီး CDM စစ်သားစာရင်းကိုတော့ မြို့နယ်အလိုက် စိစစ်ဆဲဖြစ်တယ်လို့ NUG ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခူထဲဘူးက ပြောထားပါ တယ်။ လက်ရှိအခြေအနေတွေအရတော့ စစ်သည်သစ် မရတဲ့အဆုံး စစ်သမီးတွေကို စုဆောင်းနေရပြီဖြစ်တဲ့ စစ်ကောင်စီအနေနဲ့ မကြာခင်မှာ တပ်ပျက်သထက် ပျက်လာဖို့သာရှိနေပါတော့တယ်။

https://mizzimaburmese.com/article/116240

-----------------------------------------------------------------------------------

## ဗိုလ်မှူးချုပ်ဟောင်း အုန်းသွင် လုပ်ကြံခံရပြီးနောက် စစ်အရာရှိဟောင်းများ သွေးပျက်

By ဧရာဝတီ | 29 September 2022

ရန်ကုန်မှ မထင်ရှားသော ဗိုလ်မှူးချုပ်ဟောင်းတဦး သူ၏နေအိမ်တွင် လုပ်ကြံသတ်ဖြတ်ခံရခြင်းသည် စစ်ကောင်စီနှင့် ရန်ကုန်ရှိ အငြိမ်းစား စစ်အရာရှိ အသိုက်အဝန်းကို တုန်လှုပ်သွားစေသည်။

ဗိုလ်မှူးချုပ်ဟောင်း အုန်းသွင် (၇၂ နှစ်) နှင့် သူ့သားမက် ဗိုလ်ကြီးဟောင်းတို့ ပြီးခဲ့သည့် စနေနေ့တွင် ပစ်သတ်ခံရသည်။

ဗိုလ်မှူးချုပ်ဟောင်း အုန်းသွင်သည် စစ်ကောင်စီ ဒုခေါင်းဆောင် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ဆရာဖြစ်ခဲ့သည်။

ထိုသတ်ဖြတ်မှုအပြီးတွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) အဖွဲ့ဝင်ဟောင်း ဖြစ်ခဲ့သော်လည်း ယခုအခါ စစ်ကောင်စီခန့် ဝန်ကြီးဖြစ်နေသူ ဒေါ်သက်သက်ခိုင်သည် ဗဟန်းမြို့နယ်ရှိ သူ၏နေအိမ်ကို များပြားလှသော သံဆူးကြိုးများ အထပ်ထပ်ကာရံပြီး ခြံစည်းရိုးတလျှောက်တွင် စီစီတီဗီ ကင်မရာ ၅ လုံး တပ်ဆင်သည်။

သူသည် နေပြည်တော်တွင်သာ အနေများသော်လည်း သူ၏မိသားစုသည် ထိုအိမ်တွင် နေထိုင်နေဆဲဖြစ်သည်။




စစ်ကောင်စီခန့်ဝန်ကြီး ဒေါ်သက်သက်ခိုင် / Facebook

ဗိုလ်ချုပ်ဟောင်းအများစုသည် နေပြည်တော်တွင် အိမ်ကြီးအိမ်ကောင်းများစွာ ပိုင်သော်လည်း ရန်ကုန်တွင်သာ နေထိုင်ကြသည်။ ဗိုလ်မှူးချုပ်ဟောင်း အုန်းသွင် အသတ်ခံရပြီးနောက် ဗိုလ်ချုပ်ဟောင်း အများအပြားသည် စစ်ကောင်စီက ညမထွက်ရ အမိန့်ထုတ်ထားသည့် တစ္ဆေမြို့ နေပြည်တော်သို့ ပြောင်းရွှေ့ရန် စဥ်းစားနေကြသည်။

စစ်ကောင်စီခန့် ဝန်ကြီးများနှင့် ၎င်းတို့၏ တပည့်များသည်လည်း နေပြည်တော်သို့ ရွှေ့ပြောင်းနေကြကြောင်း ဧရာဝတီက သိရသည်။

ရန်ကုန်မှ ချမ်းသာသော ရပ်ကွက်များတွင် ဗိုလ်ချုပ်ဟောင်းများ ပြန့်ကြဲနေထိုင်ကြပြီး သုဝဏ္ဏ၊ သံလျင်နှင့် မရမ်းကုန်း စသည့်နေရာများမှ ဗိုလ်ချုပ်ရွာများတွင် နေထိုင်ကြသည်။

ဗိုလ်ချုပ်များသည် အငြိမ်းစားယူပြီးနောက် လက်နက်များကို ဆက်လက် ကိုင်ဆောင်နိုင်ပြီး စစ်တပ်ကလည်း ၎င်းတို့ကို လုံခြုံရေးပေးသည်။ သို့သော် အခြားအဆင့်အရာရှိများအတွက် စစ်ကောင်စီက လုံခြုံရေးပေးခြင်း မရှိပေ။ အချို့ စစ်ဗိုလ်ဟောင်းများက လိုင်စင်ဖြင့် လက်နက်များကိုင်ဆောင်ခွင့်ရရန် လူမှုကွန်ရက်တွင် တောင်းဆိုနေသည်။

မြန်မာစစ်တပ်နှင့် ဗီယက်နမ်စစ်တပ်အကြား ဖက်စပ်လုပ်ငန်းဖြစ်သည့် Mytel ဆက်သွယ်ရေးကုမ္ပဏီမှ ဘဏ္ဍာရေးအရာရှိချုပ် ဦးသိန်းအောင်ကို လွန်ခဲ့သောနှစ် နိုဝင်ဘာလက ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်တွင် ပစ်သတ်လိုက်စဉ်ကလည်း စစ်ကောင်စီ အရာရှိများ တုန်လှုပ်ကြသည်။

ဦးသိန်းအောင် (၅၆ နှစ်) သည် ရေတပ် ဒုဗိုလ်မှူးကြီးဟောင်းတဦးဖြစ်ပြီး လက်ရှိရေတပ်ခေါင်းဆောင် မိုးအောင်၏ သူငယ်ချင်းဖြစ်သည်။

အထက်ပါ လုပ်ကြံသတ်ဖြတ်မှု နှစ်ခုလုံးတွင် အတွင်းလူများ ပါဝင်ပတ်သက်နေသည်ဟု ကျယ်ကျယ်ပြန့်ပြန့် ယုံကြည်ကြောင်း လူသိမခံလိုသည့် စစ်အရာရှိဟောင်း နှစ်ဦးက ပြောသည်။

ဗိုလ်မှူးချုပ်ဟောင်း အုန်းသွင် သတ်ဖြတ်ခံရပြီးနောက် စစ်သားဟောင်းများ ကြောက်လန့်တုန်လှုပ်ပြီး မလုံမခြုံဖြစ်နေကြောင်း စစ်အရာရှိဟောင်းတဦးက ဝန်ခံသည်။

“စစ်သားတွေက တသက်လုံး စစ်တိုက်လာတော့ သေရမှာကို မကြောက်ကြဘူး။ ဒါပေမယ့် မိသားစုအတွက် စိုးရိမ်နေကြတယ်” ဟု ဗိုလ်ချုပ်ဟောင်းတဦးနှင့် နီးစပ်သည့် သတင်းရင်းမြစ်တခုက ပြောသည်။



၂၀၂၂ ခုနှစ်၊ မတ်လက နေပြည်တော်တွင် ကျင်းပသည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်လာသည့် ဗိုလ်မှူးချုပ်ဟောင်း အုန်းသွင်ကို သူ၏ လုပ်ဖော်ကိုင်ဖက်ဟောင်းများနှင့် တွေ့ရစဉ်

စစ်ကောင်စီသည် စစ်သားဟောင်းများကို အကာအကွယ်ပေးရန် အစီအစဉ်မရှိသော်လည်း လိုအပ်လျှင် ၎င်းတို့ကို စစ်တပ်တွင် ပြန်လည်တာဝန်ပေးလိုနေသည်။ ဗိုလ်မှူးချုပ်ဟောင်း အုန်းသွင်သည် ထင်ရှားသော အရန်အင်အားတဦး ဖြစ်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရခေတ် ကာကွယ်ရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းနှင့် နယ်စပ်ရေးရာဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်တို့ကို စစ်အုပ်စုက တပ်မှထွက်စေပြီး စစ်မှုထမ်းဟောင်းအဖွဲ့တွင် ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌ ခန့်ထားသည်။

တော်လှန်ရေးအင်အားစုများနှင့် ပြင်းထန်သော တိုက်ပွဲများဖြစ်နေစဉ် ကရင်ပြည်နယ်မှ စစ်ကောင်စီနှင့် ပတ်သက်နေသည့် နယ်ခြားစောင့်တပ် (BGF) များမှ အရာရှိများကို အငြိမ်းစားယူခွင့် မပေးတော့သောကြောင့် စစ်တပ်အတွက် လူသစ်စုဆောင်းရန် ခက်ခဲနေကြောင်း ပြသနေသည်။

စနေနေ့ညနေတွင် ဗိုလ်မှူးချုပ်ဟောင်း အုန်းသွင် လုပ်ကြံသတ်ဖြတ်ခံရသည့် သတင်းကြောင့် ဗိုလ်ချုပ်ဟောင်းများ တုန်လှုပ်နေစဉ် စစ်ကောင်စီခေါင်းဆောင် မင်းအောင်လှိုင် မည်သည်တို့ကို လုပ်ဆောင်နေသနည်း။

စစ်ကောင်စီခေါင်းဆောင် မင်းအောင်လှိုင်သည် ထိုညနေတွင် နတ်ရှင်နောင်အကြောင်း ပြဇာတ်ကြည့်နေပြီး ထိုပြဇာတ်မှာ ၁၇ ရာစု တောင်ငူဘုရင်သည် ပေါ်တူဂီ ကြေးစားစစ်သား ဖိလစ် ဒီ ဘရစ်တို အီ နီကိုတီ (ငဇင်ကာ) နှင့် ပူးပေါင်းသောကြောင့် မည်သို့ကျဆုံးရသည်ကို သရုပ်ဖော်သော ပြဇာတ်ဖြစ်သည်။

သူ၏ ဆရာအသတ်ခံရသော်လည်း စစ်ကောင်စီ ဒုခေါင်းဆောင် စိုးဝင်းသည် နောက်တနေ့တွင် ထိုပြဇာတ်ကိုပင် သွားကြည့်နေသည်။

https://burma.irrawaddy.com/news/2022/09/29/254932.html

-----------------------------------------------------------------------------------------

## အသက်ပြည့်လာမည့်သူများနှင့် မဲပေးပိုင်ခွင့်ရှိသူများ ကျန်ရှိနေခြင်းမရှိစေရေး ကောက်သင်းကောက်စနစ် ဖြင့် နိုင်ငံသားကတ်ထုတ်ပေးခြင်းလုပ်ငန်းအား ပန်းခင်းစီမံချက် အဆင့် (၂) ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးပြောကြား

PUBLISHED 29 SEPTEMBER 2022



အသက်ပြည့်လာမည့်သူများနှင့် မဲပေး ပိုင်ခွင့်ရှိသူများ ကျန်ရှိနေခြင်းမရှိစေရေး ကောက်သင်းကောက်စနစ်ဖြင့် နိုင်ငံသား ကတ်ထုတ်ပေးခြင်းလုပ်ငန်းအား ပန်းခင်းစီမံချက် အဆင့် (၂) ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမြင့်ကြိုင်က ပြောကြားသည်။

စက်တင်ဘာ ၂၃ ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရှမ်းပြည်နယ်အတွင်း ရွေးကောက်ပွဲမဲစာရင်းများ မှန်ကန်ရေးအတွက် မြေပြင်လူဦးရေ စာရင်း တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်း ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပွဲ ပြည်ထောင်စုဝန်ကြီးက ထိုသို့ပြောကြားခြင်းဖြစ်သည်။

ရှမ်းပြည်နယ်အတွင်း ရွေးကောက်ပွဲ မဲစာရင်းမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးဆောင်ရွက်ရာတွင် လိုအပ်ချက်များကို မိမိတို့ဝန်ကြီးဌာနအနေဖြင့် ထပ်မံပေါင်းစပ်ကာ လုပ်ငန်းများ လစ်ဟင်းမှုမရှိစေရေး ညှိနှိုင်းကူညီဆောင်ရွက်ပေးရန်နှင့် လိုအပ်ချက်များအပေါ် အကောင်းဆုံး အဖြေရှာဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၏ နောက်ဆုံးလုပ်ငန်းစဉ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မှန်ကန်သော မဲစာရင်းများပြုစုပြီး မဲပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးခြင်းဖြင့် လွတ်လပ်ပြီး တရားမျှတ စစ်မှန်အောင်မြင်သော ရွေးကောက်ပွဲ ဖြစ်စေရေးအားလုံးက တက်ညီလက်ညီ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ယခင်ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ နိုင်ငံသားကတ်ရရှိရေးအတွက် စီမံချက်များ ရေးဆွဲဆောင်ရွက်ခဲ့ရာ မိုးပွင့်စီမံချက်ဖြင့် လူဦးရေ ၈ ဒသမ ၃ သန်းကျော်၊ သစ္စာစီမံချက်ဖြင့် ၆ ဒသမ ၄ သန်းကျော်ကို နိုင်ငံသားကတ်ပြားများ ထုတ်ပေးနိုင်ခဲ့ပါကြောင်း၊

ယခုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ကိုင်ဆောင်သင့်သည့် ကတ်ပြား တစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းကို ၂၀၂၁ ခုနှစ် မေ ၃ ရက်မှ ၂၀၂၂ခုနှစ် နိုဝင်ဘာ ၃ ရက်အထိ ၁၈ လတာ ကာလအတွင်း လူဦးရေ ၃ ဒသမ ၄ သန်း ကျော်ကို ကိုင်ဆောင်ကတ်ပြားထုတ်ပေးရန် သတ်မှတ်ဆောင်ရွက်ခဲ့ရာ ယခုအခါ လူဦးရေ ၃ ဒသမ ၃ သန်းကျော်ကို ကိုင်ဆောင်ကတ်ပြားများ ထုတ်ပေးပြီးဖြစ်ပြီး လုံခြုံရေးအခြေအနေအရ မြို့နယ်အနည်းငယ်သာ ဆောင်ရွက်ပေးရန် ကျန်ရှိနေခြင်းဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ယခုထပ်မံ၍ အသက်ပြည့်လာမည့်သူ များနှင့် မဲပေးပိုင်ခွင့်ရှိသူများ ကျန်ရှိနေခြင်း မရှိစေရေးရည်ရွယ်၍ ကောက်သင်းကောက်စနစ်ဖြင့် နိုင်ငံသားကတ် ထုတ်ပေးခြင်းလုပ်ငန်းကို ပန်းခင်းစီမံချက် အဆင့် (၂) ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ ဌာနမှ ယခုကဲ့သို့ ဆောင်ရွက်ပေးနေသကဲ့သို့ မဲဆန္ဒရှင်စာရင်း မှန်ကန်ရေးအတွက်လည်း သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ရှမ်းပြည်နယ်အတွင်း ပန်းခင်းစီမံချက် အောင်မြင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးသန်းစိုးနှင့် ဦးမြင့်ဦးတို့က ကော်မရှင်အနေဖြင့် မဲစာရင်းမှန်ကန်ရေးအတွက် နယ်မြေဒေသအလိုက် မြေပြင်တိုက်ဆိုင်စစ်ဆေးဆောင်ရွက်မှုနှင့် ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက် ပေးနိုင်ရေး အခြေအနေများကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ရှမ်းပြည်နယ် ဦးစီးမှူး ဦးအောင် မြင့်က ရှမ်းပြည်နယ်အတွင်း ပန်းခင်းစီမံချက် ဆောင်ရွက်မှုနှင့် မဲစာရင်းမှန်ကန်ရေးအတွက် ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း၊ ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အ တွင်းရေးမှူး ဦးဇော်မြင့်ဝင်းက မြေပြင်လူဦးရေစာရင်း ကွင်းဆင်းကောက်ယူထားရှိမှုနှင့် မဲစာရင်းမှန်ကန်စွာပြုစုနိုင်ရေး အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသည့် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဦးစီးဥက္ကဋ္ဌများ၊ တာဝန်ရှိသူများက ဒေသအလိုက် မဲစာရင်းမှန်ကန်ရေးအတွက် ဆောင်ရွက်သွားမည့်အစီအစဉ်များ၊ လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

https://news-eleven.com/article/238102

---------------------------------------------------------------------------------------------

**နစကအနေဖြင့် နိုင်ငံရေးအရ ဖြစ်ပေါ်လာသည့် ပဋိပက္ခများနှင့် ကိုဗစ်-၁၉ ကြောင့် စီးပွားရေးတိုးတက်ရေးကို ဖိဖိစီးစီးဆောင်ရွက်နိုင်ခြင်းမရှိခဲ့ဘဲ လက်ရှိတွင် ပုံမှန်သို့ရောက်ရှိသဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးရန် ကြိုးပမ်းလျက်ရှိကြောင်း နစကဥက္ကဋ္ဌ ပြောကြား**

PUBLISHED 29 SEPTEMBER 2022

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် နိုင်ငံတော်၏တာဝန်များကို စတင်ယူခဲ့ရသည့်အချိန်တွင် နိုင်ငံရေးအရဖြစ်ပေါ်လာသည့် ပဋိပက္ခများ၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်မှုများကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ဖိဖိစီးစီးဆောင်ရွက်နိုင်ခြင်းမရှိခဲ့ကြောင်းနှင့် လက်ရှိအချိန်တွင် ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကိုလည်း အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်ခဲ့ပြီးဖြစ်သောကြောင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက်

ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြောကြားသည်။




စက်တင်ဘာ ၂၈ ရက်က မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာ စက်မှုဇုန်ရှိ စက်မှုဇုန်ခန်းမတွင် မိတ္ထီလာခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲတွင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ထိုသို့ ထည့်သွင်းပြောကြားခြင်းဖြစ်သည်။

စက်မှုနှင့်ပတ်သက်ပါက စက်မှုရပ်ကွက်နှင့် စက်မှုဇုန်ဟူ၍ရှိကြောင်း၊ စက်မှုရပ်ကွက်သည် စက်မှုလုပ်ငန်းဆောင်ရွက်သည့်နေရာ၌ပင် လူများနေထိုင်နိုင်ရေး ဆောင်ရွက်ပေးထားခြင်းဖြစ်ပြီး စက်မှုဇုန်သည် လူနေထိုင်ရန်မဟုတ်ဘဲ စက်မှုလုပ်ငန်းများ သီးသန့်ဆောင်ရွက်နိုင်ရန် အကောင်အထည်ဖော်ထားပေးခြင်းဖြစ်ကြောင်း၊ စက်မှုဇုန်များအနေဖြင့် လုပ်ငန်းများကို ယခုထက် ပိုမိုတိုးတက်အောင် အကောင်အထည်ဖော်ဆောင်နိုင်ရန် လိုအပ်နေသည်ကို တွေ့ရှိရကြောင်း၊ လက်ရှိမိမိတို့နိုင်ငံ၏ စီးပွားရေးတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် အမိကအရေးပါသည်ကို တွေ့ရှိရကြောင်း နိုင်ငံတကာတွင်လည်း MSME လုပ်ငန်းများသည် အဓိက အရေးပါသည့်နေရာ၌ ရှိနေသည်ကို တွေ့ရှိ ရမည်ဖြစ်ကြောင်း ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြောကြားသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏တာဝန်များကို စတင်ယူခဲ့ရသည့်အချိန်တွင် နိုင်ငံရေးအရ ဖြစ်ပေါ်လာသည့် ပဋိပက္ခများ၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်မှုများကြောင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးကို ဖိဖိစီးစီးဆောင်ရွက်နိုင်ခြင်း မရှိခဲ့ကြောင်း၊ လက်ရှိအချိန်တွင် ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကိုလည်း အတိုင်းအတာ တစ်ခုအထိ ထိန်းချုပ်နိုင်ခဲ့ပြီးဖြစ်သောကြောင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအတွက် (MSME) လုပ်ငန်းများဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ စိုက်ပျိုးရေးလုပ်ငန်းများအတွက် မတည်ငွေများ လွှဲအပ်ပေးခဲ့ကြောင်း၊ ကျန်ရှိသည့် ရန်ပုံငွေများမှလည်း အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) လုပ်ငန်းများအ တွက် မတည်ငွေများ လွှဲအပ်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း နစကဥက္ကဋ္ဌက ပြောကြားသည်။

ယင်းအပြင် မိမိတို့အနေဖြင့် ဈေးကွက် စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိပြီး နိုင်ငံ ရေးအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့် သုံးလျက်ရှိကြောင်း၊ ဈေးကွက်စီးပွားရေးစနစ် ကို ကျင့်သုံးခြင်းဖြစ်သဖြင့် ပုဂ္ဂလိကစီးပွား ရေးလုပ်ငန်းများကို တိုးတက်အောင် ဆောင် ရွက်ကြရန်လိုပြီး နိုင်ငံတော်မှတတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံ တော်အနေဖြင့် လိုအပ်ချက်များအရသာ အ ချို့သာ စီးပွားရေးလုပ်ငန်းများကို ပါဝင် ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက် နိုင်ငံတော်မှ ချေးငွေများကို သက် သာသော အတိုးနှုန်းများဖြင့် ထုတ်ချေးပေး လျက်ရှိကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်း (ငြ့နြ) များ သည် နိုင်ငံအတွက် အရေးကြီးသည့်လုပ်ငန်းများဖြစ်သဖြင့် လိုအပ်သည့်ငွေကြေးများကို နိုင်ငံတော်မှ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း နစကဥက္ကဋ္ဌက ပြောကြားသည်။

ထို့နောက် ဂါစိုက်ပျိုးတောင်သူများအတွက်လည်း မတည်ငွေများ ထုတ်ပေးသွားရန် စီမံလျက်ရှိသည့်အခြေအနေများ၊ ဂါစိုက်ပျိုးရန်အတွက် စိုက်ဧကများ အသစ်ထပ်မံတိုးချဲ့ခြင်းထက်

အကြောင်းအမျိုးမျိုးကြောင့် ဂါစိုက်ပျိုးရန်မြေများတွင် အကြောင်းအမျိုးမျိုးဖြင့် အခြားသီးနှံများ စိုက်ပျိုးနေသည့် မြေများပေါ်တွင်သာ တိုးချဲ့စက်ပျိုးရန် အခြေအနေများကိုလည်း နစကဥက္ကဋ္ဌက ထည့်သွင်း ပြောကြားသည်။

ချည်ထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ အရည်အသွေးကောင်းမွန်သည့် ဂါများရရှိရန်နှင့် ရက်ကန်းစက်များ ကောင်းမွန်ရန်လို ကြောင်း၊ စက်မှုထွက်ကုန် ဂါကုန်ကြမ်းများ ကိုအသုံးပြု၍ ချည်ထည်ပစ္စည်းများ ထုတ်လုပ်နိုင်အောင် မိမိတို့အနေဖြင့် ကြိုးပမ်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်း MSME များကို အားပေးကြောင်း၊ MSME လုပ်ငန်းများသည် နိုင်ငံ့စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူ ပြုမည်ဖြစ်သဖြင့် အလေးထားပြီး ဆောင်ရွက်ကြရန်တိုက်တွန်းလိုကြောင်း၊ စက်မှုဇုန်လုပ်ငန်းသည် မိမိဒေသတစ်ခုအတွက်သာ ကွက် ၍ဆောင်ရွက်ခြင်းမဟုတ်ဘဲ ကုန်ထုတ်လုပ် မှုကိုအခြေခံ၍ နိုင်ငံ့စီးပွားရေးအထိ အမြင်ကျယ်ကျယ်ဖြင့် ရည်မှန်းဆောင်ရွက်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုကိုအခြေခံသည့် စက်မှုဇုန်တစ်ခုဖြစ်စေရေး ဂိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားမည်ဆိုပါက အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြောကြားသည်။

https://news-eleven.com/article/238101

---------------------------------------------------------------------------------------

## ချင်းပြည်နယ်တွင် စက်မှုဇုန်ထောင်မည်ဟု စစ်ခေါင်းဆောင်ပြောကြားမှုသည် ပြည်သူများကို လိမ်လည်ခြင်းဖြစ်သည်ဟု ချင်းပြည်နယ်အစိုးရ ဝန်ကြီးဟောင်း တုံ့ပြန်

By မဇ္ဈိမ | 29 September 2022



မဇ္ဈိမ ။ ။ချင်းပြည်နယ်တွင် ကော်ဖီ၊ ဝါး၊ နွားနောက်ကိုအခြေခံပြီး စက်မှုဇုန်ထောင်မည်ဟု စစ်ကောင်စီခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ပြောကြားမှုသည် ပြည်သူများကို လိမ်ညာခြင်းဖြစ်ပြီး နိုင်ငံရေးတည်ငြိမ်မှုရှိရန် နိုင်ငံရေးပြဿနာကို အရင်အဖြေရှာရမည်ဖြစ်သည်ဟု ချင်းပြည်နယ်အစိုးရ ဝန်ကြီးဟောင်း ဆလိုင်း အိုက်ဇက်ခင်က တုံ့ပြန်ပြောဆိုခဲ့သည်။

"ဒေသတွင်းမှာ နိုင်ငံရေး တည်ငြိမ်မှု မရှိဘဲနဲ့ ဘာမှလုပ်လို့ မရပါဘူး။ ခုချိန်မှာ လိုအပ်တာ အဲဒါတွေ မဟုတ်ဘူး။ နိုင်ငံရေးတည်ငြိမ်မှုရှိဖို့ နိုင်ငံရေးပြဿနာကို အရင်အဖြေရှာရမှာ။ သူတို့မှာ ဒီလိုလုပ်ခွင့် မရှိဘူး" ဟု ချင်းပြည်နယ်အစိုးရ ဝန်ကြီးဟောင်း ဆလိုင်း အိုက်ဇက်ခင်က တုံ့ပြန်ပြောဆိုခဲ့သည်။

ပြီးခဲ့သည့် စက်တင်ဘာလ ၂၇ ရက်နေ့ က နေပြည်တော်တွင်ကျင်းပသည့် စစ်ကောင်စီ အစည်းအဝေး (၈/၂၀၂၂)တွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ချင်းပြည်နယ်တွင် ကော်ဖီ၊ ဝဥ၊ နွားနောက်ကိုအခြေခံကာ စက်မှုဇုန်ထောင်ပြီး စီးပွားရေးလုပ်ရန် စစ်ကောင်စီမှခန့်အပ်ထားသည့် တိုင်းနှင့်ပြည်နယ် ဝန်ကြီးချုပ်များအားလုံးကို မှာကြားခဲ့ခြင်းဖြစ်သည်။

စစ်ကောင်စီခေါင်းဆောင်ပြောသည့် စီးပွားရေးစီမံချက်သည် ယခင် NLD အစိုးရ လက်ထက်က ချင်းပြည်နယ် MSMEs ဖွံ့ဖြိုးရေးစီမံချက်ထဲတွင် သေသေချာချာ ရေးသားထားပြီးဖြစ်၍ ၂၀၂၁ ခုနှစ် အစိုးရသစ်တက်လာလျှင် ၂၀၂၁-၂၀၂၅ ခုနှစ်များတွင် ချင်းပြည် စီးပွားရေးဖွံ့ဖြိုးမှုစီမံကိန်းအဖြစ် ဆက်လုပ်ရန် လျာထား ပြီးဖြစ်ကြောင်း ဆလိုင်း အိုက်ဇက်ခင်က ဆိုသည်။

“အထူးအဆန်းတော့ မဟုတ်ပါဘူး။ ကျွန်တော်တို့အစိုးရလက်ထက်တုန်းက ကျွန်တော်ကိုယ်တိုင် ၂၀၁၇ မှာ ဖြစ်နိုင်ခြေလေ့လာမှုလုပ်ခဲ့တာရှိပါတယ်။ “ဝဥ” က အဆင်ပြေလို့ ကန်ပက်လက်၊ မင်းတပ်၊ မတူပီဘက်မှာ အားပေးခဲ့တယ်။ အောင်လည်း အောင်မြင်တယ်။ ကော်ဖီကိုတော့ တီးတိန်၊ တွန်းဇန်မှာ ချင်းတောင်ကော်ဖီဆိုပြီး ကျွန်တော်တို့အားပေးခဲ့တယ်။ အောင်မြင်မှုတွေလည်း ရတယ်။ နွားနောက်ကတော့ အစဥ်အဆက် ပြောလာတာပဲ။ သူက ခုမှ သိတာဖြစ်မှာပေ့ါ။ မသိသူတွေကို ဂျင်းထည့်တာ” ဟု ချင်းပြည်နယ်ဝန်ကြီးဟောင်း ဆလိုင်း အိုက်ဇက်ခင်က မဇ္ဈိမကို ပြောသည်။

ယခုကဲ့သို့ စစ်ကောင်စီခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ပြောဆိုမှုအပေါ် အယုံအကြည်မရှိကြောင်း နှင့် တီထွင်ကြံဆမှုမရှိဘဲ ခေတ်နောက်ပြန်ဆွဲနေခြင်း ဖြစ်သည်ဟု CDM ဝင်ထားသည့် ချင်းပြည်နယ် ဒေသခံကျောင်းဆရာ တစ်ဦးက ဆိုသည်။

“အရင်ခေတ်က ကျောင်းတွေမှာ ကော်ဖီပင်တွေ စိုက်ကြတယ် ။ ကလေးတွေကို အပင်စိုက်ဖို့ ပင်ပင်ပန်းပန်း ကျင်းတူးခိုင်းတယ် ။အရင်ခေတ်လိုပါပဲ သုံးစားမရတဲ့ အပင်တွေ ။ဥပမာ အနေနဲ့ ကြက်ဆူပင်၊ ကော်ဖီပင်ကို အဓိကထားပြီး စိုက်ခိုင်းဦးမယ်။ နွားနောက်တွေကနေ နွားနို့ သောက်ရက ဝေးသေးတယ် ။ ချင်းပြည်နယ်မှာ နွားနောက်ရဲ့နို့ရည် သောက်တဲ့သူ ရှားမှရှား။ နိုင်ငံရေးအခြေနေအရ ပြောမယ်ဆိုရင် မအလ ရဲ့ အတွေးထဲမှာ ဘာကိုမှ တီထွင်ကြံဆမှုမရှိဘဲ အရင်တိုင်းပဲ အချိန်တွေ ကုန်စေချင်တဲ့ သဘော ရောက်နေတယ်” ဟု ချင်းပြည်နယ် ဒေသခံကျောင်းဆရာ က ပြောသည်။

စစ်ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တိုင်းနှင့်ပြည်နယ်အားလုံး၌ စက်မှုဇုန်များတည်ထောင်ရန် ညွှန်ကြားထားပြီး ချင်းပြည်နယ်က အကြွေးကျန်နေသည် ဟုဆိုသည်။

ချင်းပြည်နယ်တွင် စစ်တပ် အာဏာသိမ်းပြီးကတည်းက တိုက်ပွဲများ ဆက်တိုက် ဖြစ်ပွားနေပြီး ထန်တလန်မြို့နယ်အပါအဝင် တခြားမြို့နယ်နှင့် ကျေးရွာများမှ ဒေသခံပြည်သူများမှာ စစ်ဘေးတိမ်းရှောင်နေကြရသည်။ ယခုကဲ့သို့ စစ်ခေါင်းဆောင် ပြောသည့် စက်မှုဇုန်တည်ထောင်မည့် ကိစ္စသည် အောင်မြင်နိုင်မည် ကိစ္စ မဟုတ်ဟု ချင်းပြည်နယ်ရှိ ဒေသခံများက သုံးသပ် ပြောကြားသည်။

https://mizzimaburmese.com/article/116261

-----------------------------------------------------------------------------------------

## ငွေကြေးခဝါချမှု အမည်ပျက်စာရင်းမဝင်ရေး စစ်ကောင်စီ ကြိုးပမ်းနေ

By ဧရာဝတီ | 29 September 2022

မြန်မာနိုင်ငံ အနေဖြင့် စစ်အာဏာသိမ်းပြီးနောက် နိုင်ငံရေးမတည်ငြိမ်မှုနှင့် စီးပွားရေးကျဆင်းမှုများကြား ငွေကြေးခဝါချမှု နှင့် အကြမ်းဖက်မှုများအား ငွေကြေးထောက်ပံ့မှုတို့ကို တိုက်ဖျက်ရန် ပျက်ကွက်သည် ဟုဆိုကာ ကမ္ဘာ့ဘဏ္ဍာရေးစောင့် ကြည့်အဖွဲ့ (FATF) က အမည်ပျက်စာရင်းသွင်းဖွယ် ရှိနေသည်။

ကမ္ဘာ့စီးပွားရေး ခုနစ်နိုင်ငံအုပ်စု G-7 မှ တည်ထောင်ထားသည့် ပါ ပူးပေါင်းဆောင်ရွက်ထားသည့် Financial Action Task Force-FATF မှ အဖွဲ့ဝင်များက မြန်မာနိုင်ငံကို အမည်ပျက်စာရင်း သွင်းမသွင်းကိစ္စနှင့် ပတ်သက်ပြီး လာမည့် အောက်တိုဘာလ၌ ပြင်သစ်နိုင်ငံ၊ ပါရီမြို့တွင် ကျင်းပမည့် အစည်းအဝေးအတွင်း ဆုံးဖြတ်ချက် ချနိုင် ကြောင်း သိရသည်။

ထို့ကြောင့် စစ်ကောင်စီ လက်အောက်ခံ ဗဟိုဘဏ်နှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့က အမည်ပျက်စာရင်း မသွင်းခံရရေးနှင့် စောင့်ကြည့်နိုင်ငံစာရင်းထဲမှ လွတ်မြောက်ရေးတို့ အတွက် ပြင်ဆင်ဆောင်ရွက်မှုများ လုပ်ဆောင်လာလျက် ရှိသည်။

စစ်ကောင်စီ ဗဟိုဘဏ်က FATF ၏ အကြံပြုချက်ပါ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက် ရေးဆိုင်ရာ (AML/CFT) စံသတ်မှတ်ချက်များအား လိုက်နာမှုရှိမရှိနှင့် ပတ်သက်ပြီး ပြည်တွင်းပုဂ္ဂလိက ဘဏ် ၉ ခုကို ယခုလအတွင်း စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း စစ်ကောင်စီဝါဒဖြန့် သတင်းစာများတွင် စက်တင်ဘာ ၂၆ ရက်၌ ဖော်ပြလာသည်။ သို့သော် အဆိုပါ ပုဂ္ဂလိကဘဏ်များ၏ အမည်ကိုမူ ထုတ်ဖော် ပြောကြားထားခြင်း မရှိပေ။

ထို့နောက် မိုဘိုင်းလ်ငွေပေးချေမှုများအပေါ်ကိုလည်း တင်းကျပ်မှုများ ပြုလုပ်လာပြီး အကောင့်ဖွင့်ထားသူများသည် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့် သုံးစွဲသူများ၏ အချက်အလက်များကို အတိအကျ ဖြည့်သွင်းပြင်ဆင်ရန် ညွှန်ကြားခဲ့သလို အချက်အလက် မပြည့်စုံသော အကောင့်များကိုလည်း ပိတ်သိမ်းသွားမည် ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။ ထို့ပြင် ပြည်ပ ငွေလွှဲကုမ္ပဏီများကိုလည်း ဗဟိုဘဏ်က ထပ်မံစစ်ဆေးမှုများ ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

ထိုသို့ လုပ်ဆောင်နေသော်လည်း စစ်ကောင်စီ ကိုယ်နှိုက်က နိုင်ငံတော်ဘဏ္ဍာ စီမံခန့်ခွဲမှုအပိုင်းတွင် ပွင့်လင်းမြင်သာမှု မရှိခြင်းနှင့် ငွေကြေးခဝါချမှုကို ထိထိရောက်ရောက် တားဆီးရန် စိတ်ဆန္ဒပြင်းပြမှု မရှိခြင်းများကြောင့် FATF အဖွဲ့ဝင် မြန်မာနိုင်ငံ အနေဖြင့် အမည်ပျက်စာရင်း သွင်းခံရနိုင်ခြေ များနေကြောင်း မြန်မာ့စီးပွားရေး လေ့လာသုံးသပ်သူများက ဧရာဝတီသို့ ပြောသည်။

စီးပွားရေး လေ့လာသုံးသပ်သူ တဦးကလည်း "ပြည်ထဲရေးအောက်က ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ (MFIU) က လုပ်ငန်းစဉ်တွေကို သေချာ အစီအရင်မခံနိုင်တဲ့ အခြေအနေတွေ မြင်တွေ့နေရတယ်။ ပြီးတော့ အခု စစ်ကောင်စီ အနေနဲ့က FATF ရဲ့ မြန်မာနိုင်ငံကို လိုက်နာဆောင်ရွက်ခိုင်းထားတဲ့ စံသတ်မှတ်ချက် (AML/CFT) ကို သေချာသဘောမပေါက်တဲ့ အနေအထား ရှိတယ်" ဟု ဆိုသည်။

FATF ၏ ၂၀၁၈ အစီအရင်ခံစာအရ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေး ထောက်ပံ့မှုများ တိုက်ဖျက်ရေး မြန်မာနိုင်ငံ၏ စွမ်းဆောင်ရည်တွင် "မဟာဗျူဟာ ချို့တဲ့မှုများ" ကြောင့် မီးခိုးရောင်အဆင့် စောင့်ကြည့်နိုင်ငံစာရင်း (Grey List) အဖြစ် ထည့်သွင်းခံခဲ့ရသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) အရပ်သား အစိုးရက FATF ၏ စောင့်ကြည့်နိုင်ငံစာရင်းမှ လွတ်မြောက်ရန်အတွက် ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်ရန် ကြိုးပမ်းခဲ့သော်လည်း မြန်မာစစ်တပ်၏ ထိန်းချုပ်မှုအောက်ရှိ ပြည်ထဲရေးဝန်ကြီးဌာန၏ မြန်မာနိုင်ငံငွေကြေးစုံစမ်းထောက်လှမ်းရေးအဖွဲ့ (MFIU) က မူဝါဒကို အကောင်အထည်ဖော်ရန် လိုက်မလုပ်ခဲ့သည့်အတွက် တိုးတက်သင့်သလောက် မတိုးတက်ခဲ့ပေ။

NLD အစိုးရလက်ထက် ၂၀၁၈ ခုနှစ်က မြန်မာနိုင်ငံ အနေဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရာတွင် လိုက်နာမှုအားကောင်းစေရန် လုပ်ငန်းစဉ် (၉၉) ချက် လုပ်ရန် လိုအပ်ကြောင်း ဖော်ထုတ်ခံခဲ့ရပြီး NLD အစိုးရက ဥပဒေပိုင်းဆိုင်ရာ အားနည်းချက်တချို့ကို ပြင်ဆင်ကျော်လွှားနိုင်ခဲ့ကာ လုပ်ငန်းစဉ် ၈ ချက်ကိုသာ အကောင်အထည်ဖော်ရန် ကျန်ရှိခဲ့သည်။

အဆိုပါ လုပ်ငန်းစဉ် ၈ ချက်ကိုလည်း ၁၅ လအတွင်း အကောင်အထည်ဖော်သွားရန်အတွက် ဦးဆောင်ကော်မတီတခု ဖွဲ့စည်း လုပ်ဆောင်သွားမည် ဖြစ်ကြောင်း NLD အစိုးရ သမ္မတရုံးက ၂၀၂၀ ဖေဖော်ဝါရီ လကုန်ပိုင်းတွင် ထုတ်ပြန်ခဲ့သည်။

ထို့ပြင် ယခင်က အိမ်ခြံမြေ၊ တိုက်ခန်း၊ ကွန်ဒိုများ ရောင်းဝယ်ရာတွင် ကျပ်သိန်း ၁ ထောင်အထက် ရောင်းဝယ်မှုများကိုသာ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ထံ သတင်းပေးပို့ရန် သတ်မှတ်ထားသော်လည်း ၂၀၂၀ ဇန်နဝါရီလကုန်ပိုင်းမှ စတင်ကာ ရွှေနှင့်ကျောက်မျက်ရတနာများ အမေရိကန် ဒေါ်လာ ၁၅၀၀၀ (ကျပ်သိန်း ၂၀၀ ခန့်) ကျော် သံသယဖြစ်ဖွယ် အရောင်းအဝယ်များကိုပါ သတင်းပို့ရတော့မည် ဖြစ်ကြောင်း NLD အစိုးရက ညွှန်ကြားခဲ့သည်။

လက်ရှိ နိုင်ငံရေးမတည်ငြိမ်မှုနှင့် တရားဥပဒေစိုးမိုးရေး ပျက်ယွင်းမှု အခြေအနေများကြောင့် ယင်းလုပ်ငန်းစဉ်များ မည်မျှ ဆက်လက် အကောင်အထည် ဖော်နိုင်သေးသည်ကို လေ့လာစောင့်ကြည့်နိုင်မှုများ အလွန်အားနည်းသွားပြီ ဖြစ်ကြောင်း အထက်ပါ စီးပွားရေးပညာရှင်က ဧရာဝတီသို့ ပြောသည်။

ဆက်လက်၍ ၎င်းက "အဲဒီတုန်းက အဓိကက ဟွန်ဒီကိစ္စကို ထောက်ပြခဲ့ကြတာပေ့ါ။ အဲဒါကြောင့်ပဲ ပြည်ပ ငွေလွှဲကုမ္ပဏီ တွေကို ဗဟိုဘဏ်က ခွင့်ပြုပြီး တရားဝင်ဖြစ်အောင် ဆွဲတင်ခဲ့တာ။ ဒါပေမဲ့ အခု စစ်အာဏာသိမ်းပြီးနောက်မှာ ဘဏ်တွေ အပေါ် လူထုက ယုံကြည်မှုလျော့ကျသွားတော့ ဟွန်ဒီစနစ်ကို အရင်ကထက်တောင် ပိုသုံးလာတဲ့ အခြေအနေ ရှိတယ်" ဟု ဆိုသည်။

၂၀၁၉ တွင် ထုတ်ပြန်ခဲ့သည့် အမျိုးသားအဆင့် ဆုံးရှုံးမှုအန္တရာယ် အကဲဖြတ်ရေးလုပ်ငန်းစဉ် (National Risk Assessment-NRA) ရလဒ်အရ မူးယစ်ဆေးဝါး မှုခင်းများ အပါအဝင် အဂတိနှင့် လာဘ်ပေးလာဘ်ယူမှု၊ သစ်နှင့်ကျောက်မျက်ရတနာများ တရားမဝင် ရောင်းဝယ်မှုနှင့် အခွန်တိမ်းရှောင်မှုများသည် မြန်မာနိုင်ငံတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုတို့၏ အဓိက လုပ်ရပ်များ ဖြစ်သည်။

အမည်ပျက်စာရင်းသွင်းခံရပါက ဘဏ်ငွေစာရင်းတခုဖွင့်ရန် သို့မဟုတ် ဆက်လက်ထိန်းသိမ်းထားရန် သို့မဟုတ် နိုင်ငံတကာဘဏ္ဍာရေးဝန်ဆောင်မှုများ ရယူရန် ခက်ခဲမည်ဖြစ်သည်။ ဘဏ်များနှင့် ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်း အများစုသည် FATF အမည်ပျက်စာရင်းဝင် နိုင်ငံတနိုင်ငံအတွက် လိုအပ်သည့် စည်းကမ်းချက်များ လျှော့ထားကာ အလုပ်လုပ်မည့်အစား မြန်မာနှင့်ပတ်သက်သည့် ဘဏ်စာရင်းများဖွင့်ရန် ရှောင်ရှားလာနိုင်သည်။

နိုင်ငံ၏ ယုံကြည်စိတ်ချရမှုနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရန် ကြိုးပမ်းမှုများကို အကြီးအကျယ် ထိခိုက်ပျက်ဆီးစေမည်ဖြစ်သည်။

https://burma.irrawaddy.com/business/2022/09/29/254944.html

---------------------------------------------------------------------------------

## မြန်မာစစ်တပ်အပေါ် လက်နက်ပိတ်ပင်မှု ပိုမိုထိရောက်ရေး ကန်စဉ်းစား

၂၉ စက်တင်ဘာ၊ ၂၀၂၂ | ဗွီအိုအေ (မြန်မာပိုင်း)

မြန်မာစစ်တပ်အတွက် လက်နက်အရောင်းအဝယ် ပိတ်ပင်ရေးကို ပိုမိုထိရောက်အောင် လုပ်ဆောင်ဖို့ စဉ်းစားနေတယ်လို့ အမေရိကန် နိုင်ငံခြားရေးဌာနရဲ့ ဒဏ်ခတ်အရေးယူမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဌာန အကြီးအကဲ James O'Brien က ဗုဒ္ဓဟူးနေ့ အထက်လွှတ်တော် နိုင်ငံခြား ဆက်ဆံရေးကော်မတီရှေ့မှောက် ကြားနာပွဲမှာ ပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ စစ်တပ်က အာဏာသိမ်းပြီး အကြမ်းဖက်ဖြိုခွဲမှုတွေ လုပ်ဆောင်လာတာ
တနှစ်ခွဲကျော်ကြာလာပြီဖြစ်ပြီး
စစ်ကောင်စီက လက်နက်တွေ ဝယ်နေတဲ့ အမေရိကန်ဒေါ်လာတွေ ထပ်မရနိုင်အောင် နည်းမျိုးစုံနဲ့ တားဆီးပေးဖို့

တက်ကြွလှုပ်ရှားသူတွေက အမေရိကန်အစိုးရကို တောင်းဆိုနေကြသလို အမေရိကန် လွှတ်တော်အမတ်တွေကလည်း ပါဝင်တောင်းဆိုနေကြတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအပေါ် ကမ္ဘာလုံးဆိုင်ရာ လက်နက်ရောင်းဝယ်မှု တားမြစ်ချက်ကို ထုတ်ပြန်ဖို့ ကုလသမဂ္ဂ လုံခြုံရေးကောင်စီကို ကမ္ဘာတလွှား အဖွဲ့အစည်းပေါင်း ၂၀၀ ကျော်က မေလထဲမှာ တောင်းဆိုခဲ့ကြသလို မြန်မာစစ်တပ်ကို လက်နက်၊ ခဲယမ်းမီးကျောက်နဲ့ တခြား စစ်လက်နက် ပစ္စည်းတွေ ရောင်းချတာ၊ လွှဲပြောင်း ပေးအပ်တာနဲ့ နည်းပညာဆိုင်ရာ ပူးပေါင်း ဆောင်ရွက်တာ၊ ထောက်ပံ့တာတွေ မလုပ်ဘဲ ဆက်လက် ပိတ်ပင် တားမြစ်ဖို့ သန္နိဋ္ဌာန် ချမှတ်ကြောင်း G 7 စက်မှု ထိပ်သီး ၇ နိုင်ငံ က နိုင်ငံခြားရေးဝန်ကြီးတွေရဲ့ မေလ အစည်းဝေးကလည်း ပူးတွဲ ကြေညာချက် ထုတ်ပြန်ခဲ့တာပါ။

https://burmese.voanews.com/a/us-has-considered-reinforcing-arms-embargoes-against-myanmar-military-state-dept-official/6767724.html

---------------------------------------------------------------------------------

## ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် UWSA၊ NDAA၊ SSPP အဖွဲ့တို့ တတိယနေ့ တွေ့ဆုံဆွေးနွေး

PUBLISHED 29 SEPTEMBER 2022

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့နှင့် ‘ဝ’ ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSA)၊ အမျိုးသားဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ (NDAA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့၏ တတိယနေ့ တွေ့ဆုံဆွေးနွေး ပွဲကို ၂၉ ရက်က နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာနအစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင်များဖြစ်သည့် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေး နှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ အမျိုးသားစည်းလုံးညီညွတ်ရေး နှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီအဖွဲ့ဝင်များဖြစ်သည့် ဒုတိယဗိုလ် ချုပ်ကြီးမင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းနှင့် ‘ဝ’ ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSA) ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု၊ နိုင်ငံရေးဌာနကြီးမှူး ဦးအိုက်နပ်လိုင်း၊ အမျိုးသားဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ (NDAA) ဒုတိယဥက္ကဋ္ဌ ဦးစန်းပေ့၊ အထွေထွေအတွင်းရေးမှူး ဦးကြည်မြင့်၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ဒုတိယဥက္ကဋ္ဌ (၂) စပ်ခွန်ဆိုင်၊ အတွင်းရေးမှူး (၂) စဝ်စိုင်းဆုတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

တတိယနေ့ တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံများမှ ရရှိထားသော ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၁)၊ (၂) နှင့် (၃) ပါ သဘောတူညီချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်က အသေးစိတ်ရှင်းလင်းခဲ့ကြောင်း သိရသည်။

ထို့နောက် တက်ရောက်ကြသူများမှ မိမိတို့၏ သဘောထားများကိုအပြန်အလှန် ဆွေးနွေးညှိနှိုင်းကြပြီး တွေ့ဆုံဆွေးနွေးပွဲ တတိယနေ့ကိုရပ်နားခဲ့ကြောင်းနှင့် စတုတ္ထနေ့ ဆွေးနွေးပွဲကို စက်တင်ဘာ ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

https://news-eleven.com/article/238110

-----------------------------------------------------------------------------------------

## စစ်ကောင်စီ နိုင်ငံရေးရပ်တည်ချက်အပေါ် အကဲခတ်တွေအမြင်

၂၉ စက်တင်ဘာ၊ ၂၀၂၂ | နန်းလောင်ဝ်

တိုင်းရင်းသားလူမျိုးစုတွေအတွက် ဖက်ဒရယ်အခွင့်အရေးပေးအပ်ရာမှာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ အခွင့်အရေးသာ ပေးအပ်မှာ ဖြစ်ကြောင်းနဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေးမှာလည်း လွှတ်တော်လမ်းကြောင်းကသာ ပြင်ဆင်နိုင်မှာဖြစ်ကြောင်း စစ်ကောင်စီအကြီးအကဲက ပြောဆိုထားပါတယ်။ တဆက်တည်းမှာပဲ ငြိမ်းချမ်းရေးနဲ့ပတ်သက်ရင် ၂၀၀၈ ဖွဲ့စည်းပုံနဲ့ NCA အပစ်ရပ်စာချုပ်ကို ပစ်ပယ်မရကြောင်းလည်း ပြောဆိုပါတယ်။ တိုင်းရင်းသားခေါင်းဆောင်တချို့ကတော့ ဖက်ဒရယ် စံသတ်မှတ်ချက်တွေနဲ့ ပြည့်မီဖို့လိုတယ်လို့ သုံးသပ်ပါတယ်။ ဖက်ဒရယ်စနစ်နဲ့ ပတ်သက်လို့ စစ်ကောင်စီ အကြီးအကဲရဲ့ ပြောဆိုချက်ပေါ် တုံ့ပြန်သုံးသပ်ချက်တွေကို ရန်ကုန်က သတင်းပေးပို့လာပါတယ်။ နန်းလောဝ် တင်ပြပါလိမ့်မယ်။

တပ်မတော်အနေနဲ့ ပါတီစုံ ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနိုင်အောင် ဆောင်ရွက် နေပြီး ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို တည်ဆောက်နေကြောင်း အင်္ဂါနေ့က နေပြည်တော်မှာ ကျင်းပတဲ့ စစ်ကောင်စီ အစည်းအဝေး ၈/၂၀၂၂ မှာ စစ်ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောဆိုခဲ့တာပါ။ ဖက်ဒရယ် အခွင့်အရေး ပေးအပ်ရာမှာလည်း ဖြစ်သင့်ဖြစ်ထိုက်တဲ့ ဖက်ဒရယ်အခွင့်အရေးကိုသာ ပေးအပ်မှာဖြစ်ကြောင်း ပြောဆိုထားပါတယ်။ NCA လက်မှတ်ထိုး လက်နက်ကိုင်အဖွဲ့တွေရဲ့ PPST ခေါ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ဝင် ဗိုလ်မှူးကြီး ခွန်ဥက္ကာကတော့ သူ့အမြင်ကို အခုလို ပြောပါတယ်။

“ ဖြစ်သင့်ဖြစ်ထိုက်တဲ့ ဖက်ဒရယ်ဆိုတာတော့ ဘာကို ပြောမှန်းတော့ မသိဘူးပေါ့။ မြန်မာ့နည်း မြန်မာ့ဟန် ဖက်ဒရယ်လား။ ဒါမှမဟုတ် ၂၀၀၈ကနေ ခွင့်ပြုလို့ရတဲ့ ဖက်ဒရယ်လားတော့ မသိဘူးပေါ့။ ဒါပေမဲ့ ဘယ်လိုပဲ ပြောပြော မူလမှာတော့ ဖက်ဒရယ် စံချိန် စံညွှန်းတွေတော့ ရှိပါတယ်။ အဲဒီ စံချိန်စံညွှန်းတွေတော့ ပြည့်မီဖို့ လိုတာပေါ့။ ပေးအပ်တယ်ဆိုတာက ဘာကို ညွှန်းသလဲ။ ဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့အညီပေးအပ်တာလား။ သို့တည်းမဟုတ် အုပ်ချုပ်တဲ့လူက ပေးတာလား။ ဒါတော့ မရှင်းဘူးပေါ့။ တကယ့် ဖက်ဒရယ်မှာတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေကနေ ပေးအပ်ရတာပဲလေ။ ဒါကြောင့် ဖွဲ့စည်းပုံ အခြေခံဥပဒေကိုပဲ မဏ္ဍိုင်ထားရမယ့် သဘောတော့ ရှိပါတယ်။ ”

နိုင်ငံရေး သုံးသပ်သူ ဦးရဲထွန်းကတော့ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေဟာ ဖက်ဒရယ်စနစ်ကို အခြေခံထားတယ်လို့ လက်ရှိ စစ်ခေါင်းဆောင်တွေအနေနဲ့ ယူဆထားတဲ့အကြောင်း သုံးသပ်ပါတယ်။ ဖွဲ့စည်းပုံပါ ပုဒ်မတွေကို ပြင်ဆင်ပြီး တိုင်းရင်းသားတွေ လိုလားတဲ့ ဖက်ဒရယ်စနစ်ကို တည်ဆောက်နိုင်မယ်လို့ ယူဆထားနေတယ်လို့ မြင်ကြောင်း ပြောပါတယ်။

“ ဖက်ဒရယ်နဲ့ ညီတဲ့ဟာဆိုတာက ကွန်ဖက်ဒရေးရှင်းဘက် ဆန်တဲ့ဟာမျိုးကိုတော့ ခွင့်မပြုနိုင်ဘူး။ ဒါမှ မဟုတ်ရင်လည်း အဲဒါကိုတော့ ပြင်လို့ ရမှာမဟုတ်ဘူးဆိုတဲ့သဘော။ ကွန်ဖက်ဒရေးရှင်းဆန်တဲ့ တောင်းဆိုချက်တွေ၊ အခွင့်အရေးတွေပေါ့နော်။”

ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေးကို လွှတ်တော်လမ်းကြောင်းကသာ ပြင်ဆင်နိုင်မယ်၊ အခြားလမ်းကြောင်းက ဆောင်ရွက်မရကြောင်း ဆိုတဲ့အပေါ်မှာတော့ ဗိုလ်မှူးကြီးခွန်ဥက္ကာက သူ့အမြင်ကို အခုလို ပြောထားပါတယ်။

“ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်တာ ၂ ဆင့်ရှိတယ်။ တစ်ဆင့်ကတော့ ပြင်ခွင့်ရှိတဲ့ အစုအဖွဲ့တွေက ပြင်တာပေါ့။ အဲဒီ ဥပဒေကို နားလည်တဲ့သူတွေက ဥပဒေကို ပြင်ပြီးတော့ ပြင်ဆင်ချက်တွေကို လွှတ်တော်က အတည်ပြုပေးတဲ့အခါမှာ ဥပဒေဖြစ်သွားတာပေါ့ဗျာ။ ပါဝင်သင့်ပါဝင်ထိုက်တဲ့သူတွေ၊ လက်ရှိအာဏာပိုင်တွေ၊ EAO တွေ၊ နိုင်ငံရေး ပါတီတွေက ပြင်ခွင့်ရှိပါတယ်။ အားလုံး တိုင်တိုင်ပင်ပင်နဲ့ ပြင်ပြီးတော့ အတည်ပြုတာကတော့ လွှတ်တော်က အတည်ပြုပေးတယ်ဆို သဘာဝကျပါတယ်။ ”

တဆက်တည်းမှာပဲ ငြိမ်းချမ်းရေးနဲ့ ပတ်သက်ရင် ၂၀၀၈ ဖွဲ့စည်းပုံနဲ့ NCA အပစ်ရပ်စာချုပ်ကို ပစ်ပယ်မရကြောင်း ပြောဆိုမှုအပေါ် ဗိုလ်မှူးကြီး ခွန်ဥက္ကာက အခုလို ဆက်လက် ပြောပါတယ်။

“ အခု NCA မှာ လက်မှတ် မထိုးတဲ့ ဝ၊ မိုင်းလား၊ SSPP က နိုင်ငံရေးဆွေးနွေးပွဲမှာ ပါလာနိုင်တယ်ဆိုတာက ဒါ NCA အဓိက မဟုတ်ဘူးဆိုတာ ပြတာပဲ။ တချိန်တည်းမှာပဲ ၂၀၀၈ ကိုပဲ ဗဟိုပြုပြီးတော့ ဆွေးနွေးရမယ်ဆိုရင်လည်း ၂၀၀၈ကို လက်မခံဘူး၊ မသက်ဆိုင်ဘူးလို့ ပြောထားတဲ့ EAO တွေလည်း အများကြီးပဲ။ အဲဒီ EAO တွေလည်း ဆွေးနွေးပွဲ ရောက်နေကြတာပဲ။ ဒါကြောင့် NCA လည်း မလွှတ်ဘူး။ ၂၀၀၈ လည်း လွှတ်လို့ မရဘူးဆိုတာက လက်ရှိ စစ်ကောင်စီဘက်က အမြင်ဖြစ်တာပေါ့။”

နိုင်ငံရေး လေ့လာသုံးသပ်သူ ဦးရဲထွန်းကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေ အားလုံးဟာ ၂၀၂၃ မှာ ကျင်းပမယ့် ရွေးကောက်ပွဲ အပေါ်မှာ အဓိက မူတည်နေကြောင်း သုံးသပ်ထားပါတယ်။

“ ဒီရွေးကောက်ပွဲက အားလုံးက ပါဝင်တဲ့၊ ပြည်သူလူထုက အသိအမှတ်ပြုပြီးတော့ မဲလာပေးတဲ့ ရွေးကောက်ပွဲ ဟုတ်၊ မဟုတ်ဆိုတာက အဓိက ကျတာပေါ့။ လာမယ့် ရွေးကောက်ပွဲမှာ ပြည်သူလူထုက အင်တိုက်အားတိုက်နဲ့ အသိအမှတ်ပြုပြီး မဲလာပေးပြီးတော့ ဖြစ်လာတဲ့ အစိုးရမျိုးဆိုရင် တဖြည်းဖြည်းချင်း ဘာပဲဖြစ်ဖြစ် NCA လမ်းကြောင်းအတိုင်း ဆက်ချီတက်သွားရင် အဆင်ပြေသွားနိုင်တာပေါ့။ ရွေးကောက်ပွဲနဲ့ ပြည်သူလူထု အသိအမှတ်ပြုမှု ဆက်စပ်နေတာပေါ့ဗျာ။”

စစ်ကောင်စီ စီစဉ်ကျင်းပတဲ့ ရွေးကောက်ပွဲရလဒ်အရ ထွက်ပေါ်လာတဲ့ အစိုးရဟာ ပြည်သူ့ထောက်ခံမှု သိပ်မရတဲ့ အစိုးရဖြစ်မယ်ဆိုရင် နိုင်ငံရေးအရ အားနည်းချက်တွေရှိပြီး ဖွဲ့စည်းပုံ ပြင်ဆင်ရေးကိစ္စ၊ ငြိမ်းချမ်းရေးကိစ္စတွေ ကြန့်ကြာနေမှာဖြစ်တယ်လို့ ဦးရဲထွန်းက သုံးသပ်ပါတယ်။

လောလောဆယ်မှာတော့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၈ ဖွဲ့ဟာ မြန်မာစစ်တပ်နဲ့ တိုက်ပွဲတွေ ဖြစ်ပွားနေသလို ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ NCA အပစ်ရပ်စာချုပ် ပျက်ပြယ်ပြီလို့ ပြောဆိုနေတဲ့ အဖွဲ့အစည်းတချို့လည်း ရှိနေပါတယ်။ တချိန်တည်းမှာ ရွေးကောက်ပွဲ ရလဒ်ကို အသိအမှတ်မပြုဖို့ တောင်းဆိုနေတာတွေလည်း ရှိနေပါတယ်။ တချိန်တည်းမှာ မြန်မာပြည် အလယ်ပိုင်းအပါအဝင် နေရာတချို့က စစ်တပ်ကို ဆန့်ကျင်တဲ့ လက်နက်ကိုင်တိုက်ပွဲတွေနဲ့ လုံခြုံရေးခြေအနေတွေကလည်း ရွေးကောက်ပွဲ စီစဉ်ထားသလို ကျင်းပဖို့အတွက် အခက်အခဲဖြစ်တယ်ဆိုပြီး သုံးသပ်တာတွေလည်း ရှိနေပါတယ်။

https://burmese.voanews.com/a/myanmar-military-holds-talks-with-ethnic-armed-groups-/6767427.html

-------------------------------------------------------------------------------------------

## မြန်မာနယ်စပ် ထိုင်းနိုင်ငံ ချိုင်းပကန်းတွင် စိတ်ကြွဆေး ၄ သိန်းကျော်ဖမ်းမိ

Published By DVB | 29 September, 2022




ထိုင်းမြောက်ပိုင်း ချင်းမိုင်ခရိုင် ချိုင်းပကန်းမြို့နယ်ထဲမှာ စိတ်ကြွဆေးပြားပေါင်း ၄ သိန်းကျော် ဖမ်းဆီးရမိတယ်လို့ မယ်ဆိုင်ဒေသသတင်းမှာ ဖော်ပြပါတယ်။

စက်တင်ဘာ ၂၈ ရက် မနက် ၁၀ နာရီလောက်က နယ်မြေခံရဲ၊ မူးယစ်ဆေးဝါးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ နယ်စပ်လုံခြုံရေးတပ်ဖွဲ့ဝင်တွေပါတဲ့ ပူးပေါင်းအဖွဲ့ဟာ ချိုင်းပကန်းမြို့နယ် ဆီဒုန်းရင်အုပ်စု ဖာဟုန်စစ်ဆေးရေးဂိတ်မှာ တာဝန်ထမ်းဆောင်စဉ် အဖြူရောင်အိမ်စီးကား ၁ စီးပေါ်ကနေ စိတ်ကြွဆေးတွေ ဖမ်းမိတာလို့ ဆိုပါတယ်။

စစ်ဆေးချက်အရ ကားနောက်ခန်းဆိုဖာအောက်မှာ ဝှက်လာတဲ့ စိတ်ကြွဆေး ၂၃၀,၀၀၀ ကို အရင်ဖမ်းမိပြီး ဆက်လက်စစ်ဆေးရှာဖွေရာမှာ ရှေ့နောက် တံခါးရွက် ၄ ခုထဲ ဝှက်ထားတဲ့ စိတ်ကြွဆေး  နောက်ထပ်  ၂၁၀,၀၀၀ နဲ့ စုစုပေါင်း ၄၄၀,၀၀၀ (လေးသိန်းလေးသောင်း) ကို ဖမ်းမိတာပါ။

ယာဥ်မောင်းဖြစ်သူမှာ အသက် ၃၆ နှစ်ရွယ် ခွန်ကဲန်ဇာတိ ထိုင်းအမျိုးသားဖြစ်ပြီး ဘေးမှာ အသက် ၃၁ နှစ်ရွယ် မိန်းကလေး ၁ ဦး လိုက်ပါလာပါတယ်။

ယာဥ်မောင်းက သူဟာ အဆိုပါစိတ်ကြွဆေးတွေကို အခကြေးငွေ ဘတ် ၁ သိန်းနဲ့ အငှားသယ်ဆောင်ပေးခြင်းသာဖြစ်ပြီး ဖန်မြို့နယ်က သယ်လာတာလို့ ဖွင့်ဟဝန်ခံသွားပါတယ်။

ဖန်မြို့နယ်ဟာ မြန်မာနိုင်ငံ မိုင်းဆတ်ခရိုင် မိုင်းတုံမြို့နယ်နဲ့ မျက်နှာချင်းဆိုင်မှာရှိပြီး  တောင်တန်းတွေနဲ့ ခြားထားပါတယ်။

ပြီးခဲ့တဲ့ အပတ်က ရွှေတြိဂံနယ်မြေမှာ လာအိုမူးယစ်ရဲတပ်ဖွဲ့က ဖမ်းဆီးရမိတဲ့ စိတ်ကြွဆေး ၃၃ သန်း နဲ့ အိုက်စ်ဆေး ၅၀၀ ဂရမ်နဲ့ပတ်သက်ပြီး တရားခံ လာအိုနိုင်ငံသား မုန့် (မြောင်ဇီး)  အမျိုးသားအား စစ်ဆေးချက်အရ  မိုင်းဆတ်ခရိုင် နဲ့ တာချီလိတ်ခရိုင်ထဲက လာတာလို့ နောက် ဆက်တွဲ သိရှိရကြောင်း မယ်ဆိုင်ဒေသတွင်းသတင်းမှာ ဖော်ပြပါတယ်။

https://burmese.dvb.no/archives/556616

--------------------------------------------------------------------------------